www.burmeseclassic.com

ရွှေပဒေသာစာပေ

# မိုးစက်ပွင့်

## မုန်းကြိုးတစ်ပတ်ဖြေလျှော့ပါကွယ်

(အချစ်လုံးချင်းဝတ္ထုသစ်)



www.burmeseclassic.com

www.burmeseclassic.com


## ပုံနှိပ်မှတ်တမ်း

ပုံနှိပ်ထုတ်ဝေခြင်း - ပထမအကြိမ်၊ ၂၀၁၄၊ ဇွန်လ။

ထုတ်ဝေသူ - ဦးအေးလွင်(ဝ၄၁၅၂)
ရွှေဥစာပေတိုက်
အမှတ် (၃၃)၊ ကျီတော်လမ်း။
မင်္ဂလာတောင်ညွန့်မြို့နယ်၊
ရန်ကုန်မြို့။
မျက်နှာဖုံးနှင့် - ဦးအေးလွင် (ဝ၈၂၃၀)
အတွင်းပုံနှိပ်သူ ရွှေပဒေသာအော့ဖ်ဆက်
အမှတ် ၃၃၊ ကျီတော်လမ်း။
မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်။
ဖြန့်ဈေး - ၁၄၀၀ ကျပ်
အုပ်ရေ - ၅၀၀ အုပ်

၈၉၅.၈၃
မိုးစက်ပွင့်
မိုးကြိုးတစ်ပတ်ဖြေလျှော့ပါကွယ် / မိုးစက်ပွင့်။ -
ရန်ကုန်၊ ရွှေဥစာပေ၊ ၂၀၁၄။
၃၂၄ - စာ၊ ၁၂.၃ x ၁၈ စင်တီ။
(၁) မိုးကြိုးတစ်ပတ်ဖြေလျှော့ပါကွယ်


မိုးစက်ပွင့်

# မုန်းကြိုးတစ်ပတ်
# ဖြေလျှော့ပါကွယ်

www.burmeseclassic.com

www.burmeseclassic.com



## အခန်း ( ၁ )

"ဟင်"

နှုတ်မှ အာမေဋိတ်သံနှင့်အတူ ခြေလှမ်းတို့သည် ခဲဆွဲခြင်းခံလိုက်ရသလို လေးလံထိုင်းမှိုင်း...ကာ တုံ့ခနဲ ရပ်သွားလေ၏။ လူနာအရေးကြီးသည်၊ သွေးသွင်းရမည်ဟူ၍ အပြေးအလွှား ရောက်ရှိလာခဲ့သော သူမ၏ခြေလှမ်းတို့သည် . . .

လူနာ၏မျက်နှာကို မြင်လိုက်ရသည်နှင့် ချာခနဲ ကိုယ်ကိုလှည့်၍ ကျောခိုင်းပြီးသား ဖြစ်သွားသည်။ ခြေ



BURMESE CLASSIC
www.burmeseclassic.com

www.burmeseclassic.com



လူမ်းအတွေဟာ နောက်ကြောင်းပြန်ဖို့ ကြိုးစားနေပေမယ့် တော်၏ မတော်၏ သင့်၏ မသင့်၏ စဉ်းစားနေဆဲ . . .

"သွေးအလှူရှင် မတွေ့သေးဘူးလား"

"မတွေ့သေးဘူး ဒေါက်တာ"

ဆရာဝန်အားလုံး ပျာယာခတ်နေကြ၏။ သွေးက 'O' သွေး အမျိုးအစားပါ။ သွေးလှူရှင်က ချက်ချင်းကြီး မရှိတာမို့ ဆရာဝန်တစ်ယောက်၏ နူးညံ့သိမ်မွေ့ ကြင်နာသနားတတ်သောစိတ်တို့သည် သူမျက်နှာကို မြင်လိုက်ရသောခဏတွင် ရုတ်ခြင်းပျောက်ကွယ်၍ မျက်ဝန်းတွင် ဒေါသရိပ်တို့ လွှမ်းခြုံလာလေ၏။

သေပစေပေါ့ . . .

သူဘာပဲဖြစ်ဖြစ် သူမဘာကြောင့် ကူညီရမှာလဲ။ မကုဘူး။ သူ့ကိစ္စမှာ ဝင်မပါဘူး။

"ငြိမ်း ဘာရပ်လုပ်နေတာလဲ။ မြန်မြန်သွေးအလှူရှင်ရှာပေးပါ။ လူနာက အရမ်းအရေးကြီးနေတယ်"

ဆရာဝန်ကြီး၏ အမိန့်ပေးသံကြောင့် ငြိမ်းဆို





သော ဒေါက်တာ ခင်စောငြိမ်းမှာ လှုပ်လှုပ်ရှားရှား ဖြစ်သွားလေ၏။ ဘာပဲဖြစ်ဖြစ် သူမက ဆရာဝန်ပဲလေ။ ဆရာဝန်ဆိုတာ ရန်သူ၊ မိတ်ဆွေ မခွဲခြားဘဲ လူ့အသက်ကို ကယ်ရမည်။

သူ့ကို ဘယ်လောက်ပဲမုန်းမုန်း . . .

ဆရာဝန် စိတ်ဓာတ်ကတော့ရှိရမည်။ လူ့အသက်ကို ကယ်ရမည်။ ရန်ကြွေးနှင့် တာဝန်ဝတ္တရားကို ရောယှက်လို့ မဖြစ်ပါ။

"ကျွန်မသွေးကိုယူပါ ဒေါက်တာ"

သူမသည် အချိန်လွန်လျှင် အသက်အန္တရာယ်ရှိနေသည့်လူနာအတွက် သူမသွေးကို ပေးဆပ်ဖို့ ဆုံးဖြတ်လိုက်သည်။ သူမစကားကို ဆရာဝန်ကြီးက ခေါင်းညိတ်ပြရင်း သွေးသွင်းဖို့ စီစဉ်လေသည်။ ငြိမ်း ကိုယ်ခန္ဓာထဲမှ သွေးစက်နှင့် သူ့အသက်ကို ကယ်ရပြီ။ ရန်ကို ရန်ချင်း မတုံ့နှင်းရတဲ့။

ဒါပေမဲ့ . . .



www.burmeseclassic.com

www.burmeseclassic.com



ငြိမ်းရင်ထဲက နာကြည်းချက်တွေက ဓားထက်ထက်နှင့် အစိမ်းခွဲခံခဲ့ရသည့်နှယ်။ ယခုထိတိုင် နာကျင်နေဆဲ။ ငြိမ်းရဲ့သွေးတွေကို သူ့အတွက် ပေးဆပ်သည်လို့ သဘောမထားဘဲ သူ့ခန္ဓာကိုယ်ထဲက သွေးစက်တွေနဲ့ ငြိမ်းအသက်ကို တစ်ချိန်က ကယ်ခဲ့ဖူးတာကို ထောက်ထားပြီး ကျေးဇူးဆပ်တယ်ဆိုရင်လည်း မမှားပါဘူး။

ဒါမှမဟုတ် သူ့သွေးတွေကို ပြန်ပေးဆပ်သည်ဆိုရင်လည်း ရတာပဲလေ။





## အခန်း ( ၂ )

သူ့ဘဝတစ်ခုလုံးကို သေမင်းတမန်လက်ထဲ ထိုးအပ်ရတော့မည့်အချိန်မှာ သူ့မိသားစု သူဆက်လျှောက်ရမည့်ခရီးလမ်း သာယာဖြောင့်ဖြူးစေလိုသော ဆန္ဒတစ်ခုနှင့် သူ့မသွေးကိုပေးဆပ်၍ သူ့ဘဝကို ဆက်လက်ရှင်သန်စေခဲ့ပါသည်လေ။ သည်လိုလုပ်ခဲ့တာလည်း အဆုံးမသတ်နိုင်တဲ့ သံယောဇဉ်လက်ကျန်တွေကြောင့်မဟုတ်။ ဆရာဝန်ဆိုသော အသိစိတ်နှင့် လူတစ်ယောက်၏အသက်ကို တာဝန်သိစွာ ကယ်တင်လိုက်ခြင်းပင်။



BURMESE CLASSIC
www.burmeseclassic.com

www.burmeseclassic.com



"ကျွီ"

တံခါးဖွင့်သံနှင့်အတူ ခြေလှမ်းတို့သည် ဝရန်တာဆီသို့ ဦးတည်နေ၏။ လမ်းတစ်ဝက်အရောက်တွင် နောက်မှလိုက်လာသော ခြေသံတစ်ခုကို ကြားနေရသဖြင့် လှည့်ကြည့်လိုက်သည်။

"မမ ကော်ဖီသောက်တော့မလား။ နှင်းမြ အဆင်သင့်ပြင်ထားပြီးပါပြီ"

အိမ်ဖော်မလေး နှင်းမြ၏အမေးကို ခေါင်းခါပြရင်း

"သောက်ချင်စိတ် မရှိသေးပါဘူးကွယ်၊ ဗိုက်ဆာရင် မမ ဆင်းလာခဲ့မယ် ဟုတ်ပြီလား"

"ဟုတ်ကဲ့ မမ"

နှင်းမြ ရိုကျိုးစွာ ခေါင်းကလေးငုံ့၍ ငြိမ်းရှေ့မှ ထွက်သွားလေသည်။ ခုတော့လည်း ဒေါက်တာခင်စောငြိမ်းဆိုလျှင် အားလုံးက ရှိသေလေးစားစွာ ဆက်ဆံနေကြရပြီလေ။ ငြိမ်း ကိုယ့်အတွေးနှင့်ကိုယ် ပြုံးမိပါသည်။ နာကြည်းမှုတွေ ကြီးစိုးနေသော အပြုံးရယ်ပါ။





တစ်ချိန်တုန်းက မနက်မိုးလင်းတာနှင့် ထမင်းကြမ်းခဲကို ပဲပြုတ်နှင့်စားခဲ့ရသည့် နှင်းဝေငြိမ်း ဘဝတုန်းက လူတွေအားလုံး ငြိမ်းကို ဥပေက္ခာပြုထားခဲ့သည်လေ။ လူတွေရဲ့ သဘောတရားကို ငြိမ်း နားလည်ခဲ့ပါပြီလေ။

"ကလေး . . . ကော်ဖီမသောက်သေးဘူးဆို ဘာဖြစ်လို့လဲ၊ နေမကောင်းဘူးလား"

ငြိမ်း အတွေးစတွေ ပြတ်တောက်သွားလေ၏။ သူမဆီသို့ လှမ်းလာနေသော အမျိုးသမီးကြီးဘက်သို့လှည့်ကာ . . .

"ငြိမ်း နေကောင်းပါတယ် အမိုးရဲ့၊ ကော်ဖီသောက်ချင်စိတ်မရှိလို့ ဒီဘက်ကိုထွက်လာတာ"

"မသိပါဘူးကွယ်၊ ကလေးက သွေးလှူထားတာဆိုတော့ အားနည်းပြီး နေမကောင်းဖြစ်မှာစိုးလို့ အမိုးက မေးကြည့်တာပါ"

သူမအပေါ်တွင် ကြင်နာယုယခဲ့သော အမိုးကို ငြိမ်း ချစ်ခင်လေးစားပါသည်။ အရာရာ စိုးရိမ်ပူပင်ပေးနေ



www.burmeseclassic.com

www.burmeseclassic.com



သောကြောင့်လည်း အားနာမိ၏။

"ငြိမ်းက ဆရာဝန်ပါ အမိုးရယ်၊ စိတ်မပူပါနဲ့"

"စိတ်မပူလို့ရမလား ကလေးရဲ့၊ ဆရာဝန်ဆိုတာ သူများရောဂါပျောက်အောင်သာ ဂရုစိုက်ပြီးကုပေးနေတာ ကိုယ့်ကိုကျတော့ ဂရုမစိုက်နိုင်တော့ဘူးလေ။ ရှေးတုန်းက လူကြီးတွေပြောတဲ့ စကားပုံလို ကေသရာဇာခြင်္သေ့မင်းက သူများတွေကိုနိုင်ပြီး ကိုယ့်ကိုယ်မှာကပ်နေတဲ့ သန်းချေးမကျတော့ မနိုင်တော့ဘူးတဲ့။ ကလေးလည်း သူများရောဂါတွေကို နိုင်အောင်ကုပေးနေပြီး ကိုယ့်ကိုယ်မှာ ရောဂါဖြစ်နေမှာစိုးလို့"

"အမိုးရဲ့စေတနာတွေကို ငြိမ်း နားလည်ပါတယ်"

ငြိမ်း လေသံအေးအေးနှင့်ဆိုလေသည်။ တကယ်ပဲ အမိုးရဲ့စေတနာ၊ မေတ္တာတွေကို သူမ တန်ဖိုးထားပါသည်။ အမိုးသည် ငြိမ်းဘဝလေး သာယာလှပစေဖို့ တောင်တန်းကြီးသဖွယ် ကာရံပေးခဲ့သူ၊ လောကဓံလှိုင်းတွေ ရိုက်ပုတ်ခံခဲ့ရတဲ့ ငြိမ်းဘဝကို မေတ္တာလှေတစ်စင်း



ဖြင့် ကူညီလက်ကမ်း၍ ဆယ်ယူပေးခဲ့သူ။

နေလိုပူပြင်းခဲ့သည့် ငြိမ်းရင်ထဲက သောကတွေကို အမိုးက သူမ၏မေတ္တာရိပ်ထက် အမိုး၏ကရုဏာပန်းခင်းလေးထဲမှာ ငြိမ်းဘဝ လှပတင့်တယ်ခဲ့ရပြီလေ။

"ဒီနေ့ မိုးရွာမယ်ထင်တယ်နော် အမိုး"

ညှိုမှိုင်းနေသော တိမ်စိုင်၊ တိမ်လိပ်တွေကို မော့ကြည့်ရင်း ငြိမ်း ဆိုလိုက်တော့ . . .

"ထင်မနေနဲ့ ရွာကို ရွာဦးမှာ"

"သေချာပေါက်ပြောနေတယ်၊ အမိုးက မိုးနတ်မင်းကြီးလား"

အပြုံးဖြင့် ငြိမ်းက ဆိုလိုက်လျှင် . . .

"အမိုးက ခန့်မှန်းကြည့်တာပါ"

နယ်ရှစ်ခွင်လုံး အုံ့မှိုင်း၍ ညှို့နေသော တိမ်တိုက်တွေကို ဒုတိယအကြိမ် ထပ်မံမော့ကြည့်ရင်း ငြိမ်းရင်ထဲမှာ တစ်ခုခုကို လွမ်းဆွေးလာသလိုပင်။ မြုံထဲမှ ချယ်ရီပင်ကို မျက်လုံးဝေ့ကြည့်ရင်း ခေါင်းကိုခါရမ်းပစ်လိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



မလွမ်းချင်ဘူး။ တွေးလည်း မတွေးချင်ပါ။ အတိတ်ကို အတိတ်မှာဘဲ ထားခဲ့စမ်းပါ။

ပစ္စုပ္ပန်အထိ သယ်ဆောင်လာပြီး လွမ်းတသသ ဖြစ်နေဖို့မလိုတော့။ ဝေဒနာအပိုင်းအစတွေက ကဗျာတွေ ဖွဲ့၍ နှိုင်းမြှလို့ပင် ရလိမ့်မည်မထင်။ ကြိုးပြတ်သွားခဲ့သော သူမ၏နှလုံးသားက ပုလဲလုံးလေးလို ပြန်လည်သီကုံး၍လည်း မရနိုင်တော့ဘူးလေ။

"အမိုး"

"ပြောလေ ကလေး"

"ငြိမ်း သွေးလှူခဲ့ရတဲ့လူနာ ဘယ်သူလဲ၊ အမိုးသိလား"

အမိုးက ငြိမ်းကို အပြုံးလေးနှင့်ကြည့်ရင်း ခေါင်းခါသည်။

"အမိုးက အိမ်မှာနေတာ ဘယ်သိမှာတုန်း။ ကလေးပြောမှ သိမှာပေါ့။ ဘယ်သူလဲ ပြောပါဦး"

ငြိမ်း၏ နှုတ်ခမ်းထောင့်ကလေး လွန့်လူးသွားလေ





သည်၊ နာကျင်ကြေကွဲမှုတွေ ခိုတွဲနေသော အပြုံးတစ်ပွင့် ရယ်ပါ။ ပြီးတော့ လေးဖင့်သောအသံနှင့် . . .

"တွယ့် အဖေပါ အမိုး"

"ဟင်"

အမိုး အံ့သြစွာ ပါးစပ်အဟောင်းသား ဖြစ်သွားလေ၏။ ငြိမ်းကတော့ မတုန်လှုပ်တော့ပါ။ ရိုဝေသော မျက်ဝန်းအစုံနှင့် အဝေးကိုသာ ငေးမောနေမိ၏။

"ဒါကြောင့်ကိုး"

အမိုးက တစ်ခုခုကို ရည်ရွယ်၍ ဆိုသည်။

"သူလည်း အိမ်ထောင်ကျနေလောက်ရောပေါ့။ ငြိမ်းလည်း ကိုယ့်ဘဝ၊ ကိုယ့်မိသားစုနဲ့ အထာကျနေပြီပဲ။ ဝိုနေမြဲ၊ ကျားနေမြဲပေါ့ အမိုးရယ်"

"ကလေး သူ့ကို မျှော်လင့်နေသေးလား"

ငြိမ်း သက်ပြင်းတစ်ချက်ချရင်း ဖြည်းညှင်းစွာ ခေါင်းကို ခါလိုက်သည်။

"ငြိမ်း သူ့ကို ဘယ်တုန်းကမှ မမျှော်လင့်ခဲ့ပါဘူး၊



www.burmeseclassic.com

www.burmeseclassic.com



ငြိမ်းဘဝထဲမှာ ဆည်းလည်းလေးတစ်လုံး ရှိနေတာပဲလေ။ ငြိမ်းပြည့်စုံနေပါပြီ။ ဒါပေမဲ့ အမိုးရယ်"

"ဒါပေမဲ့ ဘာဖြစ်လဲ ကလေး"

ပြတ်တောက်သွားသော ငြိမ်းစကားကို အမိုးက ဆက်စေလိုသည်။ ငြိမ်းကိုယ်လေးကို အမိုးဘက်သို့ ဖြည်းညှင်းစွာ လှည့်လိုက်သည်။ သူမ၏မျက်ဝန်းမှာ တဖိတ်ဖိတ်တောက်နေသယောင် မပီပြင်လှသောအပြုံးနှင့် မျက်နှာပြင်ပေါ်မှာ မာနရိပ်တို့က ကြီးစိုးနေ၏။

"မဆလာသာသယ်၊ ဘီလပ်မြေသယ်၊ သယ်ခဲ့ရတဲ့ ပန်းရံအလုပ်သမလေး "နှင်းဝေငြိမ်း" ရဲ့ဘဝကို ငြိမ်း မမေ့နိုင်သေးဘူး အမိုး။ လူတွေရဲ့ တံတွေးခွက်ထဲမှာ ငုပ်မိုးမြုပ်နေခဲ့ရတဲ့ ငြိမ်းဘဝကို နှပ်ချေးပါ ထပ်ပြီး ညှစ်ထည့်ပေးလိုက်တဲ့ သူတို့အသိုင်းအဝိုင်းကို လွယ်လွယ်လေးနဲ့ ကျေအေးပေးနိုင်မှာတဲ့လား။ ငြိမ်းရင်ထဲက အမြီးတွေ၊ အာဃာတတွေက ဘယ်တော့မှ မေးမှိန်ညှိုးနွမ်းသွားမှာ မဟုတ်ဘူး အမိုး"





ငြိမ်း အသံကပြတ်သည့် မာဆတ်ဆတ်ဖြစ်နေ၏။ သူမပြောသမျှကို နားထောင်ရင်း အမိုးကတော့ ခေါင်းတဆတ်ဆတ် ညိတ်နေသည်။ ငြိမ်း၏ ဆက်ကျော်သက်အရွယ်က ဖြတ်သန်းခဲ့ရသော ဘဝသည် ကြမ်းတမ်းခက်ထန်လှပေ၏။

ငြိမ်းပြောပြ၍ သူ့ဘဝအကြောင်းကို သိသော်ငြားလည်း တွင်းစေ့တိုင်စေ့တော့ အမိုး မသိပါ။

"တစ်ခါတလေ အတိတ်ကို လွှမ်းချင်မိပေမယ့် ငြိမ်း မာနနဲ့ အသိတရားက လက်မခံဘူး အမိုး။ မိန်းမတစ်ယောက်ရဲ့ ဂုဏ်သိက္ခာကို ထိန်းသိမ်းရမှာ ငြိမ်းတာဝန်ပဲလေ"

"ကလေးကိုမြင်တော့ သူ့အံ့ဩမှာပဲနော်"

"အဲဒီတုန်းက သူ သတိလစ်နေတယ်"

"ဩော်"

နှစ်ဦးစလုံး၏ အသံက တိုးတိတ်၍ ငြိမ်သက်သွားကြသည်။ အတန်ကြာမှ အမိုးက စကားပြန်စလေ၏။



www.burmeseclassic.com

www.burmeseclassic.com



"မနက်ဖြန် ကလေး ဂျူတီနော်"

"ဟုတ်တယ် အမိုး"

"ဒီတစ်ခါ ရှောင်လွှဲလို့ ရပါ့မလား"

"ငြိမ်းကိုယ်စား လူအစားထိုးထားပါတယ် အမိုး။ သူ့ ဆေးရုံက မဆင်းခင်အထိ ငြိမ်း ဆေးရုံကို မသွားချင်ဘူး၊ သူနဲ့မတွေ့ချင်ဘူး။ ဒဏ်ရာဟောင်းကို ပြန်မဆွချင်ဘူး အမိုးရယ်"

အတိတ်ကို ပြန်လည်တမ်းတသော သူသည် သချိုင်းကအရိုးစုကို ပြန်လည်တူးဖော်သော သူနှင့်တူ၏လို့ စာအုပ်တစ်အုပ်ထဲမှာ ငြိမ်း ဖတ်ဖူးခဲ့ပါသည်။ ယခု ငြိမ်းသည် ထိုကဲ့သို့ အရိုးစုကို ပြန်လည်တူးဖော်နေမိပြီလား။

"သူ ဘာရောဂါဖြစ်တာလဲဟင်"

"ကားအက်ဆီးဒင့်ဖြစ်တာ"

အမိုး "ခြော" ဟု ဆိုကာ နှုတ်ဆိတ်သွားလေ၏။ ငြိမ်းသည်လည်း အမိပ္ပာယ်မဲ့စွာ ဝရန်တာကို လက်သည်းရှည်ကလေးများနှင့် ကုတ်ခြစ်နေမိသည်။





"တစ်ခါတလေ ကလေး မတွေးမိဘူးလား"

"ဘာကိုလဲ အမိုး"

အမိုးမျက်နှာကို စောင်းငဲ့ကြည့်ရင်း လက်ကလေးတွေကလည်း အလုပ်တစ်ခုမှ ရပ်နားလိုက်၏။

"သူမှာ အပြစ်မရှိဘူးဆိုတာလေ"

"ဘာထူးမှာလဲ အမိုးရယ်။ ဒီပုတ်ထဲက ဒီမဲပါပဲ။ ပဲကြီးမထွန်းပါဘူး။ ကဲပါလေ သူ့အကြောင်းကို ခေါင်းရှုပ်ခံပြီး စဉ်းစားနေလို့ အပိုပဲ။ အမိုးရော ကော်ဖီသောက်ပြီးပြီလား"

"ကလေးမှ မသောက်သေးတာ"

"တွယ်ရော"

"မနက်အစောကြီးကတည်းက ကားနဲ့ထွက်သွားပြီ"

"အမိုး ကော်ဖီသွားသောက်လေ"

"ကလေးနဲ့မှ အတူတူသောက်တော့မယ်"

အမိုးနဲ့တော့ ခက်ပါတယ်၊ ကော်ဖီသောက်ရင်ပဲ -



www.burmeseclassic.com

www.burmeseclassic.com



ဖြစ်ဖြစ်၊ ထမင်းစားရင်ပဲဖြစ်ဖြစ် ငြိမ်းကို အမြဲတမ်းစောင့်နေတတ်သည်။ အိမ်မှာ ငြိမ်းမရှိလျှင်သာ တစ်ယောက်တည်း စားသောက်လေ့ရှိတာ။ ငြိမ်း အိမ်ကပ်သည့်အချိန်ဆိုလျှင် နှစ်ယောက်အတူ စားရသောက်ရမှ ကျေနပ်သူပင်။

မိထွေးဆိုသော်လည်း မိထွေးဟု အများကို ဖွင့်မပြောရက်လောက်အောင်ကိုပင် ငြိမ်းအပေါ်မှာ စေတနာမေတ္တာတွေ အပြည့်ထား၍ ကောင်းခဲ့သူပါ။

"ကဲပါ အမိုးရယ်။ ငြိမ်း အမိုးနဲ့အတူ ကော်ဖီအတူလိုက်သောက်တော့မယ် ဟုတ်ပြီလား"

ငြိမ်းရှေ့မှ ဦးဆောင်၍ ထွက်ခဲ့တော့ အမိုး နောက်ကလိုက်လာသည်။ ဒုတိယနေရာကို နေခဲ့ရသော်လည်း ငြိမ်းအပေါ်မှာ စိတ်ပျက်၊ ငြူစူခြင်းအလျှင်းမရှိခဲ့။ ပရမ်းပတာနှင့် ယိုင်နဲ့နေခဲ့သောငြိမ်းရဲ့ဘဝကို နောက်ကနေကျားကန်ပေးပြီး လက်ရုံးဩဘာသံနှင့် ငြိမ်းဘဝလေးတိုးတက်မြင့်မားလာအောင် ချေးစကို လှေကားထောင်ပေး



ခဲ့သော အမိုးရယ်ပါ။

မိခင်ရင်းနှင့်မခြား ငြိမ်းတို့ တော်ဝင်ပန်းကလေးတစ်ပွင့်ဖြစ်အောင် ပြုစုပျိုးထောင်ပေးခဲ့သော အမိုးရဲ့ကျေးဇူးတရားတွေကို ငြိမ်း ဘယ်သောအခါ ဆပ်လို့ကုန်မည် မဟုတ်တော့။

www.burmeseclassic.com



## အခန်း ( ၃ )

"ဖြစ်မှဖြစ်ရလေ သားရယ်။ မသေကောင်း မပျောက်ကောင်းကွယ်။ မြေးကလည်း ဖြစ်ဖြစ်ချင်း ဘွားတို့ ကို အကြောင်းကြားရော့ပေါ့"

ငုတ်ခနဲထိုင် ကြိုင်ခနဲမွှေးဆိုသလို ဝင်လာသည် နှင့် အပြစ်တင်စကားက ရှေးဦးစွာ ရောက်နှင့်လာပါသည်။ အသက်ကြီးကြီး အမျိုးသမီးကြီးတစ်ယောက်နှင့် အသက် လေးဆယ် အမျိုးသမီးတစ်ဦးဝင်လာသည်နှင့် လှနာသည်





ထထိုင်ဟန်ပြုလေ၏။

"မထနဲ့လေ ဇေဇေရဲ့"

လှနာစောင့် ကောင်မလေးတစ်ယောက်က လှနာ ကို ဖေးမ၍ဆိုသည်။

"မထနဲ့လေ မောင်လေး။ မင်း နေသာသလိုနေပါ မကြီးတို့ကို အားမနာနဲ့"

လှနာက ခပ်ယဲ့ယဲ့ပြုံးကာ . . . .

"မေမေနဲ့ မကြီးတို့ကို ဒုက္ခပေးသလိုဖြစ်နေပြီ"

"ဟဲ့ . . . သူစိမ်းစကားတွေ မပြောစမ်းနဲ့ မှူး။ ခါတို့ကို မမှာရင် အရေးကြီးတော့ မင်းနားမှာ ကလေး တစ်ယောက်တည်း အားငယ်နေမှာပေါ့"

မကြီးဆိုသော အမျိုးသမီးသည် ခပ်စွာစွာ ပုံစံ မျိုးပဲ ဖြစ်ပေလိမ့်မည်။ လက်ဟန်ခြေဟန်နှင့် စကားပြော နေသည်မှာ ရုပ်သေးကြိုးဆွဲနေသလား ထင်ရလေ၏။ သူတို့မိသားစု စကားပြောနေကြစဉ် ဆရာဝန်ကြီး ရောက် လာလေ၏။ ဆရာဝန်ကြီးဆိုသော်လည်း အသက်ကြီးကြီး



www.burmeseclassic.com

www.burmeseclassic.com



အတိုးကြီးမဟုတ်ပါ။

"နေရတာ သက်သာရဲ့လား ကိုသက်ပိုင်မှူး"

"ဟုတ်ကဲ့ သက်သာပါတယ် ဒေါက်တာ။ ကျွန်တော် အသက်ကိုကယ်ခဲ့တဲ့ ဒေါက်တာကို ကျေးဇူးတင်ပါတယ်"

"မလိုပါဘူးဗျာ။ ဆရာဝန်တိုင်းက လူနာတိုင်းရဲ့ အသက်ကို ကယ်ရတာပဲလေ။ ကျွန်တော်တို့ ဆရာဝန်တွေက လူနာတွေရဲ့အသက်ကိုကယ်တာ ကျေးဇူးတင်ခံချင်လို့ မဟုတ်ပါဘူး။ နာလေးနာကို အခြေခံထားတယ်လေ"

ဝါသနာ၊ ဂရုဏာ၊ စေတနာ၊ အနစ်နာ ဟူသော နာလေးနာကို ရည်ရွယ်ပြီး ဆရာဝန်က ဆိုသည်။

"ခင်ဗျား သိပ်ကံကောင်းတယ် ကိုသက်ပိုင်မှူး"

"ဟုတ်ပါတယ် ဒေါက်တာ။ ကျွန်တော့်မှာ ဒေါက်တာတို့ပေးတဲ့ အသက်ပဲကျန်ပါတော့တယ်"

အသက်အရွယ်အရ အချို့က ဦးသက်ပိုင်မှူးဟု ခေါ်ကြသော်လည်း သူ့ရုပ်ရည်က နုပျိုချောမောဆဲပင်။





ရှေ့မှ ကို တပ်ခေါ်ခြင်းခံရသည့်ကလည်း သမီးအရွယ်က အနားမှာရှိနေသောကြောင့်ပင် ထင်ပါ၏။

မသိသေးသူများက သက်ပိုင်မှူးကို အသက်လေး ဆယ်ဟု ထင်ကြမှာမဟုတ်။ လူငယ်တစ်ဦးလို့သာ ထင်ကြ လိမ့်မည်။ သမီးနှင့် သက်ပိုင်မှူးတွဲသွားလျှင်ပင် အချို့ မောင်နှမဟု ထင်ကြေးပေးကြလေ၏။ ကိုယ်နှင့်စိမ်းသက် နေသော ပတ်ဝန်းကျင်တွင် သမီးနှင့်ယှဉ်တွဲသွားမိပါက မတော်မတရားတာတွေ ထင်ကြမည်စိုး၍ သမီး၊ သမီးနှင့် တဖွဖွခေါ်နေရသလို သမီးကလည်း ဖေဖေ့ကို ပါးစပ်က မချအောင်ခေါ်သည်။

"ကျွန်တော့်ကိုပဲ စုပုံပြီး ကျေးဇူးတွေတင်မနေနဲ့ ကိုသက်ပိုင်မှူးရဲ့၊ ခင်ဗျား တကယ်ကျေးဇူးတင်သင့်တာက ခင်ဗျားကို သွေးလှူခဲ့တဲ့ ဒေါက်တာကို"

"ဗျာ"

သက်ပိုင်မှူး အံ့ဩသွားရသည်။ သူ့ကိုသွေးလှူ ခဲ့တာလည်း ဆရာဝန်တစ်ယောက်ပါပဲလား။



www.burmeseclassic.com

www.burmeseclassic.com



"သူသာ အချိန်မီ သွေးမလှူရင် ခင်ဗျားဘဝမှာ အနာဂတ်ဆိုတာ ရှိမှာမဟုတ်တော့ဘူး ကိုသက်ပိုင်မှူး။ ဖြန်းစားကြီးဆိုတော့ သွေးလှူရှင်က ရှာမရတဲ့အချိန်မှာ သူက သူ့သွေးကို ခင်ဗျားအတွက် လှူခဲ့တာလေ"

ဆရာဝန်ကြီးက ရှည်လျားစွာ ရှင်းပြနေသည်။ စိတ်ထဲမှာ သူ့အတွက် သွေးလှူခဲ့သော ဆရာဝန်ကို ကျေးဇူးတင်မိသည်။

"ကံသီပေလို့ပေါ့ သားရယ်။ ဒါကြောင့် သားကို ကားမောင်းရင် သတိနဲ့မောင်းပါလို့ မေမေ တဖွဖွမှာရတာပေါ့။ ဟိုဒေါက်တာသာ အချိန်မီသွေးမလှူရင် မေမေ့သားလေး ကိုယ်ကျိုးနည်းရချေရဲ့။ သားကိုသွေးလှူခဲ့တဲ့ ဒေါက်တာ ကျန်းမာချမ်းသာပါစေကွယ်။ စိတ်သွားလို့ကိုယ်ပါ လိုရာရနိုင်ပါစေကွယ်"

သက်ပိုင်မှူး၏မိခင် ဒေါ်တင်တင်ရီသည် လူကြီးပီပီ ဆုတွေတသီကြီးပေးပြီး သူ့မသားကို သွေးလှူခဲ့သည့် ဒေါက်တာကို ကျေးဇူးတွေတင်နေမိတော့သည်။



"ဒေါက်တာ ကျွန်မတို့ကို တစ်ခုလောက် ကူညီပါနော်"

"ဘာများလဲဗျ"

ဒေါ်ကေသွယ်မှူး၏စကားကြောင့် ဆရာဝန်ကြီး မျက်မှောင်ကြုတ်သွားလေသည်။

"ဒီလိုပါ ဒေါက်တာ။ မှူးကို သွေးလှူခဲ့တဲ့ ဒေါက်တာနဲ့ ကျွန်မတို့ တွေ့ပါရစေ။ သွယ်တို့ ကျေးဇူးတင်လွန်းလို့ပါ"

"ကျွန်တော်တို့ သူ့ကို အနားယူခိုင်းထားပါတယ်။ ဒေါ်ကေသွယ်မှူးတို့ တွေ့ချင်တယ်ဆိုရင်တော့ ကျွန်တော် လိပ်စာပေးလိုက်ပါ့မယ်။ ဒါပေမဲ့ ကျွန်တော် တစ်ခုတော့ ကြိုပြီးတောင်းပန်ပါရစေ"

"ဘာများလဲ ဒေါက်တာ"

ဒေါ်ကေသွယ်မှူး ဘာများလဲဟူသောအကြည့်နှင့် ဆရာဝန်ကြီးကို မော့ကြည့်လေတော့ ဆရာဝန်ကြီးက ခပ်ပြုံးပြုံးနှင့် ဆိုသည်။

www.burmeseclassic.com

www.burmeseclassic.com



"ငွေကြေးပမာဏနဲ့တော့ သူ့ကို ကျေးဇူးမဆပ်စေချင်ဘူးဗျာ။ သူက အဲ့ဒီအမှုအကျင့်မျိုးကို သိပ်မုန်းတာဗျ။ ခင်ဗျားတို့ ဒီလိုမလုပ်မိစေဖို့ ကြိုပြောပြတာပါ။ သူ့စေတနာကို ငွေကြေးနဲ့တန်ဖိုးဖြတ်ရမလားဆိုပြီး ခင်ဗျားတို့ကို မောင်းထုတ်ခံရမှာစိုးလို့ သတိပေးတာ။ ကျေးဇူးတင်ကြောင်းပြောရုံနှင့် သူက ကျေနပ်ပီတိဖြစ်နေတတ်တဲ့ ဆရာဝန်မျိုးလေ"

ဆရာဝန်၏စကားကြောင့် ဒေါ်ကေသွယ်မှုး မျက်ခုံးနှစ်ဖက် မြင့်တက်သွားလေ၏။ အရာရာကို ငွေနှင့်တိုင်းတာတတ်သော သူမအတွက်တော့ ထူးဆန်းသလို ဖြစ်နေသည်။ ငွေဆိုတာ လူတွေရဲ့ ဒုတိယဘုရားသခင်လို့ သတ်မှတ်ထားသော သူမအယူဝါဒထဲတွင် ငွေမမက်ဟူသော ဒေါက်တာကို ဘယ်လိုလူပါလိမ့်ဟု တွေးမိလေသည်။

"အဲဒီဒေါက်တာက ချောလည်းအရမ်းချောတာ အန်တီကြီးရဲ့"

တူမဖြစ်သူက ထပ်ဆင့်၍ အမှန်းတင်နေပြန်





သည်။ ထိုဒေါက်တာကို ယောက်ျားတစ်ယောက်ဟု ထင်နေသော ဒေါ်ကေသွယ်မှုး တူမဖြစ်သူကိုလှည့်၍ မျက်စောင်းထိုးလိုက်လေ၏။ ဆရာဝန်ကြီးက မှုး၏သမီးလေး "ပန်းသစ္စာကျော်" ၏ ခေါင်းလေးကို ပုတ်တာ . . .

"မြိမ်း လာမှပဲ ချီးကျူးတော့ သမီးရေ . . . ။ အနည်းလေး မုန့်တစ်ဝတော့ ကျွေးမှာ"

"မြိမ်း"

"မြိမ်း" ဆိုသော နာမည်လေးတစ်လုံး ကြားလိုက်ရသည်နှင့် သက်ပိုင်မှုး ဆတ်ခနဲ ခေါင်းထောင်လာပြီး "မြိမ်း" ဆိုသော နာမည်ကို နှုတ်မှ တီးတိုးခေါ်လိုက်မိသည်။

"ကဲ . . . အားလုံးပဲ ကျွန်တော့်ကို သွားခွင့်ပြုပါဦး။ ရော့ ဒါ မြိမ်းရဲ့ လိပ်စာ"

အားလုံး အံ့အားသင့်နေဆဲ သက်ပိုင်မှုး ဆတ်ခနဲ ထထိုင်ကာ ဆရာဝန်ကမ်းပေးသော လိပ်စာကတ်ပြားကို ဆွဲယူလိုက်သည်။ ဆရာဝန်ထွက်သွားသည်အထိ အားလုံး ငြိမ်သက်နေဆဲ။ သက်ပိုင်မှုး လိပ်စာကတ်ပြားလေးကို



www.burmeseclassic.com

www.burmeseclassic.com



[illegible]တတန်း ကြည့်လိုက်သည်။

"ဒေါက်တာ ခင်စောငြိမ်း"တဲ့

သက်ပိုင်မှုး မိခင်နှင့်အစ်မဖြစ်သူကို မျက်လုံးဝေ့ကြည့်လိုက်တော့ သူ့ကို ဘယ်လိုလဲဟူသော သဘောနှင့် ပြန်ကြည့်နေကြသည်။ ငြိမ်း"ဟူသော နာမ်စားလေးကြောင့် ရင်တစ်ခုလုံး လှုပ်ခါသွားခဲ့သမျှ လိပ်စာရှင်၏ နာမည်အပြည့်အစုံကို မြင်လိုက်ရတော့ စိတ်ပျက်စွာ သက်ပြင်းမောကြီးချသွားမိတော့သည်။

ပြီးမှ . . . အစ်မဖြစ်သူထံသို့ လိပ်စာကတ်ပြားမလေးကို ကမ်းပေးလိုက်သည်။ ဒေါ်ကေသွယ်မှုး လိပ်စာကတ်ပြားကို ကြည့်၍ . . .

"ငြိမ်းချင်းတော့ တူပါတယ်"

"ငြိမ်းတစ်လုံးတူရုံနဲ့ မင်းတို့မောင်နမက ဘာဖြစ်တာလဲ။ ဟိုဒေါက်တာက ယောက်ျားလေးလားမှ မသိတာ။ ကိုကျော်ငြိမ်းတို့ ကိုငြိမ်းချမ်းတို့ ကိုငြိမ်းမောင်တို့ဆိုရင်လည်း အများဆွတ်ပြီး ငြိမ်းလို့ ခေါ်ရတာလေ"





ဒေါ်ကေသွယ်မှုး လိပ်စာကတ်ပြားလေးကို သေချာအောင် ထပ်မံကြည့်ရှုရင်း . . .

"ခင်စောငြိမ်းဆိုတာ ယောကျာ်း မဖြစ်နိုင်ဘူး မေမေ"

"အန်တီကြီးပြောတာ ဟုတ်တယ်လေ။ အဲဒီဒေါက်တာ ခင်စောငြိမ်းဆိုတာ မိန်းမပဲဟာကို။ သစ္စာ ကိုယ်တိုင်တွေ့ဖူးတာပဲ။ အဲ့ဒီဒေါက်တာက ဆရာဝန်မလုပ်ပဲ ရုပ်ရှင်ရိုက်ပြီး မင်းသမီးလုပ်ဖို့ကောင်းတာ ခုခေတ် (Model) မော်ဒယ်လ်တွေ လှတာလောက်တော့ သူက အေးဆေးပဲ သိလား"

ပန်းသစ္စာကျော်က လှုငယ်ဝီဝီ ဒေါက်တာခင်စောငြိမ်း၏အလှကို အားရပါးရ ချီးမွမ်းနေသည်။ စဉ်းစားစရာတော့ ဖြစ်နေသည်။ တစ်ချိန်တုန်းက သွယ်တို့နှင့်ပတ်သက်ခဲ့ဖူးသော "နှင်းဝေငြိမ်း"သည်လည်း အလှဘုရင်မလေးပါပဲ။

"သူ့နာမည်တွေ ဘာတွေ ပြောင်းထားတာရော



www.burmeseclassic.com

www.burmeseclassic.com



မဖြစ်နိုင်ဘူးလား မေမေ”

“မဖြစ်နိုင်ပါဘူး သမီးရယ်၊ နှင်းဝေငြိမ်းလို အဆင့်အတန်းမျိုးက ဒီအဆင့်ထိ ခုန်မတက်နိုင်ပါဘူး”

မိခင်နှင့် အစ်မဖြစ်သူ၏ ဝေဖန်စကားတွေကို သက်ပိုင်မှူးစိတ်ဝင်စားမှုမရှိပါ။ အတိတ်ကိုသာ လွမ်းဆွတ်လာမိ၏၊ စိတ်ပျက်အားလျော့တာ ခုတင်ပေါ်တွင် ပြန်လှဲနေလိုက်သည်။

“လူ့ဘဝဆိုတာ ကံကြမ္မာလှေကားထစ်ပေါ်က ရှုပ်သေးရှုပ်ကလေးတွေပါ မေမေ၊ ကံဇာတ်ဆရာက စေခိုင်းသမျှ အပေါ်ကိုတက်နိုင်းရင်လည်း အပေါ်ကိုရောက်သွားမှာပဲ၊ အောက်ကိုဆင်းနိုင်းရင်လည်း အောက်မှာကပြရတာပဲလေ၊ ဘဝပေါင်းကပြခဲ့တဲ့ ကုသိုလ်၊ အကုသိုလ်ဆိုတဲ့ စက်ယန္တယားကြီးထဲမှာ လူတွေအားလုံး လည်ပတ်နေကြရတာပဲ၊ လူတစ်ယောက်ရဲ့ဘဝကို ထုံးတို့ပြီးတစ်သမတ်တည်း မှတ်ထားလို့မှမရတာ”

သက်ပိုင်မှူးတစ်ယောက် ငြိမ်သက်နေသည်၊ သူ့





မျက်ဝန်းထဲမှာ လွမ်းငွေ့တွေစိုတွဲနေ၏၊ မျှော်လင့်ခြင်းနှင့် တမ်းတနေခဲ့သော်လည်း နှစ်တွေသာကြာခဲ့ပြီ သူ့ကိုရှာလို့မတွေ့နိုင်ခဲ့၊ ကြာသော်လည်း မမေ့၊ ရှာသော်လည်းမတွေ့ခဲ့ရသည့် ငြိမ်းဆိုသော နှင်းဝေငြိမ်းကို နှင်းတွေဝေတိုင်းသတိရသည်၊ ချယ်ရီတွေပွင့်တိုင်းလည်း သတိရနေခဲ့သည်၊

ပန်းပေးလို့သာ ထွက်လာမယ်ဆိုရင် ရှုံးနိမ့်ခြင်းဆိုတဲ့ စာတန်းကို လည်မှာချိတ်ဆွဲချင်ဆွဲရပါစေ၊ အနှစ်နှစ်ဆယ်နီးပါး ရှာဖွေရကျိုးနပ်မည်ပေါ့၊ ခုတော့ ပန်းပေးသော်လည်းမတွေ့ အလှမ်းဝေးသော်လည်း မမေ့နိုင်ခဲ့သည်မှာ နှစ်ပေါင်း နှစ်ဆယ်နီးပါးပါပဲ၊



www.burmeseclassic.com

www.burmeseclassic.com



## အခန်း ( ၄ )

မင်းရှဲ့သဘော . . . ဘာမှမပြောဘူး . . . အချစ်တွေလည်း ဟိုအရင်တိုင်းပဲ . . . တံခါးဖွင့်ပြီး ကြိုဆိုနေမယ် . . . မပျော်နိုင်တဲ့နေ့ . . . ပြန်လာခွင့်ရှိပါတယ် . . . တို့တစ်ယောက်တည်း . . . မပျော်တာတစ်ခုတည်း . . . မင်းမရှိလည်းနေ နေကျပဲ . . . မင်းစိတ်တိုင်းကျ နေနေကျ . . . မပျော်နိုင်တဲ့နေ့ ပြန်လာခွင့်ရှိပါစေ . . . ပေးဆပ်ခြင်း တို့ ကျေနပ်နေမယ် . . . မင်းနာကျင်တဲ့အခါ ခေါ်လိုက်



အမြဲတမ်း မင်းအတွက် အသင့်သူပါ . . . လှပသော အိပ်မက်များနဲ့ တွေ့နိုင်ဖို့ကိုစောင့်စားဆဲ . . . အသက်တွေရဲ့ နေဝင်ချိန်အထိ မျှော်လင့်ရင်းနဲ့ ကိုယ်စောင့်ရဲလို့နေမယ် . . . တို့တစ်ယောက်တည်း မပျော်တာတစ်ခုတည်း မင်းမရှိလဲ နေ နေကျပဲ မင်းစိတ်အတိုင်း နေနိုင်ပါတယ် မပျော်နိုင်တဲ့နေ့ ပြန်လာခွင့်ရှိပါတယ် . . .

ကော်ဖီဆိုင်အတွင်း၌ လူများရှပ်ယှက်ခတ်ကာ စည်ကားနေ၏။ လူငယ်အုပ်စုတစ်စုသည် VCD မှ ဖွင့်ထားသော Rဇာနည်ရဲ့ "အသင့်သူ" သီချင်းကို အာရုံစိုက်နေကြသည်။ VCD ကို တစ်ယောက်က ကျောခိုင်း၍ထိုင်နေသည်။ ထိုသူက VCD ကို ကျောပေးထားရသဖြင့် အသံကိုသာ နားဆင်ရင်း ဒူးလေးလှုပ်နေ၏။

"ဩော် . . . အလွမ်းအဆွေးသမားများ ဒူးလေးနန့်ပြီး ခံစားနေရရှာတာ"

ထိုကဲ့သို့ အပြောခံရသော လူငယ်လေးသည် ခြေထောက်က ရပ်တန့်သွားပြီး . . .

www.burmeseclassic.com



"မင်း . . . ဘယ်သူ့ကိုပြောတာလဲ"

"မင်းကိုပြောတာလေ။ သီချင်းက မင်းအရှိက်တည့်တည့်ထိသွားပြီမဟုတ်လား"

"ဘာကြောင့်လဲ"

"မင်းကောင်မလေးက အခြားတစ်ယောက်နဲ့ တွဲနေလို့ မင်းခံစားနေရပြီမဟုတ်လား"

"တွယ်"ဆိုသော ကောင်လေးက ဟက်ခနဲရယ်ကာ ဆောင်းထားသော ဦးထုပ်လျှာကို နောက်သို့ဆွဲလှည့်လိုက်၏။ ပြီး စားပွဲ[illegible]သို့ လက်နှစ်ဖက်တင်၍ တစ်ဖက်က စားပွဲပေါ်ကို လက်ညှိုးနှင့်တဒေါက်ဒေါက် ခေါက်လိုက်ပြီး

"ဆောရီးပဲ သူငယ်ချင်း ငါ့ရင်ဘတ်ကို ထိအောင် ပစ်နိုင်တဲ့မြှား မပေါ်သေးဘူး"

တွယ်က မထီမဲ့မြင်ပုံစံမျိုးဖြင့် ဆိုလေတော့ သူ့ဘေးက တစ်ယောက်က ဆိုသည်။

"မင်းက တွယ့်ကို အထင်သေးတာလား ချစ်တို့ယမ်ဆိုတဲ့ ကောင်မလေးလောက်တော့ ဒီကောင်က စာမဲ့



လောက်သေးဘူး။ ကောင်မလေးတွေက အရေးပေးလို့သာ တွဲနေရတာ အချစ်ဆိုတာကို ဒီကောင် မခံစားတတ်သေးဘူး။ အချစ်အကြောင်းကိုမေးရင် အချစ်ဆိုကာ ဘယ်လိုသတ္တဝါကြီးလဲလို့မေးမယ့်ကောင်"

သူငယ်ချင်း၏ ထောက်ခံမှုကို သဘောကျသလို မျက်ခုံးနှစ်ဖက်မြင့်တက်သွားသော "တွယ့်"ကို ချစ်ကိုက ငေးစိုက်၍ ကြည့်နေသည်။ မိန်မချော . . . ချောသည် ဆိုတာ "တွယ့်"လိုချောတာမျိုးကိုပြောတာပဲ။ ပုံစံသည် မိန်းကလေးတစ်ယောက်လို့ ချောမွေ့နေ၏။

ဖြောင့်စင်းနေသော နှာတံလုံးလုံးလေး၏အောက်တွင် မထူမပါး နှုတ်ခမ်းအစုံက ပန်းသွေးရောင်သမ်းလျက် စိမ်းညို့ညို့ မျက်ခုံးမွေးတွေကလည်း အပြားကြီးကြီးမဟုတ်ပါဘဲ မိန်းကလေးတွေ ဖင်ယော်တောင်ပုံစံ ပုံဖော်ထားသလို တစ်စည်းတစ်လုံးတည်း ခပ်ကွေးကွေးလေးတွေရှိနေသည်။ လေးထောင့်မကျတကျ မျက်နှာတည်ဆောက်မှုပေါ်တွင် ထိုအလှတွေက စုစည်းဖွဲ့စည်းနေလေ၏။

www.burmeseclassic.com

www.burmeseclassic.com



"နေလင်းပြောတာ မှန်တယ်။ ငါ ကောင်မလေးတွေကို တစ်ယောက်ပြီးတစ်ယောက် တွဲနေပေမယ့် ရင်ထဲမှာတော့ ဘာဝေဒနာမှမရှိဘူး။ အချစ်ဆိုတာ ငါ့အတွက်တော့ လှောင်စရာတစ်ခုလို့ပဲ မြင်တယ်"

"ဒါဆို မိန်းကလေးတွေနဲ့ ပတ်သက်ပြီး မင်း ရင်မခုန်ဖူးဘူးပေါ့"

ချစ်ကိုက မယုံသလို မျက်နှာထားနှင့် မေးလေသည်။

"သေချာတာပေါ့။ ဒါကြောင့်လည်း ငါနဲ့တွဲတဲ့ မိန်းကလေးတွေကို လက်ကလေးတောင် ငါမကိုင်ဘူး။ အပျော်တွဲရုံသက်သက်ပဲ။ ဘာဖြစ်လို့လဲဆိုတော့ ငါ့ကြောင့် သူတို့ရဲ့ သိက္ခာကို မညစ်နွမ်းစေချင်ဘူးလေ"

"ဒါဆိုလည်း အေးဆေးနေပါလားကွာ။ ဘာဖြစ်လို့ လျှောက်တွဲနေသေးလဲ"

"ဟ . . . ဒါကတော့ ငါစတဲ့ဇာတ်လမ်း တစ်ခုမှ မရှိဘူးလေ။ သူတို့က ဝင်တိုးလာတော့လည်း ငါက ရဟန္တာ



မှမဟုတ်တာ"

"မင်း ဝဋ်လည်ဦးမယ်"

ချစ်ကိုက မနစ်မြှုသလို ဆိုလေ၏။

"ငါ ရင်ခုန်ခဲ့ဖူးတဲ့အချိန် ရှိခဲ့ပါတယ်"

"ဘယ်တုန်းကလဲ"

တွယ် ရင်ခုန်ခဲ့ဖူးတယ်ဆိုတာကြောင့် သူတို့ မသိခဲ့ရပါလား။ ဘယ်တုန်းက ဘယ်မိန်းကလေးနှင့်ဆုံ၍ ရင်ခုန်ခဲ့ဖူးသည်လဲဟု သိချင်ဇောနှင့် ချစ်ကို အငမ်းမရ မေးလေသည်။

"ပြေးပြီးလို့ ရပ်လိုက်ရင် ဒါမှမဟုတ် ကြောက်စရာလန့်စရာတွေ့ရင် ငါ ရင်ခုန်တယ်ကွ"

"ဟာကွာ"

ချစ်ကို အားမလို အားမရဖြစ်ကာ "ဟာ" ခနဲ ဖြစ်သွားပုံကိုကြည့်၍ တွယ်နှင့် နေလင်း တဟားဟား အော်ရယ်လေသည်။ ချစ်ကို ထင်ထားသည်က တွယ်ကို ရင်ခုန်အောင် ဆွဲဆောင်နိုင်သည့် မိန်းကလေးတွေပြီဟု ပြော

www.burmeseclassic.com

www.burmeseclassic.com



လိမ္မော်ရည်ထင်ထားတာ ခုတော့ သူ့အလှောင်ခံလိုက်ရ၍ အောင့်သက်သက် ဖြစ်သွားသည်။

ချစ်ကိုနှင့်တွယ်က သူငယ်ချင်းဖြစ်ကြတာ သိပ်မကြာသေးတော့ တွယ့်၏ နောက်ကြောင်းကို ချစ်ကိုမသိ။ နေလင်းကတော့ တွယ်နှင့်တွဲခဲ့တာ ခုနစ်တန်းကတည်းက ဆိုတော့ တွယ့်အထာကို သိနေသည်။ ချစ်ကိုနှင့်တွယ်က တက္ကသိုလ်ရောက်မှ ခင်ခဲ့ကြတာလေ။

"ငါက အကောင်းမှတ်လို့ နားထောင်နေတာ"

"ဘယ်သူက အဆိုးလို့ပြောနေလို့တုန်း"

"တွယ်" နေလင်းနှင့် ချစ်ကိုတို့ သူငယ်ချင်းသုံးယောက် တောင်စဉ်ရေမရတွေပြောရင်း ရယ်မောနေကြစဉ်၊ စံပယ်ပန်းတစ်ကုံးက တွယ့်လက်မောင်းပေါ်သို့ ဘယ်ကနေ ဘယ်လိုပြုတ်ကျလာသည်မသိ။

တွယ် စံပယ်ကုံးလေးကို ဖွဖွကိုင်လိုက်ရင်း အနီးသို့ ဝေ့ဝဲကြည့်လိုက်သည်၊ တစ်ယောက်နှင့်တစ်ယောက် စနောက်တွန်းတိုး၍ ဆိုင်တွင်းသို့ ဝင်လာသော မိန်းကလေး





သုံးယောက် ညာဘက်အစွန်မှ မိန်းကလေးသည် သူမခေါင်းကို လက်တစ်ဖက်နှင့် စမ်းသပ်ရင်း ခြေလှမ်းတို့ ရပ်တန့်ကာ တွယ့်လက်ထဲမှ စံပယ်ကုံးလေးကို ပါးစပ်အဟောင်းသားနှင့် ကြည့်နေသည်။

"ဟယ် . . . သစ္စာ . . . နှင် . . . နှင့်စံပယ်ကုံးလေး"

အလယ်က ကောင်မလေးသည်လည်း လက်ညှိုးတလေး ကွေးချိ ဆန့်ချိနှင့် တွယ့်လက်ထဲမှ စံပယ်ကုံးလေးကိုကြည့်၍ ဆိုသည်။ တွယ်သည်လည်း စံပယ်ကုံးပိုင်ရှင်ဟု ထင်ရသော ညာအစွန်မှ မိန်းကလေးကို စူးစိုက်၍ ကြည့်နေမိသည်။

လှလိုက်တာ မိန်းကလေးရယ် . . . သူမကို မြင်လိုက်ရသည့်တစ်ခဏမှာ တွယ် ရင်တွေတလှပ်လှပ်ခုန်နေမိတော့၏။ မိန်းကလေးက မျက်လွှာချသည်အထိ တွယ်တတော့ အကြည့်ကိုမလွှဲဖယ်မိ၊

"ဘာရပ်ကြည့်နေတာလဲ။ ပြန်တောင်းရင်လည်း



www.burmeseclassic.com

www.burmeseclassic.com



တောင်း၊ မတောင်းရင်လည်း သွားမယ်လေ"

"ဪ . . . အင်း . . . ဟို"

မိန်းကလေးက အယောင်ယောင်အမှားမှားနှင့် လက်ညှိုးကလေးက ဟိုထိုးရမလို သည်ထိုးရမလို ဖြစ်နေစဉ်၊ တွယ် ထိုင်ရာမှထ၍ သူမအနီးသို့လျှောက်လာကာ

"မင်း စံပယ်ကုံးလား။ ပြန်ယူလေ"

တွယ် စံပယ်ကုံးလေးကို လှမ်းပေးလိုက်တော့ မဝံ့မရဲနှင့် ယူလိုက်သော သူမ၏ လက်အစုံသည် မသိမသာ တုန်ယင်နေ၏။

"ကျေးဇူးတင်ပါတယ်"

"ရပါတယ်"

"သွားခွင့်ပြုပါဦးနော်"

သူမက နှုတ်ဆက်၍ ထွက်ခွာသွားသည့်တိုင် တွယ်ကတော့ လိုက်၍ ငေးမောနေဆဲ။ ချစ်ကိုက တွယ့်အနားသို့ရောက်ရှိလာကာ တွယ့် ရင်ဘတ်နားသို့ ခေါင်းကို တိုးကပ်လျက် . . .





"ဘုရား . . . ဘုရား . . . ပထမကမ္ဘာစစ်ဖြစ်တုန်းက အမြောက်သံ၊ ဗုံးသံတွေတောင် ဒီကောင်ရင်ထဲက ရင်ခုန်သံလောက် ကျယ်မှာမဟုတ်ဘူး။ သတိထား သူငယ်ချင်း . . . သတိထား"

"ဟာကွာ"

ချစ်ကိုက တွယ့်ရင်ဘတ်ကို သူ့လက်နှင့်ဖိ၍ ခပ်နောက်နောက်ဆိုသဖြင့် တွယ် စိတ်တိုစွာ ချစ်ကို ဦးခေါင်းကို တွန်းလွှတ်ပြီး သူ့နေရာတွင် ပြန်ထိုင်လိုက်၏။

"ဘယ်လိုလဲ တွယ်။ ဒီတစ်ခါ လေးညှို့ရှင်ပစ်လိုက်တဲ့မြှားက မင်းနှလုံးသားကို တည့်တည့်လာစိုက်သွားပြီမဟုတ်လား။ တွယ် . . . တွယ် . . . ဒီတစ်ခါတော့ "မင်း" သားကောင်ဖြစ်ရတော့မယ်ထင်တယ်"

အကြောင်းသိသူမို့ နေလင်းက တွယ့်စိတ်ကို တလိကြည့်သည်။ မိန်းကလေးတွေကို လိုက်လံငေးမောကြည့်သည့်အခါဆိုတာ တွယ့် ရာဇဝင်မှာ မရှိဖူးသည်မို့ အခြေအနေကို နေလင်း သုံးသပ်မိပါသည်။



www.burmeseclassic.com

www.burmeseclassic.com



"အေးကွာ။ ငါ့ကို ရင်ခုန်နိုင်အောင် ဆွဲဆောင်တဲ့ မိန်းကလေးမရှိဘူးလို့ လေတွားလို့မှ ဘာရိတ်မအုပ်ရသေးဘူး။ တားဘီးအပေါက်ကို လေထိုးသလိုဖြစ်နေပြီ။ ဒီတစ်ခါတော့ ရေရေလည်လည် တကယ်ကြွေတယ်ကွာ"-

"ရေရေလည်လည် ကြွေသွားရင် ပြေပြေလည်လည်ဖြစ်သွားဖို့ မင်း ဘယ်လိုကြိုးစားမလဲ"

"စောင့်ကြည့်လေ"

တွယ် ရဲရဲကြီး အာမခံနေသည်။ သူ တကယ်ပင် ကြိုးစားဖို့ ဆုံးဖြတ်လိုက်သည်။ ရှေးဘဝက ဘယ်လိုရေစက်ရှိလို့များ မြင်မြင်ချင်းချစ်. တန်းတန်းစွဲ ဖြစ်ရပါလိမ့်။ တွယ့်ကို အံ့ဩစွာကြည့်နေသော သူမ၏ မျက်ဝန်းညိုကလေးကပဲ ဆွဲဆောင်မှုရှိနေသည်လား။ တွယ် သူတို့လေးတွေ ထိုင်နေသောနေရာသို့ သမင်လည်ပြန် ကြည့်ပြန်သည်။

"ဒီလောက်ရှုစားရရင် လုံလောက်ပြီထင်ပါရဲ့ တွယ်"



"အေးကွာ။ ကုမရတဲ့ ရောဂါကပ်သွားတာ ကျိန်းသေနေပြီ"

"အနှိုင်းမဲ့ ... မှာ ..."

"အနိုင်ကြိုမ်းနေရာမှာ ငါသာဆိုရင် ကြာသပတေးဆေးကျွေးပစ်လိုက်မှာပဲ"

ချစ်ကိုနှင့်နေလင်း တစ်ယောက်တစ်ပေါက် ပြောဆိုနေကြရာ ကြာသပတေးဆေးဟူ၍ တွယ့် မျက်နှာသည် သူငယ်ချင်းတွေဘက်သို့ ပြန်လှည့်၍လာသည်။ ကြာသပတေးဆေးဆိုသည်ကို တွယ် တစ်ခါမှမကြားဖူးသောကြောင့် ထူးဆန်းသလို နေလင်းကို ကြည့်မိသည်။

"ဘာလဲ ကြာသပတေးဆေး တစ်ခါမှမကြားဖူးဘူး"

နေလင်းက သူ့စကားဝှက်ကို တွယ် နားမလည်သောကြောင့် သဘောကျစွာ ရယ်လေသည်။ ချစ်ကိုက ခေါင်းကို ခါရမ်း၍ . . .

"မင်း ဘာရိန်းတွေ ပျက်စီးကုန်ပြီ"

"ဘာဖြစ်လို့လဲ။ ငါမသိလို့ မသိဘူးပြောတာ"

www.burmeseclassic.com

www.burmeseclassic.com



"ကြာသပဒေးဆေးဆိုတာ ကြွက်ဆေးကိုပြောတာပေါ့ . . . ကြွက်သတ်ဆေး . . . ကြွက်သတ်ဆေး"

ချစ်ကိုက စိတ်မရှည်သလို ခပ်ဆောင့်ဆောင့် ပြောမှပင် တွယ် သဘောပေါက်တော့သည်။

"ဟား . . . ဟား . . . တော်ပါပေတယ်ဗျာ။ ခင်ဗျားတို့ စကားဝှက်ကို မသိလိုက်လို့ ကျွန်တော့်မှာ အပြစ်ရှိပါတယ်။ နောက် မှတ်ထားပါမယ်နော်"

"မှတ်စရာရှိ နောက်မှမှတ်၊ ငါးရာ့ငါးဆယ်နိပါတ် တော်ပါမှတ်မှတ်။ ခုလောလောဆယ်တော့ လိုရာခရီးကို ဆက်ကြပါဦးစို့"

နေလင်းပြောမှပင် တွယ် သတိရတော့သည်။ မေမေသွားနိုင်းသည့် ဒေါက်တာ ဦးလှဖော်တို့အိမ်သို့ သွားရပေဦးမည်၊ မေမေ့ဆေးခန်းအတွက် လိုအပ်သော ဆေးပစ္စည်းတွေ သွားယူပေးရမှာ။ တွယ် စံပယ်ကုံးပိုင်ရှင်လေးကို နှုတ်ဆက်ကြည့်ဖြင့် လှမ်းမျှော်ကြည့်လိုက်သည်။ သူမတို့ကတော့ သူတို့ဘာသာ ရယ်မောနေကြသည်။ တွယ်ကို





မြင်ကြမည်မဟုတ်။

"ကဲ . . . မိကျောင်းသားတွေ ထ"

တွယ် ရှေ့မှ ဦးဆောင်၍ လက်ဖက်ရည်ဆိုင်ထဲမှ ထွက်ခဲ့တော့ နေလင်းနှင့်ချစ်ကိုပါ ထွက်ခဲ့ကြသည်။ လူကသာ ထွက်လာခဲ့ရသော်လည်း တွယ့်စိတ်တွေက စံပယ်ကုံးပိုင်ရှင်လေးထံမှာ တွယ်ကပ်၍ ကျန်ခဲ့မည်ထင်ပါရဲ့။



www.burmeseclassic.com

www.burmeseclassic.com



## အခန်း ( ၅ )

တွယ် ကိုယ့်အတွေးနှင့်ကိုယ် ပြုံးမိသွား၏။ အရင်ညတွေကဆိုလျှင် အိပ်ရာထဲဝင်လို့ ခေါင်းအုံးနှင့်ခေါင်းကပ်လိုက်တာနှင့် အိပ်ပျော်တာတ်သူပါ။

ဒီညတော့ . . .

ဘာကြောင့် အိပ်မပျော်နိုင်ဘဲ လူးလိုက်၊ လှိမ့်လိုက်ဖြစ်နေရသလဲဆိုရင် မျက်ဝန်းကို စိုးမိုးနေသူက စံပယ်ကုံးပိုင်ရှင်လေးပါ။ အိပ်မရတော့ ထထိုင်လိုက်ကာ





"မေမေရေ . . . မေမေ့ သား အိပ်လို့မရတော့ဘူးခင်ဗျာ့"

စိတ်လွတ်ကိုယ်လွတ်အော်ပြီး ဂစ်တာကို လှမ်းယူလိုက်သည်။

အင်း . . .

အိမ်ကလည်းမသိ။ သိလျှင်တော့ သူ့အိမ်ရှေ့သွားပြီး ဂစ်တာတီးရလျှင် အကောင်းသား။ ခုတော့ ကိုယ့်အိမ်ထဲမှာပဲ . . . .

ဒီတစ်ညတော့ ကောင်မလေးရာ . . . သံစဉ်လေးနဲ့ နှင်အိပ်ဖို့ရာ . . . ဂစ်တာလေးတစ်လက် ကိုယ်ထမ်းလို့လာ . . . မင်းလေးအိပ်ပြီလား . . .

"သား"

ခေါ်သံကြောင့် ဂစ်တာသံက တိခနဲ ရပ်သွားသည်။

"သား . . . မေမေ ခေါ်နေတယ်လေ"

"ဗျာ . . ."



www.burmeseclassic.com

www.burmeseclassic.com



## အခန်း ( ၅ )

တွယ် ကိုယ့်အတွေးနှင့်ကိုယ် ပြုံးမိသွား၏။ အရင် ညတွေကဆိုလျှင် အိပ်ရာထဲဝင်လို့ ခေါင်းအုံးနှင့်ခေါင်းကပ် လိုက်တာနှင့် အိပ်ပျော်တာတ်သူပါ။

ဒီညတော့ . . .

ဘာကြောင့် အိပ်မပျော်နိုင်ဘဲ လူးလိုက်၊ လှိမ့် လိုက်ဖြစ်နေရသလဲဆိုရင် မျက်ဝန်းကို စိုးမိုးနေသူက စံပယ်ကုံးပိုင်ရှင်လေးပါ။ အိပ်မရတော့ ထထိုင်လိုက်ကာ





"မေမေရေ . . . မေမေ့ သား အိပ်လို့မရတော့ ဘူးခင်ဗျာ"

စိတ်လွတ်ကိုယ်လွတ်အော်ပြီး ဂစ်တာကို လှမ်း ယူလိုက်သည်။

အင်း . . .

အိမ်ကလည်းမသိ။ သိလျှင်တော့ သူ့အိမ်ရှေ့သွား ပြီး ဂစ်တာတီးရလျှင် အကောင်းသား။ ခုတော့ ကိုယ့်အိမ် ထဲမှာပဲ . . . .

ဒီတစ်ညတော့ ကောင်မလေးရာ . . . သံစဉ်လေး နဲ့ နှင်အိပ်ဖို့ရာ . . . ဂစ်တာလေးတစ်လက် ကိုယ်ထမ်း လို့လာ . . . မင်းလေးအိပ်ပြီလား . . .

"သား"

ခေါ်သံကြောင့် ဂစ်တာသံက တီခနဲ ရပ်သွား သည်။

"သား . . . မေမေ ခေါ်နေတယ်လေ"

"ဗျာ . . . "



www.burmeseclassic.com

www.burmeseclassic.com



တင် . . . ပြောစမ်း၊ မေမေ့ကိုပြောစမ်းပါ၊ ချစ်လို့အလိုလိုက်ထားတာ အပေါင်းမှားပြီထင်ရဲ့"

ငြိမ်း ရင်ဘတ်ကလေးကိုဖိကာ ဆိုလေတော့၏

"ဟာ . . . . မေမေကလဲ"

"မေမေ့ကို ပွင့်ပွင့်လင်းလင်းပြောစမ်းပါ သားရယ်၊ သားမှာ . . . သားမှာ"

"မေမေ ဘာတွေလျှောက်ပြောနေတာလဲ၊ သားက ဘာကို ပွင့်ပွင့်လင်းလင်းပြောရမှာလဲ"

"သား . . . မိန်းမကိစ္စတွေလိုက်စား"

"ကြုံကြုံဖန်ဖန် မေမေရာ၊ သား အဲဒါတွေ စိတ်မဝင်စားဘူး၊ အဲဒီကိစ္စက ရောဂါကိုဝယ်ယူတာ၊ မေမေ့သားက အဲဒီလောက် မမိုက်ပါဘူး မေမေရာ"

"တော်ပါသေးရဲ့"

ငြိမ်း ရင်ဘတ်ကိုဖိ၍ သက်ပြင်းချလိုက်သည်၊ သားသည် သူ့ဘဝသူ့ကမ္ဘာပဲမို့ တစ်ခုခုဖြစ်မှာကို ငြိမ်းအလွန်မှ စိုးရိမ်မိပါ၏၊



"ဒါဆို . . . သားမှာ ဘာရောဂါရှိလို့ သား အိပ်ပျော်ရတာလဲဟင်"

"ရောဂါ"

"ဟုတ်တယ်လေ၊ မေမေက ဆရာဝန်တစ်ယောက်ဖြစ်နေပြီး သားရဲ့ရောဂါကို မသိရဘူးဆိုတော့ မေမေ ညံ့ရာမကျဘူးလား"

"မေမေရာ"

ကွယ် ရယ်ချင်ပက်တျိဖြစ်သွား၏၊ မေမေနဲ့သူကြားမှာ အဓိပ္ပာယ်ကောက်မှုတွေ ကွဲလွဲနေတာပါ၊

"သားမှာ ဘာရောဂါမှမရှိပါဘူး မေမေရာ"

"ဒါနဲ့ သားပဲ သားရဲ့ရောဂါက ဆေးမတိုးတော့ဘူး

"ကျိုင်ပဲ"

"ဘာ"

ကွယ် မျိုသိပ်လို့မရတော့တာကြောင့် ရယ်ချင်တာကို ဖွင့်ချပစ်လိုက်တော့၏၊

www.burmeseclassic.com

www.burmeseclassic.com



တင် . . . ပြောစမ်း။ မေမေ့ကိုပြောစမ်းပါ။ ချစ်လို့အလိုလိုက်ထားတာ အပေါင်းမှားပြီထင်ရဲ့"

ငြိမ်း ရင်ဘတ်ကလေးကိုဖိကာ ဆိုလေတော့။

"ဟာ . . . . မေမေကလဲ"

"မေမေ့ကို ပွင့်ပွင့်လင်းလင်းပြောစမ်းပါ သားရယ်။ သားမှာ . . . သားမှာ"

"မေမေ ဘာတွေလျှောက်ပြောနေတာလဲ။ သားက ဘာကို ပွင့်ပွင့်လင်းလင်းပြောရမှာလဲ"

"သား . . . မိန်းမကိစ္စတွေလိုက်စား"

"ကြုံကြုံဖန်ဖန် မေမေရာ။ သား အဲဒါတွေ စိတ်မဝင်စားဘူး။ အဲဒီကိစ္စက ရောဂါကိုဝယ်ယူတာ။ မေမေ့သားက အဲဒီလောက် မမိုက်ပါဘူး မေမေရာ"

"တော်ပါသေးရဲ့"

ငြိမ်း ရင်ဘတ်ကိုဖိ၍ သက်ပြင်းချလိုက်သည်။ သားသည် သူ့ဘဝသူ့ကမ္ဘာပဲမို့ တစ်ခုခုဖြစ်မှာကို ငြိမ်း အလွန်မှ စိုးရိမ်မိပါ၏။

•———ရွှေသော———•



"ဒါဆို . . . သားမှာ ဘာရောဂါရှိလို့ သား အိပ်မပျော်ရတာလဲဟင်"

"ရောဂါ"

"ဟုတ်တယ်လေ။ မေမေက ဆရာဝန်တစ်ယောက်ဖြစ်နေပြီး သားရဲ့ရောဂါကို မသိရဘူးဆိုတော့ မေမေ ညံ့ရာမကျဘူးလား"

"မေမေရာ"

တွယ် ရယ်ချင်ပက်ကျိဖြစ်သွား၏။ မေမေနဲ့သူ ကြားမှ အဓိပ္ပာယ်ကောက်မှုတွေ ကွဲလွဲနေတာပါ။

"သားမှာ ဘာရောဂါမှမရှိပါဘူး မေမေရာ"

"ဒါနဲ့ သားပဲ သားရဲ့ရောဂါက ဆေးမတိုးတော့ဘူး ဆို"

"ကျိုင်းပဲ"

"ဘာ"

တွယ် မျိုသိပ်လို့မရတော့တာကြောင့် ရယ်ချင်စိတ်ကို ဖွင့်ချပစ်လိုက်တော့၏။

•———ရွှေသော———•

www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၆)

စံပယ်ကုံးလေးကို တသသ နမ်းရှိုက်ရင်း စိတ်ထဲမှာ ကြည်နူးနေမိသည်။ ဒီစံပယ်ကုံးလေးကြောင့် သူမစိတ်ကူးထဲတွင် အမြဲပုံဖော်နေခဲ့တတ်သော စိတ်ကူးယဉ်ထဲက မင်းသားလေးကို ဒီနေ့ တွေ့ခဲ့ရပြီ။ သူမ ချစ်သူရည်းစားထားတဲ့အရွယ်မှာ သူမချစ်သူဖြစ်မည့်သူက ဟူသော စိတ်ကူးနှင့် ပုံဖော်ရေးဆွဲခဲ့သော ရွှေမင်းသားလေး ဆယ်တန်းလောက်ကတည်းက ယခုတက္ကသိုလ်ရောက်သည်အထိ သူမကို



ချစ်ကြိုက်ခဲ့ကြသူတွေ အများကြီးပါ။ ဒါပေမဲ့ . . . သူမ ည်သူကိုမှ ပြန်လည်ပြီး စိတ်မဝင်စားခဲ့။ ခု သူနှင့်တွေ့ ိုတ်ရသော ပရမ်းပတာ ဖြစ်သွားခဲ့ရသော သူမနှလုံးသား ကို ထိန်းချုပ်၍ မရတော့။ သူ့ရှေ့မှာ အယောင်ယောင် မှားမှားတွေတောင် ဖြစ်ခဲ့ရသည်။

"စံပယ်သုံးကုံး၊ ဘယ်လိုသုံးမလဲ၊ ပြုံး၍မေးသည် ဆိုတဲ့ တကြောင်းလေးက ပထမတန်းစာအုပ်ထဲမှာပဲပါ တော့ လူတိုင်းသိနေကြပါတယ်။ စံပယ်တစ်ကုံးတည်း ကို သမီးက ဘာတွေများ ပြုံးပြီးမေးနေတာလဲ သမီး"

ရုတ်တရက် အနားသို့ ရောက်လာပြီး မေးလိုက် သောအသံကြောင့် သစ္စာ စံပယ်ကုံးလေးကို အလန့်လန့် ချုပ်ချုပ်နှင့် နောက်တွင် ဝှက်ထားလိုက်၏။ ဖခင်က သူမ ချက်နာချင်းဆိုင်ဆိုဖာတွင် ဝင်ထိုင်လိုက်၏။ သူမ ရယ် လုပ်ကာ . . .

"စံပယ်ပန်းက မွှေးလို့ပါ ဖေဖေရဲ့"

"ဒီလောက်နွမ်းနေတယ် လွှင့်ပစ်ရောပေါ့"

www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၆)

စံပယ်ကုံးလေးကို တသသ နမ်းရှိုက်ရင်း စိတ်ထဲမှာ ကြည်နူးနေမိသည်။ ဒီစံပယ်ကုံးလေးကြောင့် သူမစိတ်ကူးထဲတွင် အမြဲပုံဖော်နေခဲ့တတ်သော စိတ်ကူးယဉ်ထဲက မင်းသားလေးကို ဒီနေ့ တွေ့ခဲ့ရပြီ။ သူမ ချစ်သူရည်းစားထားတဲ့အရွယ်မှာ သူမချစ်သူဖြစ်မည့်သူက ဟူသော စိတ်ကူးနှင့် ပုံဖော်ရေးဆွဲခဲ့သော ရွှေမင်းသားလေး ဆယ်တန်းလောက်ကတည်းက ယခုတက္ကသိုလ်ရောက်သည်အထိ သူမကို





ချစ်ကြိုက်ခဲ့ကြသူတွေ အများကြီးပါ။ ဒါပေမဲ့ . . . သူမ ညသူကိုမှ ပြန်လည်ပြီး စိတ်မဝင်စားခဲ့။ ခု သူနှင့်တွေ့ဆိုတ်ရသော ပရမ်းပတာ ဖြစ်သွားခဲ့ရသော သူမနှလုံးသားကို ထိန်းချုပ်၍ မရတော့။ သူ့ရှေ့မှာ အယောင်ယောင်အမှားမှားတွေတောင် ဖြစ်ခဲ့ရသည်။

"စံပယ်သုံးကုံး၊ ဘယ်လိုသုံးမလဲ၊ ပြုံး၍မေးသည်ဆိုတဲ့ တကြောင်းလေးက ပထမတန်းစာအုပ်ထဲမှာပဲပါသာတော့ လူတိုင်းသိနေကြပါတယ်။ စံပယ်တစ်ကုံးတည်းကို သမီးက ဘာတွေများ ပြုံးပြီးမေးနေတာလဲ သမီး"

ရုတ်တရက် အနားသို့ ရောက်လာပြီး မေးလိုက်သောအသံကြောင့် သစ္စာ စံပယ်ကုံးလေးကို အလန့်လန့်အချပ်ချပ်နှင့် နောက်တွင် ဝှက်ထားလိုက်၏။ ဖခင်က သူမနှင့် ချက်နှာချင်းဆိုင်ဆိုဖာတွင် ဝင်ထိုင်လိုက်၏။ သူမ ရယ်ကျဲကျဲလုပ်ကာ . . .

"စံပယ်ပန်းက မွှေးလို့ပါ ဖေဖေရဲ့"

"ဒီလောက်နွမ်းနေတယ် လွှင့်ပစ်ရောပေါ့"



www.burmeseclassic.com

www.burmeseclassic.com



ပေမယ့် ဥယျာဉ်မှူး အလစ်မှာ ခြွေခူးဖို့ စောင့်နေသူတွေက ပေါပေါဘိသနယ်။

ဓိန်းကလေးဆိုတာ နှင်းဆီပွင့်လေးတွေလိုပဲ၊ ဥယျာဉ်မှူးနဲ့တွေ့တဲ့ မိဘတွေက သမီးမွေးထားပြီဆိုရင် အလုကြည့်သက်သက်နဲ့ အမှန်ထားဦးတော့၊ လမ်းချိုး တစ်ကွေ့မှာတော့ ပန်းခိုးသူနဲ့တွေ့မှာအမှန် အလွဲမသွေ။ ပန်းကလေးတွေကို မြတ်နိုးယုယတာသသနဲ့ အမှန်တကယ် ဂရုစိုက်၍ ပန်ဆင်မည့် ပန်းသူခိုးနဲ့ဆိုလျှင် လက်ဆုပ် လက်ကိုင် ခိုးသည်ကို မိစေဦးတော့ ဥယျာဉ်မှူးတို့ရင်မှာ သိမ့်သိမ့်ခါလျက် ပီတိဖြစ်ကြစမြဲ။

အကယ်၍ ပန်းခိုးသူသည် မြင်တုန်းခဏ တသ သနှင့် အရိုးကိုဖြတ် အညှာကိုသပ်၍ ပွင့်ချပ်ကိုဖဲ့ခြွေ၊ ပွင့် ဖတ်ကို နင်းခြေခဲ့ရင် ဥယျာဉ်မှူးတို့ ရင်ကျိုးရမည်သာ။

"ဖေဖေ့ စေတနာ၊ မေတ္တာတွေကို သမီးနားလည် ပါတယ် ဖေဖေ"

"စေတနာတွေကို နားလည်ရုံနဲ့ မပြီးသေးဘူး





သမီး။ ပါးစပ်ကလည်းပြီး၊ လက်တွေ့လည်း မိဘကို ကျေးဇူးဆပ်နိုင်ရမယ်။ ကျေးဇူးတရားဆိုတာ ပေးတာစားပြီး ကိုယ့်တစ်ဝမ်းတစ်ခါးအတွက် ငါနေသာရင်ပြီးရောဆိုတဲ့ အမိပွားယမျိုးနဲ့ ကျေးဇူးဆပ်ခိုင်းနေတာ မဟုတ်ဘူးနော်၊ သမီးကို သမီးအလိမ္မာလေးဖြစ်စေချင်လို့ ဖေဖေ ပြောနေ တာ"

သစ္စာ ဖခင်ကို မဝံ့မရဲ မော့ကြည့်ရင်း . . .

"စိတ်ချပါ ဖေဖေ၊ ဖေဖေ မသိဘဲနဲ့ သမီး ဘာကို မှမလုပ်ပါဘူး။ ခုလည်း ဖေဖေထင်သလို သမီးမှာ ချစ်သူ ရည်းစားမရှိသေးပါဘူး"

သမီးဖြစ်သူ မလိမ်ညာတတ်တာကိုတော့ ဦး သက်ပိုင်မှူး သိပါသည်။ သို့သော် . . . သတိဆိုတာ ပို သည်မရှိတာကြောင့် မိဘတို့ ဝတ္တရားအတိုင်း မကောင်း တာဖြစ်မည်စိုး၍ ကြိုတင်သတိပေးခြင်းပါ။

"သမီးကို ဖေဖေ ယုံပါတယ်။ ဒါပေမဲ့ ယုံကြည်မှု ကိုတော့ သမီး အလွဲသုံးစား မလုပ်စေချင်ဘူး"



www.burmeseclassic.com

www.burmeseclassic.com



ပေမယ့် ဥယျာဉ်မှူး အလစ်မှာ ခြွေခူးဖို့ စောင့်နေသူတွေက ပေါပေါဘိသနယ်။

ဓိန်းကလေးဆိုတာ နှင်းဆီပွင့်လေးတွေလိုပဲ၊ ဥယျာဉ်မှူးနဲ့တူတဲ့ မိဘတွေက သမီးမွေးထားပြီဆိုရင် အလုကြည့်သက်သက်နဲ့ အမှန်ထားဦးတော့၊ လမ်းချိုး တစ်ကွေ့မှာတော့ ပန်းခိုးသူနဲ့တွေ့မှာအမှန် အလွဲမသွေ။ ပန်းကလေးတွေကို မြတ်နိုးယုယတာသသနဲ့ အမှန်တကယ် ဂရုစိုက်၍ ပန်ဆင်မည့် ပန်းသူခိုးနဲ့ဆိုလျှင် လက်ဆုပ် လက်ကိုင် ခိုးသည်ကို မိစေဦးတော့ ဥယျာဉ်မှူးတို့ရင်မှာ သိမ့်သိမ့်ခါလျက် ပီတိဖြစ်ကြစမြဲ။

အကယ်၍ ပန်းခိုးသူသည် မြင်တုန်းခဏ တသ သနင့် အရိုးကိုဖြတ် အညှာကိုသပ်၍ ပွင့်ချပ်ကိုဖဲ့ခြွေ၊ ပွင့် ဖတ်ကို နင်းခြေခဲ့ရင် ဥယျာဉ်မှူးတို့ ရင်ကျိုးရမည်သာ။

"ဖေဖေ့ စေတနာ၊ မေတ္တာတွေကို သမီးနားလည် ပါတယ် ဖေဖေ"

"စေတနာတွေကို နားလည်ရုံနဲ့ မပြီးသေးဘူး





သမီး။ ပါးစပ်ကလည်းပြီး၊ လက်တွေ့လည်း မိဘကို ကျေးဇူးဆပ်နိုင်ရမယ်။ ကျေးဇူးတရားဆိုတာ ပေးတာစားပြီး ကိုယ့်တစ်ဝမ်းတစ်ခါးအတွက် ငါနေသာရင်ပြီးရောဆိုတဲ့ အမိပွာယ်မျိုးနဲ့ ကျေးဇူးဆပ်ခိုင်းနေတာ မဟုတ်ဘူးနော်၊ သမီးကို သမီးအလိမ္မာလေးဖြစ်စေချင်လို့ ဖေဖေ ပြောနေ တာ"

သစ္စာ ဖခင်ကို မဝံ့မရဲ မော့ကြည့်ရင်း . . .

"စိတ်ချပါ ဖေဖေ၊ ဖေဖေ မသိဘဲနဲ့ သမီး ဘာကို မှမလုပ်ပါဘူး။ ခုလည်း ဖေဖေထင်သလို သမီးမှာ ချစ်သူ ရည်စားမရှိသေးပါဘူး"

သမီးဖြစ်သူ မလိမ်ညာတတ်တာကိုတော့ ဦး သက်ပိုင်မှူး သိပါသည်။ သို့သော် . . . သတိဆိုတာ ပို သည်မရှိတာကြောင့် မိဘတို့ ဝတ္တရားအတိုင်း မကောင်း တာဖြစ်မည်စိုး၍ ကြိုတင်သတိပေးခြင်းပါ။

"သမီးကို ဖေဖေ ယုံပါတယ်။ ဒါပေမဲ့ ယုံကြည်မှု ကိုတော့ သမီး အလွဲသုံးစား မလုပ်စေချင်ဘူး"



www.burmeseclassic.com

www.burmeseclassic.com



တစ်မျိုး ဖြစ်နေဦးမယ်"

သူ့ကို နှချိန်ထိ ကလေးတစ်ယောက်လို သဘော ထားပြီး အမြဲတမ်း စိုးရိမ်ပူပန်နေတတ်သော ကြီးကြီးမွေးကို သူ ပြုံးပြရင်း . . .

"ကျွန်တော် နေကောင်းနေပါပြီ ကြီးကြီးမွေးရဲ့ ဒီလောက်လည်း စိုးရိမ်မနေပါနဲ့"

ခေါင်းမာသော မှူးကို ကြီးကြီးမွေး ဘာမှဆက် မပြောတော့၊ အိမ်ထဲသို့ ခပ်သုတ်သုတ် ပြန်ဝင်သွားလေ သည်။ ကြီးကြီးမွေးဆိုတာ မှူး ငယ်စဉ်ကတည်းက အတူ တူနေလာခဲ့သော ထမင်းချက်ပါ။ အိမ်ဖော်ဆိုသော စကား လုံးကို မသုံးရက်လောက်အောင်ပဲ မှူးတို့မိသားအပေါ်မှာ သစ္စာရှိစွာ ကောင်းခဲ့သူပင်။

ကြီးကြီးမွေးကို ဆွေးမျိုးရင်းချာတစ်ယောက်လို ဆက်ဆံ၍ အမေတစ်ယောက်လိုလည်း မှူး ချစ်ခင်ခဲ့ပါ သည်။ မှူး ငယ်စဉ်ကဆို နည်းနည်းဆိုးချင်၏၊ သူ ဆိုးခဲ့ သမျှကို ကြီးကြီးမွေးက ဒူပေဒါပေ သည်းခံခဲ့ရသည်။ သူ





မှတ်မိပါသေးသည်။ ငယ်စဉ်က အိပ်ရာဝင်လျှင် ဂျိုကျတတ် သည်။ တစ်ခါဆိုလျှင် မမကြီးနှင့်အတူအိပ်ရင်း အိပ်ရာမှ ကုန်းထတော့ မမကြီးက . . .

"ဟဲ့ . . . မှူး . . . အိပ်လေ။ ဘာလုပ်ဦးမလို့လဲ"

"မမကြီးနဲ့ မှူး မအိပ်တော့ဘူး။ ကြီးကြီးမွေးနဲ့ပဲ သွားအိပ်တော့မယ်"

"ဒါက ဘယ်လိုဖြစ်ရတာတုန်း။ ကြီးကြီးက တစ် နေကုန်ပင်ပန်းထားတာ ခုလောက်ဆို အိပ်ပျော်နေတော့ မယ်။ လာပါ မမကြီးနဲ့ပဲအိပ်။ မှူးက လိမ္မာပါတယ်"

"မအိပ်ဘူး။ ကြီးကြီးမွေးနဲ့ပဲအိပ်မယ် . . .။ ကြီးကြီးမွေးရေ . . . အီး . . . ဟီး . . . ဟီး"

မှူး ကြီးကြီးမွေးကြားအောင် အော်ငိုပစ်လိုက် သည်။ မမကြီး ဘယ်လောက်ချော့ချော့ မရ။ မှူး ငိုသံ ကြားတော့ ကြီးကြီးမွေး မနေနိုင်။ မှူးရှိရာအခန်းသို့ သုတ်သီးသုတ်ပျာနှင့် ရောက်လာတတ်စမြဲ။

"ဘာဖြစ်တာလဲ။ သမီးကေသွယ် တံခါးဖွင့်ပါဦး။



www.burmeseclassic.com

www.burmeseclassic.com



မှူးလေး ဘာဖြစ်လို့လဲ"

"လာပြီ ကြီးကြီးမွေးရေ"

မမကြီး တံခါးဖွင့်ပေးလိုက်တော့ ဖေဖေနှင့်မေမေ ပါရောက်လာကြသည်။

"သားလေး ဘာဖြစ်လို့လဲ သမီးကြီး"

"မှူးက ကြီးကြီးမွေးနဲ့ အိပ်ချင်လို့တဲ့"

ဖေဖေနှင့်မေမေက ကြီးကြီးမွေးကို အားနာသလို လှည့်ကြည့်ရင်း သူ့ကို ချော့သည်။

"သားရယ် . . . မမနဲ့ပဲ အိပ်ပါလားကွယ်၊ ဒါမှ မဟုတ် မမလေးနဲ့ သွားအိပ်မလား"

"မအိပ်ချင်ဘူး။ သူတို့နဲ့မအိပ်ချင်ဘူး"

"ဘာဖြစ်လို့လဲ သားရဲ့"

"မမကြီးက အိပ်ရာထဲဝင်တာနဲ့ အိပ်ပျော်တာ။ မမလေးက စာပဲကျက်နေတာ။ မှူးကို ပုံပြောမပြဘူး။ ကြီးကြီးမွေးက ပုံပြောပြတယ်။ ကြီးကြီးမွေးနဲ့ပဲအိပ်မယ်"

ဖွတ်တရွတ် နိုင်သောသူ့ကို အားလုံးလက်လျှော့





ခဲ့ရသည်။ နောက်ဆုံး ကြီးကြီးမွေးနှင့်အတူအိပ်ပြီး ကြီးကြီး မွေးပြောပြသမျှ ပုံပြင်တွေကို နားထောင်ပြီး အိပ်ပျော်ခဲ့ရ သည့် ညပေါင်းတွေ မနည်းခဲ့။ ငယ်စဉ်က အကြောင်းတွေ ကိုတွေးပြီး တစ်ဦးတည်းပြုံးနေမိချိန်တွင် မိုးပုစဉ်းတစ် ကောင်၏ စူးစူးဝါးဝါးအော်သံကြောင့် သတိရကာ ပတ်ဝန်း ကျင်ကို ကြည့်လိုက်တော့ ချယ်ရီပန်းတွေ ဝေဝေဆာနေ တာကို မြင်ကွင်းထဲမှာ မြင်လိုက်ရ၏။

"ကြည့်စမ်း ချယ်ရီတွေ တော်တော်ပွင့်နေပြီပဲ"

ချယ်ရီပင်ကို မော့ကြည့်ရင်း တစ်ဦးတည်းရေ ရွတ်မိသည်။ ချယ်ရီကိုမြင်တော့ ရင်ထဲမှာ တစ်မျိုးဖြစ်သွား ရ၏။

ချယ်ရီပွင့်တွေကြားမှာများ ပုန်းလျှိုးနေတာဖြစ်ခဲ့ ရင် နင်ထွက်လာပါတော့လား ငြိမ်းရယ်။ ချယ်ရီတွေ ကြားမှာ နင့် အပြုံးမျက်နှာလေး ပေါ်လာလေမလားလို့ ချယ်ရီတွေပွင့်တိုင်း ချယ်ရီပွင့်တွေကို မော့ကြည့်ပြီး ရှာခဲ့ ရတာ နှစ်ပေါင်းနှစ်ဆယ်နီးပါးရှိခဲ့ပါပြီ ငြိမ်းရယ်။



www.burmeseclassic.com

www.burmeseclassic.com



ငယ်ငယ်တုန်းကဆိုရင် ချယ်ရီတွေပွင့်တိုင်း နင် ပန်ဖို့အတွက် ငါ ကြိုးစားပြီး ခူးခဲ့ရတယ်။ ခုတော့ ပန်သူမဲ့တဲ့ ပန်းကလေးတွေလည်း ငါနဲ့အတူ နင့်ကို လွမ်းနေကြရပြီ ငြိမ်း။

"ငြိမ်းရေ . . . ဒီမှာကြည့်စမ်း ချယ်ရီပန်းတွေ အရမ်းလှတာပဲ နင်ပန်ဖို့ ငါ ခူးလာတယ်"

သူ အားရဝမ်းသာနှင့် ပန်းတွေကိုပွေ့ပိုက်ပြီး ငြိမ်းဆီကို သွားခဲ့ပေမယ့် ငြိမ်းက မတုန်လှုပ်။ သူထင်ထားသည်က ပန်းတွေကိုမြင်ရင် ငြိမ်း ရုန်ပေါက်ပြေးလွှား၍ သူ့ဆီကိုလာပြီး သူ့လက်ထဲကပန်းတွေကို အတင်းပွေ့ယူမည်ဟု ထင်ထားတာ . . .။

ခုတော့ ငြိမ်းက သူထင်သလိုမဟုတ်။ မသိကျိုးကျွန်ပြုလျက် စာအုပ်တစ်အုပ်ကို သဲကြီးမဲကြီး ဖတ်နေသည်။ သူ ဒေါပွခဲ့ရ၏။

"ငြိမ်း"

မှူး ခပ်ဆောင့်ဆောင့် ခေါ်လိုက်တော့ ငြိမ်းက



စာကြည့်မပျက်ပဲထူးသည်။

"ဘာလဲဟ"

"နင်က ငါ့ကို ဂရုမစိုက်တဲ့သဘောလား"

သည်တော့မှ သူ့မျက်နှာကို ငြိမ်းက မော့ကြည့်သည်။

"ဘာကိုလဲ မှူးရဲ့"

သူ ဘာကြောင့် ဒေါသဖြစ်ရသည်ကို မသိဟန်နှင့်မေးသဖြင့် မှူးဒေါသက နှစ်ဆပိုသွားတော့၏။ စိတ်ထဲမှာ ငြိမ်းကို ဆွဲရိုက်ချင်စိတ် ပေါ်လာသည်။

"တောက်"

"မှူး" တောက်တစ်ချက်ခေါက်ကာ ပွေ့ပိုက်လာသောပန်းတွေကို မြေပြင်ပေါ်သို့ ပစ်ချပြီး ငြိမ်းရှေ့မှ ပြန်ထွက်လာခဲ့သည်။

"မှူး . . . ဟဲ့မှူး . . . နေဦးလေ"

သူ ငြိမ်းကို လုံးဝလှည့်မကြည့်တော့ . . .

"မှူး . . . မှူး"

www.burmeseclassic.com

www.burmeseclassic.com



နောက်မှ သူ့အမည်ကို တကြော်ကြော်ခေါ်ရင်း ငြိမ်း ပြေးလိုက်လာခဲ့သည်။

"နေဦးလေ၊ ဘာဖြစ်သွားတာလဲ"

သူ့လက်ကို လှမ်းဆွဲထားသော ငြိမ်းလက်ကို သူ ဖယ်ချပစ်လိုက်၏။

"ဖယ်စမ်းပါ"

"ငါ့ကို စိတ်ကောက်တာလား"

မှူး ဘာမှပြန်မဖြေဘဲ မျက်နှာကြီးသုန်မှုန်နေတာကိုကြည့်၍ ငြိမ်းက သဘောကျစွာ တခစ်ခစ်ရယ်လေသည်။

"ဘာရယ်တာလဲ"

သူ ဟောက်လိုက်တော့ ငြိမ်းက ပိုရယ်လေသည်။ မျက်စိပေါက်ပင် မပွင့်တော့ . . .

"မိငြိမ်း . . . ငါလက်သီးနဲ့ ဆွဲထိုးမိမယ်နော်"

"အမယ်လေး မှူးရယ်၊ ငါကြားဖူးတာကတော့ လူပုစိတ်တို၊ ခွေးပုရန်လိုတဲ့၊ နင်က အရပ်ကြီးဒီလောက်



ရှည်နေတာ ဘာဖြစ်လို့ စိတ်တိုရတာလဲ"

"နင် လုပ်ပုံက ဟုတ်လို့လား"

"ဘုရားရေ . . . ငါက ဘာလုပ်မိလို့ပါလိမ့်"

"တော်ပါတော့ ငြိမ်းရယ်၊ နင် ငါ့စေတနာကို အရမ်းစော်ကားတယ်ဟာ"

သူ့မျက်နှာ ညှိုးသွားပြန်တော့လည်း ငြိမ်း မနေနိုင်ပြန် . . .

"စိတ်မဆိုးပါနဲ့ မှူးရယ်၊ ငါက ပန်းတွေကို အမြတ်တနိုး မပန်တတ်လို့ပါ။ ငါ့ခေါင်းမှာ ပန်းပန်တာ နင် ဘယ်နှစ်ခါမြင်ဖူးလို့လဲ၊ ပန်းပန်ရင် ငါ စိတ်ရှုပ်လွန်းလို့ပါ"

ငြိမ်းပြောတာလည်း ဟုတ်နေပြန်သည်။ မှူးနှင့် ငြိမ်းက ခြံချင်းကပ်နေတဲ့ သူငယ်ချင်းတွေ၊ ငြိမ်း ပန်းပန်တာကို မတွေ့ဖူးခဲ့၊ ဒါပေမဲ့ သူခူးလာတဲ့ပန်းတွေကိုတော့ အားနာပါးနာနှင့် ပန်သင့်ပါသည်။

"ဟုတ်ပါတော့ဟုတ်ပါတယ်၊ ဒါပေမယ့် ငါ့စေတနာတိုတော့ နင် အသိအမှတ်ပြုသင့်တယ်"

www.burmeseclassic.com

www.burmeseclassic.com



"ကောင်းပြီလေ၊ ငါ ပန်းမကြိုက်ပေမယ့် နှင့် စေတနာကို အသိအမှတ်ပြုတဲ့အနေနဲ့ ချယ်ရီပန်းတွေကို ငါ မြတ်နိုးပါ့မယ် ကျေနပ်တော့နော်"

သည်တော့မှ မှုးမျက်နှာတွင် အပြုံးရိပ်ကလေး ဖြတ်သန်းကာ မြေပြင်ပေါ်တွင် ကျကျန်ခဲ့သော ချယ်ရီတွေကို နောက်ပြန်ကြည့်ရင်း . . .

"ဒါဆို ချယ်ရီပန်းတွေ နှင့်အတွက် အသစ်ခူးပေးမယ်၊ လာလိုက်ခဲ့"

ငြိမ်းလက်ကိုဆွဲကာ မှုး မိမိတို့ခြံထဲရှိ ချယ်ရီပင်ဆီသို့ ပြေးခဲ့သည်၊ ပြီး ငြိမ်းကို ချယ်ရီပန်းတွေ ခူးပေးခဲ့၏၊ ပျော်စရာကောင်းတဲ့ အချိန်လေးတွေကို ယခု ပြန်လည်၍ တမ်းတမိသည်၊

ခုလည်း ချယ်ရီတွေ ပင်လုံးကျွတ်ပွင့်နေပြီ ငြိမ်း၊ နှင်သာ ငါ့အနားမှာရှိနေရင် ဒီချယ်ရီပန်းတွေကို ငါ တက်ခူးနေလောက်ပြီ။ ဒါဆိုရင် နှင် ဘယ်လိုပြောမလဲ၊ ခုထိ နှင် ကလေးဆန်တုန်းပါလား မှုးရယ်၊ နှင့်အသက်အရွယ်နဲ့





သစ်ပင်တက်ဖို့ မသင့်တော့ဘူး၊ အိုကြီးအိုမနဲ့ ဖြစ်နေတာတောင် ကလေးကလား လုပ်ချင်တုန်း။ လာပြန်ဆင်းခဲ့" လို့ နှင် ပြောမှာပဲနော်၊ ခုတော့ ငြိမ်းရယ် . . . ချယ်ရီတွေ ဘယ်လောက်ပဲ ပွင့်နေပါစေ သူတို့အလှတွေ ဘယ်လောက်ပဲ ဝင့်ထည်နေပါစေ ငါ မခူးတော့ဘူး ငြိမ်း။



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၇)

"ဝေါ . . . ဝေါ"

မိုးသည် သည်းထန်စွာ ရွာသွန်းနေလေ၏။ ညက တည်းက မည်မျှပင် ရွာသွန်းထားသည်မသိ၊ မိုးရေဒက် ကြောင့်လား၊ လေဒက်ကြောင့်လားတော့မသိ၊ ပန်းအိုးထဲ မှ ပန်းပင်ကလေးများပင် ညွတ်ကိုင်းနေကြလေ၏။

စံပယ်ပန်းပင်ကလေးများဆိုလျှင် မြေပြင်ကိုပြန် လည်၍ ဦးချနေရ၏။ အေးစိမ့်စိမ့်ရှိလှသည်မို့ ဂျာကင်အင်္ကျီ





တစ်ထည်ကို ထပ်ဝတ်လိုက်သည်။

"မြေး . . . နိုးပြီလား"

"ဟုတ်ကဲ့"

"ကော်ဖီသောက်မလား"

"ဟုတ်"

"ပန်းချယ်ရီ" ရိပ်မြုံတွင် "တွယ်" သည် ဆည်း လည်းလေးတစ်လုံးမို့ သည်အိမ်ကြီးမှာရှိသမျှ လူအားလုံး သည် အရေးပေး အလေးထားကြလေ၏၊ အားလုံးထဲမှာ အပိုဆုံးက ဒေါ်စောမြမူ . . .

ဒေါ်စောမြမူသည် မြန်မာအမျိုးသမီးဖြစ်သော် လည်း ပုံစံက ကရင်မကြီးလို ခပ်ဆင်ဆင်ဖြစ်နေသဖြင့် ငြိမ်းက အမိုးဟုခေါ်ခဲ့ခြင်းပင်။

ကြီးတော်နှင့် ကြီးမားဖြစ်နေကာမှ မိခင်နှင့်မခြား မေတ္တာတွေထားခဲ့သည့် မိထွေးကို မေမေဟု ခေါ်ရမှာ ခက်သဖြင့် "အမိုး" ဟု နာမ်စားသုံး၍ ခေါ်ခဲ့ခြင်းပင်၊ သား အချစ် မြေးအနှစ်ဆိုသလို "ငြိမ်း" ရဲ့ဖေဖေနှင့် ဒေါ်စောမြ



www.burmeseclassic.com

www.burmeseclassic.com



မှ အိမ်ထောင်ကျပြီး ကလေးမရနိုင်သော ဒေါ်စောမြမှုသည် ငြိမ်းကို သမီးအရင်းကို ချစ်ခဲ့သဖြင့် "တွယ်" သည် သူမ၏ အနှစ်ကလေး ဖြစ်ခဲ့၏။

"နှင်းမြရေ . . . မြေးနိုးလာပြီ၊ ကော်ဖီဖျော်ခဲ့ပါ ဟေ့"

"ဟုတ်ကဲ့"

"ဟာ . . . ဘွားကလဲ"

"ဘာလဲ မြေးရဲ့"

"မြေးက လက်ဖက်ရည်ဆိုင်မှာ သောက်ချင်တာ ဘွားရဲ့၊ အဲဒါမှ ပူတင်းလေးဘာလေးစားရမှာ အိမ်မှာက သား ကြိုက်တဲ့ ပူတင်းမှမရှိတာ"

"ကဲ . . . ကွဟေ့ . . . ကွ"

"ဒါဆို မုန့်ဖိုးပေး၊ သား လက်ဖက်ရည်ဆိုင်ပဲသွား တော့မယ်"

"ဒီကလေးနှယ် . . . မိုးတွေ ဒီလောက်ရွာနေဘာ ကို"

●———ရှုမော———●



သိတယ်လေ၊ မိုးတွေရွာနေလို့လည်း "တွယ်" ဒီ အခွင့်အရေးရအောင် တမင်ဖန်တီးပြီး ပူတင်းစားချင်တယ် လို့ ပြောတာပါ။ ငယ်ငယ်လေးတည်းက မိုးရွာရင် "တွယ်" ပျော်သည်၊ လူကြီးတွေမသိအောင် မိုးရေထဲမှာ ဆင်းကစား လို့ မေမေရိုက်တာခံရတာလည်း မကြာခဏ။

ဒါပေမဲ့ "တွယ်" အရိုက်ခံရလည်း အမှတ်မရှိ၊ ထို့ ကြောင့် "တွယ်" ငယ်ငယ်တုန်းက တွယ့်ကို ဘွားဘွားက "မိုးပျော်" မင်းသားဟု ခေါ်ခဲ့သည်။

"ဘွားကလည်း မိုးရွာတာများ အဆန်းလုပ်လို့ မိုး ရွာရင် စောင်ခြုံကွေးတာ လူပျင်းတွေရဲ့အလုပ်၊ သားက လူ ပျင်းကြီး မလုပ်ချင်ဘူး"

"တွယ်" စိတ်ပျက်သလို ကိုယ်ကိုတွန့်လိမ်၍ ဘွား ရင်ခွင်ကို ခေါင်းနှင့် တိုးဝှေ့ပြလိုက်သည်။

"တွယ် မင်းက ငါ့မြေးပါ၊ မင်းအကြောင်းမသိရင် ခက်မယ်၊ မိုးရွာရင် လျှောက်သွားချင်တာ မင်းအကျင့်ပဲ လေ"

●———ရှုမော———●

www.burmeseclassic.com

www.burmeseclassic.com



"နေပူလည်း သွားတာပဲ ဘွားရယ်"

"တွယ့်" စကားကြောင့် ဘွားက မျက်စောင်းထိုးလေသည်။ ဒါကိုပင် တွယ်က မျက်နှာချိုသွေးကာ ဟီးခနဲ ရယ်ပြလိုက်၏။ ဒေါ်စောမြမှ မနေသာတော့ ရှေးထုံးလည်း မပယ်နဲ့၊ ရှေးသုံးလည်းမကြွယ်နဲ့ ဆိုတဲ့အတိုင်း ရှေးထုံးနည်းအရ ဝတ်ဆင်ထားသော ရွှေးခံအင်္ကျီအိတ်ထဲမှ ပိုက်ဆံကိုနှိုက်၍ တွယ့်ကို ပေးလေတော့သည်။

"ကဲ မိုးပျော်မင်းသားရေ . . .ရော့ . . .ရော့"

"အဟဲ . . .ဒါကြောင့် အဘွားကို ချစ်ရတာ ဘွားက သိပ်လိမ္မာတာပဲ"

"အံ့မယ် . . . သူကများ လူကြီးကို လိမ္မာတယ်လို့"

"တွယ်" ဘွားလက်ထဲမှ ပိုက်ဆံကို ဆတ်ခနဲယူ၍ ဂျာကင်အင်္ကျီအိတ်ထဲသို့ ထိုးထည့်လိုက်သည်။ အပေါ်ထပ်သို့ ပြေးတက်ပြီး မိုးကာအင်္ကျီကို တစ်ခါထပ်ဝတ်လိုက်သည်။ လက်မှလည်း ထီးတစ်ချောင်းကိုကိုင်၍ ပြန်ဆင်းလာခဲ့၏။



"မြေး . . .ကားယူမသွားဘူးလား"

"မယူတော့ဘူး ဘွား။ မိုးရွာနေတယ်။ သွားပြီ ဘိုင့်ဘိုင့်"

သူ ဘွားကို နှုတ်ဆက်ပြီး အိမ်ထဲမှ ပြေးထွက်လာခဲ့သည်။ ဘွားရှေ့မှာ ကြာကြာရပ်နေရင် မိုးရွာထဲကိုသွားရင် အအေးပတ်မှာစိုးလို့ ဘာညာ သာရကာတွေပြော၍ ပူညံပူညံ လုပ်ဦးမည်။ ဘွားရှေ့မှ မြန်မြန်လစ်ရတော့၏။

မိုးရေထဲမှာ အချစ်ရေ× × × ကိုယ်တစ်ယောက်တည်း တွေးချင်တိုင်းတွေးနေမယ်× × ×

မိုးရေစက်တွေကို လက်နှင့်ဖြန့်ခံရင်း သီချင်းတစ်ပိုင်းတစ်စကို အော်ဆိုလိုက်သည်။ ထီးပါသော်လည်း တွယ် မဆောင်းပဲ ခါးကြားတွင် ထိုးထားခဲ့သည်သာ။ ကလေးတစ်ယောက်လို မိုးရေထဲမှာ ခုန်ပေါက်၍ ဆော့ကစားလာခဲ့တော့သည်။ လမ်းတော်တော်လေး လျှောက်ခဲ့ပြီမို့ အိမ်နှင့် တော်တော်လေး အလှမ်းဝေးခဲ့သည်တွင်

"ဒုက္ခပါပဲ။ လေကကြမ်းလိုက်တာ။ တောက် . . .

www.burmeseclassic.com

www.burmeseclassic.com



ဒီထီးစုတ်နဲ့တော့ စိတ်ညစ်လိုက်တာ"

ညည်းညူသံကြောင့် "တွယ်" လှည့်ကြည့်လိုက်သည်။ ဆောင့်တိုက်လိုက်သော လေကြမ်းတစ်ချက်ကြောင့်ထင်ပါ၏။ အပေါ်သို့လန်သွားသောထီးကို လက်နှင့်ဆွဲချနေသော မိန်းကလေးတစ်ယောက်ကို တွေ့လိုက်ရသောကြောင့် "တွယ်" ခြေလှမ်းတွေ ရပ်တန့်သွားလေ၏။

ကူညီသင့် မကူညီသင့် စဉ်းစားနေခိုက် နောက်တစ်ကြိမ် လေကြမ်းက ဆောင့်တွန်းလိုက်ပါသဖြင့် မိန်းကလေး၏ဆံနွယ်စတွေက လွင့်လူ၍ သူမ၏မျက်နှာကို သေရာစွာ ဖော်ပြလိုက်သည်။

"ဟင်. . . သူပါလား"

နှုတ်မှ တိုးတိုးရေရွတ်ရင်း လက်တွေက အလိုလိုခါးကြားထဲမှ ထီးကိုဆွဲထုတ်၍ ဖွင့်ပြီးသားဖြစ်သွားလေသည်။ နှလုံးသား၏လှုပ်ရှားမှုတွေက ပိုပြီး မြန်ဆန်သွက်လက်နေမည်ထင်ပါ၏။ သူမကို အပြေးကလေး ထီး မိုးပေးလိုက်သည်။





"ဟင်"

သူမက သူမအပေါ်ကျနေသော မိုးစက်ပွင့်တို့ ရုတ်ခြည်းပျောက်ကွယ်သွားသဖြင့် အံ့သြဟန်နှင့် လှည့်ကြည့်ပြီး သူ့ကိုမြင်တော့ နှုတ်ခမ်းဖူးဖူးလေး ပွင့်ဟသွားလေသည်။

"လေကလည်း ကြမ်းလိုက်တာနော် . . . ထီး ဘာဖြစ်သွားတာလဲ"

"ကိုင်း ကျိုးသွားတာ"

"တို့ ထီး ယူသွားလေ"

"ဩော် . . . မဟုတ်တာ။ နေပါစေ"

"ယူပါ။ မင်းကို မိုးရွဲမှာစိုးလို့"

သူ့အကြည့်တွေကို ရင်မဆိုင်ရဲစွာ သူမက မျက်လွှာချ၍ ခေါင်းခါလေသည်။ သူကတော့ ထီးကလေး မိုးထားမိဆဲ . . .

"ဘာဖြစ်လို့လဲ"

"တို့နဲ့သူက သိမှမသိပဲ"

www.burmeseclassic.com

www.burmeseclassic.com



"သိမှယူမှာလား"

"..."

"ကဲပါ။ မင်းနဲ့ကိုယ်နဲ့ အခု သိသွားပြီလို့ သဘော ထားလိုက်။ မင်းရဲ့ထီးက ဆောင်းလို့မှမရတော့တာ။ ကိုယ့် ထီးကိုပဲ ယူသွားတော့နော်"

သူမက တွယ့်ကို မရဲတရဲလေး မော့ကြည့်တော့ ပြုံးပြလိုက်သော တွယ့် အပြုံးသည် နူးညံ့သိမ်မွေ့လွန်းလှ၏။ သူမက တွယ့်လက်ထဲမှ ထီးရိုးလေးကို ဆုပ်ကိုင်၍ ယူ လိုက်သည်။

"တို့ သွားတော့မယ်"

"လိုက်ပို့ပေးမယ်လေ"

"..."

သူမက ခွန်းတုံ့ ပြန်မဆိုပါသဖြင့် တွယ် သူမ ဘေးနားမှ ကပ်လိုက်လာခဲ့သည်။

"ဒါနဲ့ မင်းနာမည် ကိုယ် သိခွင့်ရှိမလား"

"သူ့နာမည် အရင်ပြောလေ"



သိမ်မွေ့သောဟန်၊ သာယာသောအသံနှင့် ချိုမြိန်သော သူမ၏အပြုံးတွေကြောင့် နှလုံးသားတစ်ခုလုံး ရင်ခုန်နှုန်းတိုးမြင့်လာခဲ့သည်။

"ကိုယ့်နာမည်လား"

"ဟုတ်တယ်လေ"

"တွယ်တာမှုး၊ အများကတော့ တွယ်လို့ခေါ်ကြတယ်။ ကျောင်းနာမည်စာရင်းထဲမှာ အပြည့်အစုံက တွယ်တာမှုးတဲ့။ ဒါပေမဲ့ မေမေက ဘာဖြစ်လို့လဲမသိဘူး။ နောက်က မှုးဆိုတဲ့တစ်လုံးကို ထည့်မခေါ်ဘူး မုန်းလို့တဲ့"

"အဆန်းပါလား။ ဒါနဲ့များ ဘာလို့ ထည့်မှည့်ထားသေးလဲ"

"ကိုယ့်ကို အဘွားက နာမည်ပေးတာတဲ့။ ကျောင်းအပ်တော့လည်း အဘွားပဲ လိုက်အပ်ပေးတာလေ"

"ဪ"

"ဪ မနေနဲ့။ မင်းနာမည်ပြောဦးလေ"

"အဟင်း . . . နာမည်အပြည့်အစုံက [illegible]သွာ

www.burmeseclassic.com



ကျော်တဲ့။ အချို့က ပန်းသစ္စာ၊ အချို့က သစ္စာကျော် အမျိုးမျိုးခေါ်ကြတာပဲ"

"ကိုယ်ကတော့ သူများမခေါ်တာပဲ ရွေးချယ်ချင်တယ်"

"ဒါဆို ဘယ်လိုခေါ်မှာလဲ"

"သစ္စာလို့"

"ခေါ်လေ . . . သူလိုပဲ တို့ကို သစ္စာလို့ခေါ်တဲ့သူ တစ်ယောက်ပဲရှိတယ်။ ခု သူနဲ့ဆို နှစ်ယောက်ပေါ့"

"တစ်ယောက်က ဘယ်သူလဲဟင်"

စိုးရိမ်စိတ်တို့နှင့် ပျာပျာသလဲ မေးမိတော့၏။

"ဖေဖေလေ"

"တော်ပါသေးရဲ့"

သူ့မအဖြေကို ကြားရတော့ တွယ် ဝမ်းသာစွာ သတိလက်လွတ် ပြောချလိုက်၏။

"ဘာပြောတာလဲ"

"ဩ် . . . ဟို . . . ဟိုဒင်း တို့ခေါ်သလို ခေါ်တဲ့



သူ များများမရှိလို့ အဟင်း"

"သူ ပြန်ရင်ပြန်တော့လေ . . . မိုးတွေစိုနေပြီ"

"အစကတည်းက စိုပြီးသားပါ"

"အအေးမိပြီး ဒုက္ခရောက်မှာစိုးလို့ပါ"

"ရောက်ပါစေ ဒီဒုက္ခမျိုးကို တစ်ခါတစ်ရံ ကြုံရလည်း ကိုယ် မမှုပါဘူး"

တွယ် အရမ်းပျော်နေပုံရသည်။ ကလေးတစ်ယောက်ပမာနယ် ပန်းသစ္စာဆောင်းထားသော ထီးဆီမှ လျှောကျလာသော မိုးရေစက်တွေကို လက်နှင့်ခံ၍ ဆော့ကစားနေပြန်သည်။ လမ်းတစ်လျှောက်လုံး စကားတွေ ဖောင်ဖွဲ့၍ ဆိုလာရင်း နှစ်ဦးသားရင်းနှီးမလေးတွေ ရခဲ့ကြသည်။

"ဟို . . . သစ္စာတို့ အိမ်နားရောက်တော့မယ်။ ပြန်တော့နော်"

"သစ္စာရဲ့ သူငယ်ချင်းဖြစ်သွားပြီလေ။ အိမ်အထိ လိုက်လို့မရဘူးလား"

www.burmeseclassic.com

www.burmeseclassic.com



"မရဘူး"

"ဘာဖြစ်လို့လဲ"

"သစ္စာမှာ ယောကျ်ားလေးသူငယ်ချင်း သိပ်မရှိတော့ ဖေဖေ ယုံမှာမဟုတ်ဘူး။ ပြီးတော့ ယောကျ်ားလေးသူငယ်ချင်းထားတာကိုလည်း ဖေဖေ မကြိုက်ဘူး"

သည်တော့မှ "တွယ်" ခြေလှမ်းတွေ ရပ်တန့်သွားလေသည်။ တွယ် ကြားဖူးသည်မှာ ယောကျ်ားလေးတွေက မိန်းကလေးတွေ မကြိုက်တာကို ဖွင့်ပြောရင် မိန်းကလေးတွေက မုန်းသွားတတ်တယ်တဲ့၊ သစ္စာ ဆန္ဒကို သူ လိုက်လျောကာ ရပ်လိုက်ခြင်းပါ။

"သွားမယ်နော်"

သူမနှုတ်ဆက်တော့ "တွယ်" လက်ပြရင်း မျက်စိတစ်ဖက်မှိတ်ပြလိုက်သည်။ သစ္စာ ရှက်ဝဲဝဲလေးဖြစ်ကာ ပြေးထွက်သွားလေတော့၏။





အခန်း (၈)

"ဟား . . . ဟား . . . ဟား . . . ဟား"

"ဘာရယ်တာလဲ၊ မင်းတို့က ငါ့ကို လှောင်တာလား၊ ငါ တစ်ယောက်စီ ဆွဲထိုးပစ်မှာနော်"

ကြီးကျယ်ခမ်းနားသော တိုက်ကြီး၏ ဧည့်ခန်းထဲတွင် လူငယ်တစ်စု ဝိုင်းဖွဲ့၍ တွတ်ထိုးနေကြသည်။ တွယ်တာ သူ့အကြောင်းကို ပြောပြတော့ သူငယ်ချင်းတွေက ရယ်လေသဖြင့် စိတ်တိုဟန်နှင့် လက်သီးဖြင့် ရွယ်လေသည်။



www.burmeseclassic.com

www.burmeseclassic.com



"စိတ်မဆိုးပါနဲ့ မျှော့ကြီးရာ မင်းတို့နှစ်ယောက် တွေ့ဆုံပုံကို ငါက သဘောကျလို့ပါကွ"

"ဟာ . . .ဟော့ကောင် . . . ငါ့ကို အဲဒီလိုခေါ်တာ ပိုပြီး အပြစ်ကြီးတယ်နော်"

တွယ်တာ သူ့ကို လူတွေမှာ ကပ်တွယ်တတ်တဲ့ မျှော့နှင့် နှိုင်းတာကို မကြိုက်၍ ဆိုလိုက်ခြင်းပါ။ ငယ်ရွယ်သူတွေမို့ ပူပင်သောကဆိုတာ သူတို့ဘဝမှာ မရှိဟု ထင်ထားကြပုံရပါသည်။

"ဒီလောက် အရာရာဆန်းပြားနေတဲ့ ခေတ်ကြီးထဲမှာ မင်းတို့နှစ်ယောက် ဖာတ်လမ်းစပုံက ရိုးရိုးတုံးတုံးကြီး နိုင်လွန်းဟာကွာ"

လွင်မင်းဆွေက ထပ်ဆင့်၍ ရှုတ်ချနေပြန်ပါပြီ။

"ဟော့ကောင်တွေ ဘာမှသုံးစားမရတဲ့ မင်းတို့ ဦးနှောက်ထဲမှာ ပိုးထိုးလောက်ကိုက် အတွေးအခေါ်တွေပဲ ရှိတာမို့လား"

"ထွီ . . . ရွံစရာကြီး"



"မသေမချင်းမှတ်ထား၊ ခေတ်တွေဘယ်လိုပဲ ပြောင်းပြောင်း အချစ်ရဲ့ဒသနက ပြောင်းလဲမသွားဘူး။ ဟောင်းနွမ်းခြင်းလည်း မရှိဘူး။ အသစ်တွေ ဘယ်လိုပဲ ဆောင်းကောင်း အဟောင်းမှာပဲ တလည်လည်ဆိုတဲ့စကားကို မင်းတို့ မကြားဖူးကြဘူးလား။ အဲဒီအဟောင်း အဟောင်းတွေထဲက ထုတ်နုတ်ပြီး အသစ်အဆန်းတစ်ခုဖြစ်အောင် ဆေးရောင်တွေခြယ်၊ သံစဉ်တွေစီထည့်ပေးရတာကဗီလင် တစ်မျိုးကွ"

"ဟာ . . . ဂွတ်တယ်ကွာ . . .ပြောင်မြောက်လိုက်တဲ့ စကားလုံးတွေ ကျွန်တော်ကိုလည်း သင်ပေးပါ ဆရာရယ်"

ချစ်ကိုက "တွယ်" ကို လက်ဆွဲနှုတ်ဆက်ဟန်ပြုပြီး ချီးကျူးလေ၏။ သည်တော့ နေလင်းက ပခုံးတွန့်လေသည်။ လွင်မင်းဆွေက လက်ဖျစ်တစ်ချက်တီးလိုက်ကာ

"လေးစားတယ်ကွာ . . . နောက်က ငါးကပ်ပြီး ကြော်စားပစ်မယ်"

www.burmeseclassic.com

www.burmeseclassic.com



"သောက်ရှူး"

"တွယ့် စကားကို ငါတော့ လက်ခံတယ်။ ခုဆိုရင် အဆိုတော်လောကမှာ စန္ဒယားချစ်ဆွေရဲ့ သီချင်းတွေကို စိုးစန္ဒာထွန်းက ပြန်ဆိုတယ်၊ မာမာအေးရဲ့ သီချင်းတွေကို နီနီဝင်းရွှေက ပြန်ဆိုလို့ဆို။ သူစီးရီး ငါဆို၊ ငါ့စီးရီးသူဆိုနဲ့ ပြီးတော့ ရှေးဟောင်းပစ္စည်းတွေကိုလည်း ပြုပြင်ပြောင်းလဲပြီး ရောင်းနေကြတာပဲ မဟုတ်လား။ ဒီတော့ "တွယ်" ပြောတာ သဘာဝကျပါတယ်"

ချစ်ကိုက တရုတ်ကားတွေထဲက ရှောင်လင်သိုင်းဆရာကြီးစတိုင်လ်ဖြင့် ပြောလေသည်။ တွယ်က ချစ်ကိုခေါင်းကို လက်ဝါးနှင့်အုပ်ကိုင်ကာ . . .

"မင်း မဆိုးဘူး။ အဖေတူသားပဲ။ ငါ့ခြေရာကို နင်းတဲ့သား"

"သေရာကိုလိုက်ပေါင်းနိုင်ရင်တော့ ငါ့ကုသိုလ်ပေါ့"

ချစ်ကိုမှာ အမေမရှိတော့။ မိတဆိုးလေးမို့ အဖေ





နှင့် ညီအစ်ကိုမောင်နှမတွေက အလိုလိုက်ခြင်းခံရသူ။ အငယ်ဆုံးမို့ ကဲချင်တိုင်းကဲနေရသူပင်၊ ချစ်ကိုက မိခင်မေတ္တာငတ်နေသူပါ။ သူ သုံးနှစ်သားအရွယ်မှာပင် အမေဖြစ်သူက ဆုံးပါးသွားခဲ့သည်။

"ဒါနဲ့ ကောင်မလေးနာမည်က ဘယ်သူလဲ"

"ပန်းသစ္စာကျော်လေ"

နေလင်း၏အမေးကို တွယ်က မဆိုင်းမတွပင် ဖြေလိုက်၏။

"ဂွတ်လိုက်တဲ့နာမည်ပဲကွာ"

"ဘာလဲ . . . ဗမာတစ်ခြမ်း၊ အင်္ဂလိပ်တစ်ဝက်နဲ့ သပွတ်သီးစကားတွေ"

ချစ်ကိုက ကြားဖြတ်ဝင်ပြောလေသဖြင့် နိုင်လင်းက ဟောက်လိုက်သည်။ သူတို့ပြောသမျှကို ငြိမ်၍ နားထောင်နေသော လွင်မင်းဆွေက . . .

"ဒါဆို မင်းတို့နှစ်ယောက် အဆင်ပြေသွားပြီပေါ့"

"ငါးဆယ်ရာခိုင်နှုန်းလောက်ပေါ့။ ခုရက်ပိုင်းက



www.burmeseclassic.com

www.burmeseclassic.com



သူနှင့်ငါ တော်တော်လေးတွဲဖြစ်ကြတယ်”

“ဒါကြောင့် မင်း ပျောက်ချက်က ကောင်းနေတာ ကိုး”

“ပျောက်ချက်သားကောင်းဆို ဒီကောင်ကြီး သစ္စာ အနားမှာ နာမည်နဲ့လိုက်အောင် တွယ် ကပ်နေတော့မှာ ပေါ့”

ချစ်ကိုပြောသလိုပင် တွယ် “သစ္စာ” အနားမှာ ထာဝရစွယ်ကပ်ခွင့် ကြုံချင်သည်။ သစ္စာနှင့်အတူ လျှောက်သွားနေရလျှင် တွယ် ပျော်သည်။

“ငါခေါ်သလို သစ္စာလို့ လိုက်မခေါ်နဲ့ကွာ၊ ဒီ နာမည်က ငါတစ်ယောက်တည်းခေါ်ဖို့”

“အဖြစ်သည်းလိုက်တာ”

နေလင်းက မကျေမနပ်အသံနှင့်ဆိုတော့ “တွယ်” ရယ်လေသည်။ ပြီးမှာ ချစ်ကိုက . . .

“ကိုယ့်ကို တကယ်ချစ်ခဲ့တဲ့ကောင်မလေးတွေကို မင်း မထီမဲ့မြင်ပြုခဲ့လို့ ဝဋ်လည်တာ”



သူငယ်ချင်းတွေ တစ်ယောက်တစ်ပေါက် တွယ့်ကို ဝေဖန်နေဆဲ အပေါ်ထပ်မှဆင်းလာသောသူကို မြင်၍ အားလုံး တိတ်ဆိတ်သွားကြလေသည်။ အားလုံး၏အကြည့်က လှေကားပေါ်သို့ စုပြုံရောက်ရှိသွားလေ၏။

“သား သူငယ်ချင်းတွေ ရောက်နေကြတာကိုး”

သူမက အပြုံးချိုချိုနှင့် နှုတ်ဆက်လေတော့ သွက်လက်သော ချစ်ကိုကပင် ပြန်လည်၍ နှုတ်ဆက် လိုက်သည်။

“ဟုတ်ကဲ့ . . . ဒီနေ့ ကျောင်းပိတ်တယ်လေ အန်တီရဲ့၊ ဒါကြောင့် စုပြီး စကားနိုင်လုနေကြတာ”

“ဪ . . . လေကြီးပြိုင်ကြတာဆိုပါတော့”

“အဟဲ”

အလျှောက်ကောင်းတော့ အထောင်းသက်သာ ဆိုသလို စကားလမ်းကြောင်းလွှဲ၍ ဖြေလိုက်သော ချစ်ကို ကို “တွယ်” ကျိတ်၍ ကျေးဇူးတင်မိသည်။ လွင်မင်းခွေက ဆိုဖာပေါ်မှ ထရပ်ရင်း . . .

www.burmeseclassic.com

"အန်တီ . . . လာပါ၊ ထိုင်ပါ ခင်ဗျာ"

လွင်မင်းဆွေ၏ ခပ်ကြောင်ကြောင်အပြုအမူကြောင့် "ငြိမ်း" ရယ်လေသည်။

"ညွှသည်က အိမ်ရှင်ကို နေရာပြန်ပေးပြန်ပြီ"

"ဟုတ်သားပဲ၊ မင်းကလည်း ညွှသည်က ဆန်တစ်ခွက်ကျူးချင်သလိုမျိုး"

နေလင်းက လွင်မင်းဆွေကို တံတောင်နှင့်တွတ်၍ ဆိုသည်။

"မင်းတို့ပျော်တတ်တာ အန်တီ သိပါတယ်၊ လွတ်လွတ်လပ်လပ်သာ စကားနိုင်လုကြ၊ အန်တီ ခြံထဲဆင်းပြီး လမ်းလျှောက်လိုက်ဦးမယ်"

"ဟုတ်ကဲ့ခင်ဗျာ့"

"ငြိမ်း" ခြံထဲကိုဆင်းသွားတော့မှ "တွယ်" တစကားပြန်စသည်၊ မေမေ့ရှေ့မှာမို့ စောစောက ငြိမ်ကုပ်နေရခြင်းပါ၊

"သစ္စာတို့အိမ်က ဓာတ်တော်စည်းကမ်းကြီးပုံပဲ



ကွ"

"ဘာဖြစ်လို့လဲ"

"သစ္စာ ဖေဖေက ယောကျ်ားလေးသူငယ်ချင်းထားတာ မကြိုက်ဘူးတဲ့"

"အပြင်မှာတွဲတာပဲ သူမြင်တာမှတ်လို့"

"မဟုတ်သေးဘူးကွ။ ငါက သစ္စာနဲ့မတွေ့ရတဲ့ရက်ဆို ရင်ထဲမှာ ဟာတာတာကြီးဖြစ်နေတာ။ သစ္စာအိမ်ကို လိုက်သွားချင်တယ်ကွာ"

"ဒါများ လွယ်လွယ်လေး"

လွယ်လွယ်လေးဟု ခပ်ပေါ့ပေါ့ပြောသော လွင်မင်းဆွေကို ဘဝင်မကျစွာ "တွယ်" မျက်ခုံးနှစ်ဖက်တွန့်၍ ကြည့်လိုက်သည်။

"ကဲ . . . ပြောစမ်းပါဦး ဉာဏ်ကြီးရှင်ရယ်။ ဘာမဟုတ်က ဟုတ်က အကြံပေးဦးမလို့လဲ"

လွင်မင်းဆွေက လက်ညှိုးကို ပါးစပ်ထဲသို့ တေ့ညှိုင်ပြီး ပါးစောင်ကိုထောက်ပြီး ဉာဘက်နံရိုးကို ဆက်

www.burmeseclassic.com



ထောက်လိုက်သည်။

"မင်းပြောသလိုပဲ "တွယ်" ငါပေးမယ့်အကြံက မဟုတ်က ဟုတ်ကထဲက အဆင်ပြေမယ့်အကြံပဲ။ မင်း စိတ်တော့ ရှည်ရမယ်နော်"

စကားပလ္လင်ခံနေသော လွင်မင်းဆွေကို "တွယ်" စိတ်မရှည်ချင်တော့ . . .

"ပြောမှာသာ ပြောစမ်းပါကွာ။ သစ္စာနဲ့ပတ်သက် လာရင် ငါ့ရဲ့စိတ်ကို အဆုံးမရှိ ဆွဲဆန့်ထားပြီးသား"

"မင်းကလည်း ဒေါနရှည်းလဲ။ စံပယ်လို ဖြူစင်စမ်းပါ"

နေလင်းက "တွယ်" မခံချင်အောင်စသည်။ လွင်မင်းဆွေက . . .

"ဒီလိုကွ"

"ဒီအကြံ မဆိုးဘူး"

"ဟေ့ကောင် . . . ငါ ဘာမှမပြောရသေးဘူးလေ"

"ဟုတ်သားပဲ။ ဘွာတေး . . . ဘွာတေး"

စိတ်လော၍ ခပ်ကြောင်ကြောင် ဆိုလိုက်မိခြင်း



ပါ။ နောက်မှ ကိုယ်အဖြစ်တွေးမိကာ ရှက်ရယ်ရယ်ပြီး မျက် နှာကို လက်ဝါးနှင့်ပွတ်လိုက်သည်။ လွင်မင်းဆွေက ယောက်ျားကြီးတန်မဲ့ မျက်စောင်းထိုးလေ၏။ ချစ်ကိုက

"လွင်လေး . . . ပြောလေကွာ"

"ပြောမယ် . . . ပြောမယ်။ ငါ ခုပြောမယ့်စကား ကို သေချာနားထောင်"

"ဟုတ်ကဲ့"

အားလုံး လွင်မင်းဆွေပြောမည့်စကားကို စိတ်ဝင် တစားစွာ နားစွင့်နေကြသည်။

"သစ္စာတို့အိမ်ကို "တွယ်" အလွယ်တကူ ဝင်နိုင် တဲ့နည်းလမ်းက မိန်းကလေးသူငယ်ချင်းတွေကို အကူအညီ တောင်းရမယ်"

နေလင်းက ဝင်၍ . . .

"မိန်းကလေးသူငယ်ချင်းဆိုရင် မှုမှုနဲ့ကြည်ပြာကို အကူအညီတောင်းမယ်ကွာ"

"မင်း မဆိုးဘူး နေလင်း။ လူရွေးတတ်သားပဲ ဂျီ

www.burmeseclassic.com



အကြံကို ကြိုသိနေပြီထင်တယ်"

"ဘာဖြစ်လို့လဲ"

ချစ်ကိုက စီးကရက်တစ်လိပ်ကို မီးညှိပြီး ဖွာလိုက်ရင်း မေးသည်။

"တကယ့်လုအိုးကွဲတွေကို ရွေးလို့လေ"

"ဒီလိုပဲ ဖြစ်ရမယ်လေ"

နေလင်းက သူ့ကိုသူ ဂုဏ်ယူသလိုပုံစံဖြင့် အကျီကော်လာစကို ဆွဲတင်ဟန်လုပ်ပြသည်။ "တွယ်" ကတော့ ဘာမှ နားမလည်ဟန်ဖြင့် ဆိုဇာကို မှီချလိုက်၏။

"တွယ် နားရှုပ်နေပြီထင်တယ်။ ကြည့်ပါလား ရုပ်ကိုက သရက်သီးနေလောင်မိထားတဲ့ရုပ် ဒီလိုကွ"

လွင်မင်းဆွေ စကားချိုလိုက်တော့ ခေါင်းလေးလုံးပူးကပ်သွားလေ၏။ လွင်မင်းဆွေ သူ့အကြံကို အကွက်စေ့ပြောပြတော့မှ အားလုံး သဘောကျစွာ ရယ်ကြလေသည်။

သူ့အကြံကိုလည်း အားလုံး သဘောတူလက်ခံကြောင်း လက်ဝါးချင်းရိုက်၍ အသိအမှတ်ပြုလိုက်ကြသည်။

●——ပျပေသာ——●



## အခန်း (၉)

"ပန်းချယ်ရီ" ရိပ်မြုံတွင် လူငယ်တစ်စု ရုတ်စီရုတ်စီနှင့် အလုပ်ရှုပ်နေကြသည်။ ဒေါ်စောမြမှတစ်ယောက် နားမလည်နိုင်စွာ ကွက်ကြည့်ကွက်ကြည့် လုပ်နေ၏။ "ငြိမ်း" က ဆေးခန်းသို့ သွားလေပြီ။ အိမ်ဖော်မလေး နှင်းမြဆီသို့ ချည်းကပ်၍ ဒေါ်စောမြမှ မေးကြည့်ဖို့ စဉ်းစားမိကာ နှင်းမြဆီသို့ လာခဲ့၏။ ဒီကိစ္စ နှင်းမြများ သိနေမလားလို့ပါ။

"ဟဲ့ . . . နှင်းမြ"

●——ပျပေသာ——●

www.burmeseclassic.com

www.burmeseclassic.com



"ရှင် . . . ဘွားလေး"

"ဟိုလူတစ်သိုက် ရုတ်ရုတ်ရုတ်ရုတ်နဲ့ ဘာတွေ လုပ်နေကြတာလဲ သိလား"

"နှင်းမြလည်း မသိဘူး ဘွားလေးရဲ့"

"ညည်းကလည်း သိတာပဲ မရှိဘူး"

ဒေါ်စောမြမှ ဗျစ်တောက်ဗျစ်တောက်နှင့်ဆိုကာ ထွက်သွားလေတော့သည်။ "တွယ့်" အခန်းထဲမှာတော့

"ကြည်ပြာရေ . . . နုတ်ခမ်းနီ ဘာအရောင်ဆိုး ပေးရင် ကောင်းမလဲဟင်"

မှုမှုက အဝတ်တွေရွေးနေသော ကြည်ပြာကို လှမ်းမေးလေ၏။

"တွယ်က အသားဖြူတော့ လိမ္မော်ရောင်လေး တင်ပေးလိုက်"

"အဟင်း . . . တွယ်က နှုတ်ခမ်းနီမတင်ရသေး တာတောင် တကယ့်မိန်းကလေးကျနေတာပဲ။ အရမ်းလှ တာပဲ"





"လှမှဖြစ်မှာဟ"

တွယ့်ကိုကြည့်၍ မှုမှုက ချီးကျူးသည်။ သူငယ် ချင်းတွေပြင်ပေးသမျှ ငြိမ်ခံနေသော တွယ်သည်လည်း သစ္စာနဲ့ အမြဲတွေ့ချင်နေသောကြောင့်သာ သူတို့ပြုသမျှ နုနေရသည်။

"ဟူး . . . နင့်တို့မိန်းကလေးတွေဘဝက မလွယ် ပါလားနော်။ ဟိုကစည်း ဒီကတုပ်နဲ့ ကောက်ညှင်းထုပ်ကျ နေတာပဲ။

တွယ် စိတ်ပျက်သလို ညည်းတွားမိတော့ မှုမှုနှင့် ကြည်ပြာက ရယ်လေ၏။

"ဒါ အသေးအမွှားပဲရှိသေးတာ"

"နင်တို့ ဘရာစီယာကြီးကိုလည်း သေချာအောင် တုပ်ပေးဦးနော် . . .။ တော်ကြာ အထဲက အဝတ်စတွေ ထွက်ကျနေရင် ဒုက္ခ"

"အေးပါ . . . တွယ်ရယ်"

ကျောပြင်ကြီးတွင် ဘရာစီယာလေးသာ ဝတ်



www.burmeseclassic.com

www.burmeseclassic.com



ထားရသေးသော တွယ် ရှုံ့ရှုံ့မဲ့မဲ့နှင့် ဆိုလေ၏။ ကျောပြင် ဖွေးဖွေးပေါ်တွင် အနက်ရောင် ဘရာစီယာလေးသာနေရာ ယူထားသဖြင့် ရုတ်တရက်ကြည့်လျှင် နိုင်ငံခြားမင်းသမီး ပုံပေါက်နေသော "တွယ့်" ကိုကြည့်၍ မူမူက တခွီးခွီးရယ် သည်။

"အထဲကလူတွေ မပြီးကြသေးဘူးလားဟ"

အပြင်မှာ စောင့်နေကြသော ယောကျ်ားလေးအုပ် စုကလည်း "တွယ်" ဘယ်လိုပုံမျိုးဖြင့် ထွက်လာမလဲဟု ကြည့်ချင်နေသည်။ ချစ်ကိုက စိတ်မရှည်စွာ လှမ်းအော် တော့ ကြည်ပြာကလည်း အထဲမှ ပြန်အော်သည်။

"ပြီးပြီဟေ့ . . . ခဏလေး"

မိန်းကလေးအဝတ်အစားများ ဝတ်ပြီးသွားသော အခါ "တွယ်" အလှသည် တကယ့် သစ်ခွလိပ်ပြာမလေး ပမာ။ လည်ပင်းက အသီးလေးပေါ်မည်စိုး၍ လည်ပင်းအုပ် သည်အထိ လည်ပတ်ကလေးရှိသော ချည်ထိုးကိုယ်ကျပ် အင်္ကျီအစင်းလေးကို ဝတ်ဆင်ထားသဖြင့် ယောကျ်ားလေး





ဆိုတာ မသိသူတော့ မခန့်မှန်းနိုင်။

"ရော့ . . . တွယ် . . . ဒီလက်ကိုင်အိတ်ကလေး ဆိုင်"

ကြည်ပြာပေးသော လက်ကိုင်အိတ် ရွှေညိုရောင် အလေးကိုယူ၍ တွယ် ညာဘက်လက်ကောက်ဝတ်တွင် ချိတ်လိုက်၏။ ပြီး . . .

သူ့ကိုသူ မှန်ထဲပြန်ကြည့်၍ သဘောကျနေသည်။ ကြာ တွယ့်ကို ခပ်ငေးငေးလေးကြည့်ရင်း . . .

"နင် အရမ်းလှတာပဲ တွယ်ရယ်။ ငါတို့သုံး ယောက် ယှဉ်သွားရင် ကောင်လေးတွေက ငါတို့ကိုကျော် ပြီး နင့်ကို ငမ်းကြမှာကျိန်းသေတယ် သိလား"

"ဒီလောက်လည်း မမြှောက်ပါနဲ့ဟာ။ ဒီနေ့ ငါ အောခံမှာပါ။ တကယ်ပြောတာပါ"

"ကဲ . . . စကားမများမနေကြနဲ့ သွားမယ်"

ကြည်ပြာကရှေ့မှ ဦးဆောင်၍ ထွက်ခဲ့ကြတော့ သည်။ "တွယ်" လမ်းလျှောက်ပုံက ခပ်နွဲ့နွဲ့ပင်။ ဒီလိုပုံမျိုး



www.burmeseclassic.com

www.burmeseclassic.com



ဖြစ်ဖို့လည်း ကြည်ပြာနှင့်မှုမှု တွယ့်ကို တစ်ပတ်တိတိ လမ်းလျှောက်သင်ပေးခဲ့ရသည်။ အပြင်သို့ ရောက်လေတော့ မှုမှုနှင့်ကြည်ပြာက တွယ့်ရှေ့မှ ဝိတ်ရပ်ထားပြီး အရစ်ရှည်သော တွယ့်ကို ခေါင်းငုံ့ရိုင်းထားသည်။

"ကဲ . . . သူငယ်ချင်းတို့ရေ ရှင်တို့ရဲ့ မရွှေချောကို ကြည့်ပါဦး၊ တော်တော်လေးမှ လှရဲ့လားလို့"

ကြည်ပြာနှင့်မှုမှု လှချင်းခွဲလိုက်တော့ နောက်မှ ပေါ်လာသော တွယ့် မျက်နှာကို နေလင်း၊ ချစ်ကိုနှင့် လွင်မင်းဆွေတို့ တအံ့တသြ ငေးမောနေကြလေတော့၏။

"တွယ် . . . ဟုတ်မှဟုတ်ရဲ့လားကွာ"

"ထင်ထားတာထက်တောင် ပိုလှနေပါလား"

"မှုမှုနှင့်ကြည်ပြာ တကယ်တော်တယ်ဟာ"

"နဂိုရှိလို့ နဂိုင်းထွက်တာပေါ့ဟယ်"

တွယ့်ကို ကြည့်နေကြသည့် မျက်ဝန်းအစုံတွေထဲမှာ ချစ်ကိုက အကဲဆုံး၊ မျက်တောင်ပင် ခတ်ဖို့မေ့နေပြီလား မသိတော့။ တွယ့်၏ မပွင့်တပွင့်အပြုံးလေးကပဲ ဆွဲ





ဆောင်နေသည်လား၊ လွင်မင်းဆွေက ချစ်ကို ရင်ဝကို လက်ဝါးနှင့်ဖိပေးရင်း . . .

"သူငယ်ချင်း . . . သတိထားနော် . . . အချင်းချင်းကွ အချင်းချင်း"

အားလုံးက ဝါးခနဲ ရယ်မိကြသည်။

"အေးကွာ . . . ငါတော့ ရင်တွေတောင်ခုန်လာတယ်၊ ဘယ်မိန်းကလေးကိုမှ ငါ ရင်မခုန်ခဲ့ဖူးသေးပါဘူး။ မင်းနဲ့ကျမှ ငါ့ရင်ထဲ မော်တော်မောင်းနေပြီ သူငယ်ချင်းရေ"

ချစ်ကိုက နောက်သည်။ တကယ်ပဲ နိုင်ငံခြားမိတ်ကပ်တွေရဲ့အစွမ်းကြောင့် "တွယ်" လှနေသည်။ အိုင်းရှဲဒိုး၏အစွမ်းကလည်း မျက်တောင်ကလေးများကို ကော့ညွတ်နေစေသည်၊ အနီခံပေါ်တွင် အနက်ရောင်ကလေးတွေ ဖြတ်စင်းထားသော ချည်ထိုးအင်္ကျီကလေးနှင့် ကိုရီးယားဂါဝန်လေးကို တွဲ၍ဝတ်ဆင်ထားသည်မှာ အချိုးကျလှ၏၊ ဆံပင်အဝတုကလည်း ပခုံးပေါ်မှာ ညီညာစွာ ဝဲကျနေ၏။



www.burmeseclassic.com

www.burmeseclassic.com



ဘယ်ဘက်ပခုံးပေါ်က ဆံပင်က မျက်နှာတစ်ခြမ်းနီးပါး ဖုံးအုပ်နေပြီး ညာဘက်ကတော့ ဆံနွယ်စကို နားရွက်နောက်သို့ သိမ်းတင်ထားပြီး အနီရောင်နှင်းဆီပွင့်ကလေးပါသည့် ကလစ်နှင့် ညှပ်ထားလေ၏။

"တွယ်သာ တကယ်မိန်းကလေးဆိုရင် ချစ်ကိုဆိုတဲ့ကောင်က စိတ္တဇဆေးရုံပို့ရမယ်ထင်တယ်"

"ဆေးရုံတော့ အပို့မခံရဘူး ပေါ့ကောင်ရေ။ ကားတင်ပြေးမှာပဲ"

"ဟင်းနော် . . . သူများကို ဘူးသီး ခရမ်းသီးများ မှတ်နေလား"

တွယ်က မျက်စောင်းထိုးရင်း ကန့်ကလျ ဆိုလေသည်။ ကြည်ပြာက . . .

"သိပ်လည်း စကားကြောရှည်မနေနဲ့။ ဘယ်သူနဲ့ပဲတူတူ ဆုမရတဲ့ အတူတူတော့ အတုဘဝနဲ့ လစ်တော့တွယ်"

"နင်တို့က ငါနဲ့မလိုက်ဘူးလား"





"မလိုက်ရပါဘူးဟယ် . . .။ နင့်ကောင်မလေးနဲ့ ငါတို့က သိမှမသိတာ"

"နောက်တော့သိမှာပေါ့"

"ဒီလောက်ကူညီထားတာ ကျေနပ်ရောပေါ့"

"ဒါဆို ငါသွားတော့မယ်"

အားလုံး စုပြုံ၍ အပေါ်ထပ်မှ ဆင်းခဲ့ကြသည်။ ဧည့်ခန်းထဲတွင် ထိုင်နေသော ဒေါ်စောမြမှုကိုမြင်တော့ အားလုံး ခြေလှမ်းတွေတွန့်သွားကြ၏။ တွယ်က ဟန်မပျက်စေရန် သတိပေးလိုက်သည်။

"ဟန်မပျက်စေနဲ့ ဘွား ရိပ်မိနေမယ်"

ခပ်တည်တည်နှင့် ဆက်လျှောက်ခဲ့ကြရာ . . .

"ဟော့ . . . ကလေးတွေ ပြန်ကြတော့မလို့လား"

"ဟုတ်တဲ့"

သူတို့အဖွဲ့ကို အဘွားက အကဲခတ်သလို ကြည့်နေသောကြောင့် ခေါင်းကို အစွမ်းကုန်ငုံ့၍ မျက်နှာကို ဆံပင်နှင့် ကွယ်ထားလိုက်၏။



www.burmeseclassic.com

www.burmeseclassic.com



"မင်းတို့သူငယ်ချင်းတွေထဲမှာ ဒီကောင်မလေးကို အဘွား တစ်ခါမှ မမြင်ဖူးပါဘူး"

အားလုံးထဲတွင် အရုပ်ရှည်နေသော "တွယ်" ကို ကြည့်၍ အဘွားက ဆိုသည်။ နေလင်းက သွက်လက်စွာ ပင် ဖြေလိုက်၏။

"ဒါလေ . . . ကျွန်တော့်ရည်းစား အဘွားရဲ့၊ အဲဒါ ရည်းစားရကြောင်း သူငယ်ချင်းတွေကို လာကြွားတာ ဟဲ ဟဲ"

"ကြွားစရာရှားလို့ကွယ်၊ ဒါနဲ့ ငါ့မြေးရော"

"ဒီ . . . ဒီ . . . အား"

မေ့လျော့၍ တွယ့်ကို လက်ညှိုးထိုးပြမည်ပြုသော လွှင်မင်းဆွေကို ကြည့်ပြာက လိမ်ဆွဲလိုက်၏။

"ဘာဖြစ်တာလဲကွဲ့"

"ဪ . . . ဟို . . . သူ . . . သူ . . . အဲ ပုရွက် ဆိတ် ပုရွက်ဆိတ်ကိုက်လို့"

လွှင်မင်းဆွေ လက်ညှိုးလေးတစ်ချောင်းမှာ



အတော်အလုပ်ရှုပ်နေရ၏။

"တွယ် သူ့အခန်းထဲမှာ ရှိပါတယ် အဘွားရဲ့"

မှုမှုက ဝင်ဖြေပေးလိုက်၏။ မြန်မြန်သွားရအောင် ဟု တွယ်က မျက်ရိပ်ပြ၍ အချက်ပေးလိုက်သဖြင့် အားလုံး အဘွားကို နှုတ်ဆက်ကာ သုတ်ခြေတင်ခဲ့ရတော့၏။

ဒေါ်စောမြမှုကတော့ ဘယ်လို ဝရုတ်သုတ်ခတွေ ပါလိမ့်ဟု စိတ်ထဲမှဆိုကာ နေမိတော့သည်။

www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၁၀)

"ပန်းချယ်ရီ" ဂေဟာ ဆိုပါလား။ စာတန်းလေးကို မော့ကြည့်ရင်း အံ့သြစွာ ရေရွတ်မိ၏။ ဂေဟာနှင့်ရိပ်မြုံ အခေါ်အဝေါ်လေးတစ်ခု ပြောင်းလဲတာကလွဲရင် "တွယ်" တို့ ခြံနှာမည်အတိုင်းပါပဲ။ တိုက်တိုက်ဆိုင်ဆိုင် ဒီခြံထဲမှာလည်း ချယ်ရီပင်ကြီးနဲ့၊ သည့်ခြံထဲက ချယ်ရီပင်ကြီးက အတော်အတန်ကြီးနေပြီ။ "တွယ်" တို့ခြံထဲက ချယ်ရီပင်က ပွင့်တာ သုံးနှစ်ပဲရှိသေး၏။ သည်အိမ်မှာ တွယ့် မေမေနှင့်





ခိတ်ကူးချင်းတူတဲ့သူ တစ်ယောက်တော့ရှိရမည်။ ခြံထဲကို အကဲခတ်ကြည့်လိုက်တော့ ချယ်ရီပင်အောက်ရှိ ခုံတန်းလေးပေါ်တွင် အေးအေးဆေးဆေးထိုင်နေသော လူတစ်ယောက်။ "တွယ်" လှမ်းခေါ်ဖို့ ဆုံးဖြတ်လိုက်၏။

"ဒီ . . . ဒီမှာ . . . ဒီမှာရှင့်"

ထိုလူက "တွယ့်" ကို လှည့်ကြည့်ပြီး ခြံတံခါးဆီသို့ လျှောက်လာလေ၏။

"မင်း ဘယ်သူ့ကိုခေါ်တာလဲ"

"ဟို . . . ဟို . . . အန်ကယ့်ကိုပါ"

"ဘာကိစ္စခေါ်တာလဲ"

"တွယ်က သစ္စာသူငယ်ချင်းပါ။ အဲ့ဒါ"

"သမီးနဲ့တွေ့ချင်တာလား"

"ဟုတ် . . . ဟုတ်ကဲ့"

သက်ပိုင်မှူး ကောင်မလေးမျက်နှာကို စူးစူးစိုက်စိုက် ကြည့်လိုက်မိ၏။ သည်မျက်နှာလေး သူနှင့်ရင်းနှီးသလိုပင်၊ သက်ပိုင်မှူး တံခါးဖွင့်ပေးလိုက်၏။



www.burmeseclassic.com

www.burmeseclassic.com



"သမီး အိမ်ပေါ်မှာရှိတယ်။ ဝင်သွားလိုက်"

"ကျေးဇူးပဲနော်"

တွယ် ခေါင်းကလေးငုံ့၍ အနက်တယ်ကြီးရှေ့မှ ထွက်ခဲ့တော့သည်။ ဒါ . . . သစ္စာဖေဖေပဲဟု မှတ်ချက်ချ လိုက်၏။ တော်ပါသေးရဲ့ ခြံတံခါးဖွင့်ပေးလို့။ တွယ့်ကို ယောကျ်ားလေးမှန်းသိရင် ဟောက်လွှတ်မလား၊ လက်သီး တကျွေးလွှတ်မလားမသိ။ ခုတော့လည်း အဆင်ပြေပါ သည်။ တွယ် အိမ်ထဲကို ဝင်လိုက်တော့ ညှော်ခန်းထဲတွင် ဝတ္ထုတစ်အုပ်ကို သဲကြီးမဲကြီးဖတ်နေသော သစ္စာကို မြင် လိုက်ရသည်။

"သစ္စာ"

"ဟင်"

တွယ့်ကိုမြင်တော့ သစ္စာ တအံ့တဩလေး ကြည့် နေသည်။ ရုတ်တရက် မှတ်မိပုံမရပါ။

"တွယ်ပါ သစ္စာရဲ့"

"တွယ်"





"ဟုတ်တယ်လေ . . .။ သစ္စာနဲ့တွေ့ချင်လွန်းလို့ ဒီ ပုံစံနဲ့လာခဲ့ရတာ"

"ဖြစ်ရလေ . . . တွယ်ရယ် . . . လာထိုင်"

တွယ့်ကို တွေ့မြင်နေကျမို့သာ ယောကျ်ားလေးဟု သစ္စာ လက်ခံရမည်။ မသိတဲ့သူသာဆိုလျှင် မိန်းကလေးဟု ထင် ထင်မိမှာအမှန်ပင်။

"လာသာလာရတယ် ကိုယ်က အဆင်ပြေမှပြေပါ့ မလားလို့"

"အတင့်ရဲလိုက်တာ တွယ်ရယ်။ ဖေဖေသိရင် ခုက္ခပဲ"

"အဲဒီအတွက်တော့ မပူနဲ့။ သစ္စာဖေဖေနဲ့ ကိုယ် တွေ့ပြီးပြီ။ ကိုယ့်ကို တကယ့်မိန်းကလေးလို့ ထင်နေတာ"

"ခု မသိပေမယ့် နောက်သိသွားရင် ဘယ်လိုလုပ် မလဲ"

"ကိုယ့်ကို နှင်ချင်တာလား သစ္စာ"

"မဟုတ် . . . မဟုတ်ပါဘူး။ သစ္စာ ကြောင့်



www.burmeseclassic.com

www.burmeseclassic.com



တယ်"

သစ္စာ တကယ်ကြောက်နေပုံရသည်။ မျက်လုံးလေး ကလယ်ကလယ်နှင့် ဟိုကြည့် ဒီကြည့် ဖြစ်နေ၏။

"သစ္စာကိုတွေ့ချင်လွန်းလို့သာ ဒီပုံစံနဲ့လာရတာ။ စိတ်ထဲမှာ ခုမှ ဝါးလုံးခေါင်းထဲ ဆင်ဝင်နေသလိုပဲ"

စိတ်ကျဉ်းကျပ်သလို တွယ် ခပ်မဲ့မဲ့လေးပြောတော့ သစ္စာ သနားလည်းသနား၊ ရယ်လည်းရယ်ချင်သည်။

"ဒါဆို ဘာဖြစ်လို့လာသေးလဲ၊ ဘယ်သူက အတင်းလာခိုင်းလို့လဲ"

"သစ္စာပဲ လာခိုင်းတာလေ"

"မဟုတ်က ဟုတ်က"

"ဟုတ်သမ ဟုတ် . . . ဟုတ်တောင်ပြည်နေသေးတယ်"

"ဘာဖြစ်လို့"

"ကိုယ်က သစ္စာကို ချစ်နေတာကိုး။ ချစ်မိတဲ့ ထုံးသစ္စာရှိပါတယ်ပေါ့"

———————



"တွယ်နော် . . . ဘာတွေပြောနေမှန်း မသိဘူး"

သစ္စာ မျက်နှာလေး ရှက်သွေးတွေဖြာသွားလေ၏၊ "တွယ်" ထိုင်လက်စ ဆိုဖာပေါ်မှထ၍ သစ္စာအေးသို့ ပြောင်းထိုင်လိုက်သည်။

သစ္စာက အလန့်တကြားပုံစံလေးနှင့် တွယ့်မျက်နှာကို မော့ကြည့်ပြီး မသိမသာ နေရာရွှေ့သွားလေ၏၊ တွယ်ကလည်း လိုက်ရွှေ့ကာ သစ္စာလက်ကို ဖျတ်ခနဲ ဆုပ်ကိုင်လိုက်သည်၊ သစ္စာက လက်ကိုရုန်း၏။

"သစ္စာ ကိုယ့်ကို ချစ်တယ်မို့လားဟင်"

"ဩော် . . . တွေ့တာမှမကြာသေးဘူး၊ ရည်းစားစကားတန်းပြောတော့တာပဲ။ ဘယ်လိုလူစားမှန်းမသိဘူး"

"အချစ်မှာ အချိန်ကန့်သတ်ချက် မရှိဘူးလေ"

"တော်ကြာ ဖေဖေလာတာနဲ့တိုးနေမယ် "တွယ်" ရဲ့"

"လာပစေပေါ့ . . . ဒါမှ အာဝါဟ ဝိဝါဟလုပ်ပြီး သားဖြစ်မှာ"

———————

www.burmeseclassic.com

www.burmeseclassic.com



ပြောရခက်သော တွယ်ပါလား။ သစ္စာ ဘာပြောရ

မှန်းပင် မသိတော့။

"ပြောလေ သစ္စာ"

"ဘာကိုလဲ"

"ချစ်တယ်လို့လေ"

"ခွတ်ကြီးပါလား"

"ခွတ်ချစ်မယ်လေ"

တွယ်က တကယ်ပင် ဘာကိုမှ မမှုသည့်ပုံစံပင်။

သစ္စာကတော့ သူမဖေဖေလာတာနှင့် တိုးမည်စိုး၍ ရင်

ထိတ်နေရ၏။ ထိုစဉ် . . .

သစ္စာ စိုးရိမ်သည့်အတိုင်း ဖေဖေ့ကို တံခါးဝတွင်

ရိပ်ခနဲ မြင်လိုက်ရ၍ လက်ကိုဆောင့်ရုန်းပစ်လိုက်၏။

"ဖေဖေလာနေပြီ"

ဦးသက်ပိုင်မှူးက မြင်ပုံမရ၍ တော်သေးသည်။

ညှော့ခန်းထဲသို့ ဖြည်းညင်းစွာ လျှောက်လှမ်းလာရင်း . . .

"သမီး . . . သမီးသူငယ်ချင်းကို တစ်ခုခု စိတ်



ပေးဘူးလား။ ကော်ဖီလေး ဘာလေး ဖျော်ပေးရောပေါ့။

ခုတော့ ဘာမှ စိတ်စဉ်မပေးဘူး။ အားနာစရာကြီး"

"သူ . . . သူက မသောက်ဘူးဆိုလို့ပါ"

ဦးသက်ပိုင်မှူးက ဆိုဖာပေါ်တွင် ဝင်ထိုင်ရင်း

ဆိုတော့ နှစ်ဦးစလုံး လိပ်ပြာမလုံစွာ စကားတွေက အထစ်

ထစ်အငေါ့ငေါ့။

"ဟုတ်ပါတယ် အန်ကယ်။ ကျွန်တော် အဲ ကျွန်မ

ဘယ်လိုကြီးပါလိမ့်။ သမီး . . . ဟုတ်သေးပါဘူး။ တွယ်

အင်း ဒါပဲကောင်းတယ်။ တွယ် ခုလေးတင် ဒီမလာခင် အိမ်

မှာ သောက်ခဲ့ပြီးပါပြီ"

တွယ့်စကားတွေက အထစ်ထစ်အငေါ့ငေါ့

အယောင်ယောင်အမှားမှားတွေမို့ ဦးသက်ပိုင်မှူးက ရယ်

လေသည်။

"ညည်းစကားကလည်း ကျွန်တော်၊ ကျွန်မ၊ သမီး

တွယ်နဲ့ ရှုပ်နေတာပဲ။ တစ်ခုခုကို ကန့်သတ်ပြီးပြောပေါ့"

"ဒါက ဒီလိုရှိတယ် ဖေဖေရဲ့။ တွယ်က တွယ်က

www.burmeseclassic.com

www.burmeseclassic.com



မန္တလေးသူလေ။ ဒါကြောင့် ကျွန်တော်လို့ပြောတာ ကျွန်မဆိုတာက မန္တလေးကနေ ရန်ကုန်ကိုပြောင်းလာတာ မကြာသေးတော့ သမီးတို့ရန်ကုန်သူတွေကို အတုယူပြီး ပြောကြည့်တာ၊ သမီးဆိုတာကတော့ ဖေဖေက သမီးရဲ့ဖေဖေဖြစ်နေလို့ သူငယ်ချင်းရဲ့အဖေကို သူ့မိဘလိုသဘောထားပြီး ရင်းရင်းနှီးနှီးပြောကြည့်တာ"

သစ္စာပြောသမျှကို တွယ် ခေါင်းညိတ်၍သာ ထောက်ခံနေ၏။ သစ္စာ စကားသံလေးပြတ်သွားတော့မှ

"ဟုတ်တယ် အန်ကယ်ရဲ့၊ သစ္စာပြောသလိုပါပဲ။ ပြီးတော့ တွယ့်မှာ ငယ်ငယ်လေးတည်းက အဖေဆိုတာ မရှိခဲ့ဘူးလေ၊ အဲဒါကြောင့် အန်ကယ့်ကို မိဘလိုသဘောထားပြီး"

"တွယ်" တံတွေးတစ်ချက်မျိုချနေခိုက် ဦးသက်ပိုင်မှူးက စကားဆက်ရှေလသည်။

"ရပြီ . . . ရပြီ၊ အန်ကယ် သဘောပေါက်ပြီ၊ ဒါနဲ့ ညည်းနာမည်က တွယ် ဆိုတော့ မျှော့ပေါ့"





ဦးသက်ပိုင်မှူးက ရယ်စရာဖောက်သော်လည်း သိမ်ညာနေမိသော တွယ်နှင့်သစ္စာကတော့ ရင်ထဲမှာ ဒိတ်ဒိတ်၊ ဒီလို အဖြစ်မျိုးသည် မဟုတ်တာလိ\u200b်ညာမိသူတိုင်း ဖြစ်လေ့ဖြစ်ထရှိသော ဖြစ်ရပ်တစ်ခုပင်။

"တွယ့် နာမည်အပြည့်အစုံက ခင်တွယ်တာတဲ့၊ သူငယ်ချင်းတွေအားလုံးက တွယ်လို့ပဲ ခေါ်ကြတာ"

သစ္စာ ပါးစပ်ထဲတွေ့ကရာ နာမည်ကို ပြောချလိုက်၏၊ တွယ်ကလည်း ခေါင်းညိတ်ပြရင်း ချော်လဲရောထိုင်လေသည်။

"တွယ့် မိဘတွေက ဘယ်သူတွေလဲ၊ ဘာလုပ်သလဲ၊ အန်ကယ် သိခွင့်မရှိဘူးလား"

တွယ် ခပ်တွေတွေကလေး ဖြစ်သွားရသည်။ "တွယ်" မသိသူမရှိသလောက်ဖြစ်နေသော မေမေ့နာမည်ကို မပြောချင်၊ မေမေ့ဂုဏ်အရှိန်အဝါတွေကြောင့် သူ့ကို ထိုက်လျောဆက်ဆံတာမျိုး မလိုချင်၊ စစ်မှန်သော မေတ္တာတရားကိုသာလျှင် လိုချင်ပါသည်၊ ထို့ကြောင့် လူသိနည်း



www.burmeseclassic.com

www.burmeseclassic.com



သော ဘိုးဘိုးဘွားဘွားနာမည်ကိုသာ အသုံးချ၍ မထင်မရှားသော ဘဝမျိုးနှင့်သာ တွယ် လှုပ်ရှားချင်ပါသည်။

"ဖေဖေနာမည်က ဦးအေးငြိမ်း၊ မေမေ့နာမည်က ဒေါ်စောမြမှုပါ အန်ကယ်။ တွယ့်ဖေဖေက တွယ့်ကို မမွေးခင်ကတည်းက ဆုံးသွားပြီလို့ မေမေက ပြောပါတယ်။ မေမေက အထက်တန်းကျောင်းအုပ်ဆရာမပါ။ ခုတော့ အငြိမ်းစားယူပြီး စက်ချုပ်နေပါတယ်"

"ဪ"

တွယ် အမှန်တစ်ဝက်၊ လိမ်ညာခြင်းတစ်ဝက် ဖြေလိုက်ရသဖြင့် စိတ်တော့မကောင်း။ လူကြီးကို တမင်နောက်ပြောင်လီဆယ်ခြင်းမဟုတ်ပါ။ အမှန်တကယ် သူ့ရင်ထဲမှာ ခံစားမှုတစ်ခုက နိုဝင်ကိန်းအောင်းလာသည်။ အမှန်ကို ဝန်မခံရဲသည့် အခြေအနေမို့ပါ။

တွယ့်ဘဝမှာ ငယ်စဉ်လေးကတည်းက အဖေဆိုတာ ဖြူသလား၊ မဲသလား သိခွင့်မရခဲ့။ ဖေဖေ့အကြောင်းကို မေးမိတိုင်း မေမေက ဒေါသတကြီး အော်





ငေါက်ပစ်တတ်သည်။ တွယ်ဖခင်၏နာမည်ကိုပင် မသိခဲ့ရပေ။ အရွယ်လေးရောက်လာ၍ ကျောင်းအပ်တော့လည်း တွယ့်မိဘနာမည်စာရင်းက ဘိုးဘိုးနှင့်ဘွားဘွားနာမည်သာ။

"မင်းဘဝမှာ အဖေဆိုတာ ရှိဖို့မလိုအပ်ဘူး တွယ်။ ငါရှိဖို့ပဲလိုတယ်။ နောက်ထပ် မင်းပါးစပ်က အဖေဆိုတဲ့နာမ်စားတစ်ခုကိုခေါ်ပြီး ဘယ်တော့မှ မေးစရာမလိုဘူး။ မင်းခေါင်းထဲမှာ မြဲမြဲမှတ်ထားရမှာက မင်းဟာ အဖေမပေါ်ဘဲမွေးခဲ့တဲ့သား . . .။ မင်းဟာ အဖေ မပေါ်ပဲမွေးခဲ့တဲ့သား . . ."

တွယ် ယောင်ရမ်း၍ ခေါင်းခါပစ်လိုက်သည်။ အဖေမပေါ်ပဲ မွေးခဲ့တဲ့သားဆိုသော မေမေ့အသံသည် တွယ့်နားထဲမှာ ပဲ့တင်ထပ်နေခဲ့၏။ တွယ့်ဘဝမှာ အခါးသက်ဆုံးသောစကားလုံးတွေ။

"တွယ့်ကို ပြန်ခွင့်ပြုပါဦး အန်ကယ်"

"ထမင်းစားပြီးမှပြန်ပါလား တွယ် . . ."



www.burmeseclassic.com

www.burmeseclassic.com



"တွယ် သွားစရာလေးရှိလို့ပါ"

"ကောင်းပြီလေ။ နောက်လည်း လာလည်ပေါ့"

"ဟုတ်ကဲ့"

တွယ့်ထွက်သွားတော့ သစ္စာတို့သားအဖ၏ စိတ်ထဲမှာ ပဟေဠိဖြစ်ကျန်ခဲ့၏။ တွယ့်အမူအရာကို အကဲခတ်မိသလောက် မိသားစုနှင့်ပတ်သက်၍ သူမှာ ခံစားချက်ရှိပုံရသည်။ လူတိုင်း၏ဘဝမှာ ပြီးပြည့်စုံမှုဆိုတာ မရှိသလောက်ပါပဲလေ။ ဒါကို သက်ပိုင်မှူးက ပို၍ နားလည်ပါသည်။



အခန်း (၁၁)

"ဒါ ဘာလုပ်တာလဲ တွယ်"

အသံစူးစူးနှင့်အတူ ရင်ဘတ်ပေါ်သို့ ပစ်ချလိုက်သော အထုပ်တစ်ထုပ်ကြောင့် တွယ် အိပ်ယာမှ ကုန်းထ၍ အထုပ်ကို ငုံ့ကြည့်လိုက်၏။

ဘုရားဒါးဆူ ကယ်တော်မူပါ။

မိန်းကလေးအဝတ်အစားတွေ မေမေတွေ့မည်စိုး၍ စာအုပ်တွေထည့်သည့် ဗီရိုထဲမှာ သေသေချာချာဖွက်

www.burmeseclassic.com

ထားပါလျက်၊ ဘယ်ကနေ ဘယ်လိုတွေ့လာပါလိမ့်ဟု စိုးရိမ်စိတ်နှင့် မေမေ့ကို အလန့်တကြားမော့ကြည့်လိုက်၏။ မေမေ့အကြည့်က စူးစူးရဲရဲ . . .

"ပြောလေ . . . ဒါတွေက ဘာလုပ်တာလဲ၊ ငါ့ကို လိမ်ဖို့တော့ မကြိုးစားနဲ့နော်"

တွယ်ခေါင်းကိုသာ ကုတ်မိတော့၏။ သူမျက်နှာချို သွေးမှ ဖြစ်တော့မည်။

"အဟင်း . . . ဒါ . . . ဟိုဟာလေ"

"ဘာလဲ . . . ပြော"

"သူငယ်ချင်းတစ်ယောက်ကို လက်ဆောင်ပေး မလို့ပါ"

ငြိမ်း မျက်ခုံးနှစ်ဖက် မြင့်တက်သွားလေသည်။

"သူငယ်ချင်းကို လက်ဆောင်ပေးတာ တစ်စုံ၊ နှစ်စုံလောက်ဆို တော်ရောပေါ့၊ ခုဟာက အများကြီး"

"ဒါလား . . . ဒါက ဟိုလေ"

တွယ် လိမ်ညာဖို့စကားကို အပြေးအလွှား စဉ်းစား





လိုက်၏။ အဖြေက မထွက်သေး။

"ဒီမှာသား လူတစ်ယောက်ကို ကိုယ်ကလိမ်ညာ တော့မယ်ဆိုရင် ပိရိမှုရှိအောင် ကြိုတင်ပြင်ဆင်ထားရ မယ်၊ မညာစဖူးညာရင် ရေထဲငုပ်ပြီး ဘောလုံးဝှက်တဲ့သူလို ဖြစ်မှာပဲ၊ ရေငုပ်ကာဝှက်ပြီး ဝှက်တဲ့သူပြန်မပေါ်ခင် ဘောလုံးက အရင်ပြန်ပေါ်လာတာပဲလေ"

ဘယ်စကားကို ဘယ်လိုပြန်ဆိုရမှန်းပင် တွယ် မသိတော့။ အလိုက်သင့်ငြိမ်ကုပ်၍ နေရတော့သည်။ ငြိမ်းက ဆက်၍ ဆိုသည်။

"မေမေ့ကို သားဘယ်တုန်းကမှ မညာဖူးပါဘူး။ ခုဘာဖြစ်လို့ ညာဖို့ကြိုးစားတာလဲ။ သားကို မေမေယုံကြည် ခဲ့တာလည်း မညာတတ်လို့ပဲ"

မှန်ပါသည်။ တွယ် ဘယ်ကိစ္စမဆို မေမေ့ကို မလိမ်ညာဖူးခဲ့၊ ခုမှ လိမ်မိတာဘာကြောင့်လဲ။ အမှန်ကို ဝန်ခံလိုက်ရကောင်းမလား။

"သား"

www.burmeseclassic.com



"ဗျာ"

"အမှန်ကို ဝန်ခံဖို့သင့်ပြီနော်"

"ဟုတ်ကဲ့"

တွယ် မိခင်၏မျက်နှာကို မရဲတရဲ ကြည့်လိုက်၏။

"မေမေ သားကို မဆူရဘူးနော်"

"ကောင်းတာဆိုရင် လမ်းညွှန်ပေးပိုင်ခွင့်ရှိသလို မကောင်းတာလုပ်ရင် တားမြစ်ပိတ်ပင်ပိုင်ခွင့်တော့ မေမေ့မှာရှိတယ်"

မေမေ့စကားသည် သဘာဝကျလှသည်မို့ တွယ် ငြင်းချက်မထုတ်လိုတော့။

"လူတိုင်းဟာ ဘယ်လောက်ပဲရိုးသားပါစေ အချစ်နဲ့ပတ်သက်လာရင် လိမ်ညာတတ်ကြတာ ဘာကြောင့်လဲ မေမေ"

ငြိမ်း ခပ်ယဲ့ယဲ့လေးပြုံးကာ လက်ကိုနောက်သို့ ပစ်လိုက်၏။

"လူတစ်ယောက် အရွယ်ရောက်လာလို့ ရည်းစား





ထားတော့မယ်ဆိုရင် အဲဒီလူဟာ နှလုံးသားရဲ့ အစေအခံ ပဲပေါ့သား။ သခင်တစ်ပါးနဲ့တူတဲ့ နှလုံးသားရဲ့ စေခိုင်းရာကို မလွန်ဆန်နိုင်ကြဘူးလေ"

"ဒါဆို သားလည်း နှလုံးသားရဲ့ အစေအပါးဖြစ်နေ ပြီပေါ့"

"သားမှာ ချစ်သူရှိနေပြီလား"

ဝန်ခံသည့် သဘောဆောင်ကာ တွယ် "ဟဲ" ခနဲ ရှက်ရယ်ရယ်လိုက်သည်။ ဒါကို ငြိမ်းက လွယ်ကူစွာ သဘောပေါက်ပါသည်။ လူကြီးဆိုတာ ငယ်ဘဝကို ဖြတ်သန်းလာခဲ့သူတွေမို့ အနေဆန်းတာနဲ့ ဘယ်ခြေလှမ်းမည် ဆိုတာကို သိပြီးသားတွေပါ။

"သားလည်း အရွယ်ရောက်လာပြီပဲ၊ ချစ်သူ ရည်းစားထားတာ ဘာဆန်းမှာလဲ။ ဒါဘယ်သူမှ မလွန်ဆန် နိုင်တဲ့ သဘာဝတရားပဲလေ။ ဒါပေမဲ့ မေမေ တစ်ခုတော့ သတိပေးချင်တယ်"

"ဘာများလဲ မေမေ"



www.burmeseclassic.com

www.burmeseclassic.com



"အချစ်ဆိုတာ ဆောင်းနှင်းမှုန်ရင်ခွင်ထဲက လေပြေလေညှင်းလေးလို တစ်ခါတလေ အေးမြချမ်းမြေ့မှုရှိသလို၊ တစ်ခါတလေကျတော့ တပေါင်းနွေမှာ မီးပုံပေါ်ကို လျှောက်မိတာထက် ပူတယ်သား။ ဆောင်းနှင်းမှုန် ဝတ်ရုံကြားမှာ ငါသာဘုရင်တစ်ပါးလို့မှတ်ယူပြီး ခေါင်းမော့ ရင်ကော့သွားရင် ပြာဖုံးနေတဲ့ မီးခဲကို သားတက်နင်းမိမှာကိုတော့ မေမေစိုးရိမ်တယ်"

"မေမေ ဘာကို ဆိုလိုချင်တာလဲ ဟင်"

ဘာမှမသိ နားမလည်သေးသော ကလေးငယ်လို ယခုမှပင် ဟင်းတစ်ဖတ်ကို မြည်းစမ်းရတော့မည့်သူမို့ ခါးသက်သောအရသာနှင့် တိုးမည်ကို စိုးရိမ်သည့် အလားပင်။

"သားအတွက် ကြင်ဖက်ရွေးတဲ့အခါ ဂုဏ်ဓနစည်းစိမ်၊ ဥစ္စာမရှိချင်နေပါစေ။ သိက္ခာရှိဖို့ပဲ လိုတယ်။ မေမေပြောချင်တာ ဒီအချက်ပဲ သား။ လူတစ်ယောက်ရဲ့ ရိုးသားမှုကို ဘာနဲ့မှလဲလို့မရဘူး။ ကိုယ့်အတွက်ကြောင့် တစ်ဖက်သားမှာ ဒုက္ခတွေ ရင်စည်းခံရတာမျိုး မဖြစ်ပါစေနဲ့။ ဒါကြောင့် သား မိန်းကလေးတွေ တစ်ယောက်ပြီး တစ်ယောက်တွဲတာကို မေမေ သဘောမကျဘူး"

"စိတ်ချပါ မေမေ။ ဒီတစ်ခါတော့ သားအချစ်စစ်ကို တကယ်ရှာဖွေတွေ့ရှိတာပါ။ သား သစ္စာကို တကယ်မြတ်မြတ်နိုးနိုးနဲ့ ချစ်မိသွားတယ်"

"သစ္စာ"

တွယ် ခေါ်လိုက်သော နာမည်လေးကို ငြိမ်း သံယောင်လိုက်ရွတ်ရင်း ခပ်တွေတွေကလေးဖြစ်သွား၏။

"ဟုတ်တယ်လေ။ သစ္စာက အရမ်းလှတာ မေမေရဲ့ ပြီးတော့ ရိုးသားတယ်"

"ဪ"

ငြိမ်းသည် "ဪ" တစ်လုံးတည်းသာဆိုပြီး နှုတ်ဆိတ်သွားလေ၏။ သစ္စာတဲ့။ လောကမှာ နာမည်တူမရှားပေမယ့် တိုက်တိုက်ဆိုင်ဆိုင် သားရဲ့ချစ်သူနာမည်က သူမ၏ နှလုံးသားကို ဆွဲထုတ်ယူသွားခဲ့သူ၏ နာမည်နှင့်တူနေသည်။ ဒါပေါ့လေ။ နာမည်ချင်းတူပေမယ့် စိတ်ဓာတ်





www.burmeseclassic.com

www.burmeseclassic.com



ချင်း ဘယ်တူနိုင်ပါ့မလဲ။ လူချင်းတူပေမယ့် အသက်ရှ

ကွာကြတယ် မဟုတ်လား။ အတိတ်ဆီသို့ ဦးတည်

သော စိတ်တို့ကို ပြန်လည်၍ ရုန်းကန်ဆွဲခေါ်ထားလိုက်

"မေမေ"

"ဟင်"

"ဘာဖြစ်သွားတာလဲ။ သားကို သစ္စာနဲ့ သ

တူပေးပါနော်"

"ဘာမှ မဖြစ်ပါဘူးသားရယ်။ သား ကောင်မ

ကို မေမေ လေ့လာအကဲခတ်ပါဦးမယ်"

"အိုကေ . . .။ ဒါပဲနော် မေမေ . . . သားစိတ်

လက်ချနဲ့ သစ္စာကို ချစ်လိုက်တော့မယ်"

"ငါးဆယ်ရာခိုင်နှုန်းလောက်ပဲ ချစ်ဦးပေါ့။ လ

ထပ်ခါနီးမှ ဖွန်းတစ်ချောင်းကြောင့် ကွဲကြတယ်တဲ့။ မ

ဖူးဘူးလား။ သူများသားသမီးကို မပိုင်ဆိုင်ရသေးဘဲ

မှားနဲ့နော်"

"အာ မေမေကလည်း . . .။ မပြောကောင်း





ကောင်း။ ဖွ . . . လွှဲပါစေ ပယ်ပါစေ . . .။ သားနဲ့သစ္စာ ဘယ်တော့မှ မဝေးရဘူး။ သစ္စာက မေမေ သဘောကျမယ့် ချွေးမမျိုးပါ မေမေရဲ့"

မျက်စိမျက်နှာ ပျက်သွားသော သားအမူအရာကြောင့် ပြုံးကာပင် သားနဖူးကို ဖွဖွထုကာ သားအခန်းထဲမှထွက်ခဲ့တော့၏။ သူမ ကိုယ်ချင်းစာတတ်ပါသည်လေ။

ခန်းခြောက်နေသော ချောင်းရိုးသဖွယ် မာနတွေ တံခွန်စိုက်ပြီး မျက်ရည်ဆိုတာ အရှုံးရဲ့ သင်္ကေတလို့ မှတ်သူက မငိုတတ်ခဲ့သူတွေတောင် အချစ်နဲ့ပတ်သက်လာတော့ . . .။ မိုးသည်း ညရဲ့ တောင်ကျရေပမာ မျက်ရည်ကို တားဆီးပိတ်ပင်နိုင်စွမ်း မရှိခဲ့ပါဘူးလေ။



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၁၂)

ရှေးရှေးတုန်းက လူကြီးတွေလို ယောက်ျားနှင့် မိန်းမ တစ်ခါချစ်ဖို့အရေး သုံးနှစ်သုံးမိုး စောင့်ကြရသည်တဲ့။ ယခုခေတ်ကာလမှာ မည်သူကမှ သုံးနှစ်သုံးမိုး မစောင့်နိုင်ကြ။ ချစ်မိလျှင် ဝေးသွားကြမည်စိုးသဖြင့် တစ်ဦးနှင့်တစ်ဦး လျှင်မြန်စွာ သံယောဇဉ်ကြိုးတွေနှင့် အပြန်အလှန်တုတ်နှောင်ထားကြလေပြီ။ "ပန်းသစ္စာကျော်" နှင့် တွယ်တာတို့သည်လည်း ထိုနည်းတူစွာ ချစ်သူသက်တမ်း နှစ်လကျော်



သာခဲ့ပါပြီ။

"တွယ်ရေ"

"ရှင့်"

"အဟိ . . . ခစ် ခစ်"

တွယ့် ထူးပုံကြောင့် သူငယ်ချင်းမလေးတွေက တခစ်ခစ် ရယ်ကြလေသည်။

"နင်တို့ကလဲ . . . ငါစိတ်မလုံအောင် မရယ်ပါနဲ့ဟ"

"မင်းလုပ်ပုံကရော ဟုတ်လို့လား"

"ဟုတ်တယ်လေ။ ဘာဖြစ်လို့လဲ"

"သစ္စာနဲ့ ချစ်သူတွေ ဖြစ်နေတာ ဲကြာပြီ။ ဒီ ဒီဖိုင်းတာ မပြောင်းနိုင်သေးဘူး"

တွယ် ဟက်ခနဲ ရယ်ရင်း

"မင်းတော်တော်ဝေးသေးတာပဲ . . . လွင်လေး"

လွင်မင်းဆွေက နှာခေါင်းတစ်ချက်ရှုံ့လေ၏။ တွယ်က သူဝတ်ထားသော ကိုရီးယား ဂါဝန်ဖားဖားလေးကို

www.burmeseclassic.com

www.burmeseclassic.com



ဆွဲကိုင်လှုပ်ရမ်းရင်း . . .

"ဒီမှာ . . . ဒီပုံစံနဲ့ဆိုရင် သစ္စာကို ငါလွတ်လွတ်လပ်လပ် ချစ်လို့ရတယ်သိလား။ ဘယ်အချိန် ဘယ်နေရာမဆို ချစ်ခွင့်ရှိတယ်။ ပတ်ဝန်းကျင်ကို ကျိုးကန်းတောင်းမှောက် ကြည့်နေစရာမလိုဘူး။ မယုံရင်ကြည့်"

"တွယ်နော် . . . သိပ်မကဲနဲ့။ စိတ်ဆိုးလိုက်မယ်"

"တွယ် . . . ငါတို့ကို အားနာဦးနော်။ လူကိုမရှိသေးရင်တောင် ယူနီဖောင်းလေးတော့ ရှိသေးပါ"

တွယ်က သစ္စာ ပခုံးလေးကိုဖက်၍ နမ်းပြမည်ပြုတော့ သစ္စာ၊ ကြည်ပြာနှင့် မှုမှုတို့ အသံတွေက ပွက်လောညံသွားလေသည်။ ပတ်ဝန်းကျင် ဖြတ်သွားဖြတ်လာတွေက သူတို့အဖွဲ့ကို ကွက်ကြည့်ကွက်ကြည့် လုပ်သွားကြသည်။ အချို့ကလည်း . . .

"ဟိုနှစ်ယောက်က အတော်လှတယ်ကွ။ ဒါပေမဲ့ တစ်ယောက်က အရပ်ရှည်တော့ ကြည့်ရတာ ကာလန်ကလားကြီးလိုပဲ"



"အဲဒါ . . . ခုခေတ် မော်ဒယ်စတိုင်လ်လေ။ ငါတော့ အဲဒီ အရပ်ရှည်ရှည်နဲ့ ကောင်မလေးကို ပိုပြီးသဘောကျတယ်"

"ငါကတော့ ဟို နီညိုရောင်လေးကိုပဲ ကြိုက်တယ်"

လူငယ်တစ်စုက ဤသို့ဝေဖန်သွားကြလေသည်။ သူတို့ပြောသည်မှာ တွယ်နှင့်သစ္စာကို ပြောခြင်းပါ။ သစ္စာက နီညိုရောင်ထဘီကို ဝတ်ထားသောကြောင့် ရည်ရွယ်၍ပြောခြင်းကို တွယ် သဝန်တိုသွား၏။

"ဒီကောင်တွေ ငါလိုက်ပြီး လက်သီးနဲ့ ဆွဲထိုးရရင်တော့ နာတော့မှာပဲ"

တွယ့်အပြောကြောင့် ချစ်ကိုက လှောင်ရယ် ရယ်သည်။ ဒါကိုပင် တွယ်က စိတ်တိုသွားဟန်နှင့် . . .

"ချစ်ကို . . . ဘာလဲ။ မင်းပါအဆစ်ပါချင်လို့လား"

"တွယ်ရာ . . . ဒီစကားတွေ အရင်တုန်းက ငါတို့ဝပ်များမှာလည်း ပရမ်းပတာပြောခဲ့တာပဲ မဟုတ်လား။

www.burmeseclassic.com

www.burmeseclassic.com



ခုကိုယ်ခြေငြိမ်တဲ့ အခါကျမှ သူများကိုအပြစ်မမြင်နဲ့"

"ဟုတ်လား။ တွယ်လဲအရင်တုန်းက ဒီလိုပဲ တဲ့သလား"

သစ္စာက တွယ့်ကို မော့ကြည့်ပြီးမေးတော့ လွင်လေးက အားရတယ်ဟူသောသဘောနှင့် ရှီးခနဲ လေချွန်လိုက်၏။ ဒါကို တွယ်က မကျေမနပ် ကျိန်ဆဲလိုက်၏။

"သေချင်းဆိုး"

"သစ္စာမေးတာ ဖြေလေ တွယ်ရဲ့"

"ခြော် . . . သစ္စာရယ်။ ဒါကတော့ အချော်နောက်တာ ပြောင်တာလောက်တော့ ရှိတာပေါ့"

"မလိုချင်ဘူးကွာ။ နောက်ကို အဲဒီလို မနေပါဘူးလို့ ကတိပေး"

"ဆယ်ခါပေးတယ်"

"တကယ်နော်"

"အင်း"

တွယ် ခေါင်းညိတ်လိုက်တော့ သစ္စာပျော်သွား





ဟန်နှင့် တွယ့် လက်မောင်းကို တွဲခိုထားလေသည်။ သူတို့သူငယ်ချင်းအုပ်စုသည် ခြေလျင်လျှောက်လာကြသည်မို့ တစ်ဦးနှင့်တစ်ဦး ထိပ်ပုတ်လိုက် ခေါင်းပုတ်လိုက်နှင့် ပျော်နေကြပုံမှာ ပတ်ဝန်းကျင်ကိုပင် မေ့လျော့နေကြ၏။ ထိုစဉ်သူတို့ရှေ့တွင် ကားတစ်စီး နောက်မှကျော်တက်လာပြီး ပိတ်ရပ်လိုက်၏။ ရှိုက်ယ်နှင့် မဆိုင်ဘူးထင်ကာ ထိုကားကိုရှောင်ရှား၍ ရှေ့သို့ဆက်မည်အပြု ကားတံခါးကိုဖွင့်၍ ဆင်းလာသူကြောင့် အားလုံးအံ့ဩထိတ်လန့်စွာ ရပ်တန့်သွားလေသည်။

"အယ်"

"ဟဲ့"

"အန်တီငြိမ်း"

အားလုံး၏နှုတ်မှ ထိုသို့အသီးသီး အာမေဍိတ်သံများ ထွက်သွားသော်လည်း ဘာမှမသိရှာသော ပန်းသစ္စာကျော်ကတော့ သူတို့ကို ကြောင်အမ်းအမ်းလေး ကြည့်နေသည်။ တွယ်က ယောင်ယမ်း၍ ကြောက်လန့်ကာ ချစ်ကို



www.burmeseclassic.com

www.burmeseclassic.com



လက်မောင်းကိုဆွဲ၍ မိမိရှေ့တွင် ကွယ်စေသည်။ ငြိမ်းက ခပ်ပြုံးပြုံးပင် နေကာမျက်မှန်ကို လက်ညှိုးနှင့် ထောက်တင် လိုက်ရင်း . . .

"စောစောက မားကတ်ထဲမှာ တွေ့လိုက်တယ်။ ဟိုကောင်မလေး ငါ့သားနဲ့ ရုပ်ချင်းအတော်ဆင်တာပဲလို့ ထင်လို့ အကဲခတ်လိုက်လာတာ လက်စသတ်တော့ မေမေ့ သားက ဘုန်းကညာတစ်ပါး ဖြစ်နေတာကိုး"

"ဒါက . . . ဒီလိုရှိပါတယ် အန်တီ"

လွင်လေးက ဖြေရှင်းပြဖို့ ကြိုးစားသော်လည်း စကားမဆုံးမီပင် ငြိမ်း လက်ကာပြလိုက်၏။ သစ္စာကတော့ မယုံနိုင်လောက်အောင် အသက်အရွယ်နှင့် ဆန့်ကျင်၍ နုနယ်ယဉ်ကျေးကျော့ရှင်းစွာ လှပနေသော တွယ့် မေမေ ကိုသာ ငေးမောနေမိတော့၏။ သူမသိခဲ့ဖူးသည်လေ။

"အန်တီ လူငယ်တွေရဲ့ လွတ်လပ်မှုကို မပိတ်ပင် ပါဘူး။ ခေတ်ရေစီးကြောင်းမှာ အလိုက်သင့်တော့ မျောနိုင် ပါတယ်။ ဒါပေမဲ့ သားခုလိုလုပ်တာကိုတော့ မနှစ်မြို့ဘာ





အမှန်ပဲ။ ဘယ်နယ့်ကွယ် . . . အန်တီမွေးထားတာ ယောက်ျားရင့်မာကြီးကို . . . ။ခုတော့ မြင်လိုက်ရတာ မယောင်းတိုင် နေပုမိထားသလိုပဲ"

ကိုယ်က အမှားကို လုပ်မိပြီဆိုမှတော့ မေမေ့ဆူ တာကို ခေါင်းငုံ့ခံနေရုံမှအပ အခြားဖြေရှင်းဖို့ နည်းလမ်းမရှိ တော့။ ထို့ကြောင့် ကွယ် စကားတစ်ခွန်းမျှပင် ခွန်းတုံ့မပြန် တော့။

"မင်းတို့လေးတွေကိုတော့ အန်တီ အားနာပါ တယ်။ ဒါပေမဲ့ အန်တီ့သားကိုတော့ ဆုံးမသင့်တယ်ထင်လို့ ပြန်ခေါ်သွားပါရစေ"

ချစ်ကိုက . . .

"ရပါတယ် အန်တီ။ ခေါ်သွားပါ"

ငြိမ်းက တွယ့် သူငယ်ချင်းတွေကိုတော့ အပြုံးနှင့် ထက်ပြသည်။ ပြီး တွယ့်အနားသို့တိုးကာ . . .

"ကဲ . . . မခင်တွယ်တာ။ လာလိုက်ခဲ့"

"အား . . . နာတယ် မေမေရဲ့"



www.burmeseclassic.com

www.burmeseclassic.com



ငြိမ်းသည် တွယ့်နားရွက်ကို ခပ်တင်းတင်းလေး ဆွဲလိမ်ကာခေါ်တော့ တွယ် နာကျင်စွာ အော်လေတော့သည်။ ပြီး မေမေ့ကို မလွန်ဆန်နိုင်စွာ ကားပေါ်သို့ တက်ခဲ့ရ၏။ ကားပေါ်ရောက်သည့်တိုင် ငြိမ်းက တွယ့် နားရွက်ကို မလွှတ်သေး။

"နာလှပြီ မေမေရဲ့ . . . လွှတ်ပါတော့"

"အိမ်ရောက်ရင် ဒီထက်နာမယ်မှတ်"

"အင်"

ကားကလေးတို့ လျှောခနဲ မောင်းထွက်ခဲ့လေတော့သည်။





အခန်း (၁၃)

"ကြောက်ပါပြီ မေမေရဲ့၊ နောက်ဒီလို မလုပ်တော့ပါဘူး"

"ခုမှ အော်မနေနဲ့၊ အော်ရင်ပိုနာမယ်"

အိမ်ရောက်လို့ ကားပေါ်မှဆင်းသည်နှင့် တွယ့်နားရွက်ကိုဆွဲ၍ အိမ်ပေါ်သို့ ငြိမ်းတက်လာခဲ့သည်။ တွယ်က ရှုံ့မဲ့၍ အော်လေသည်။

"နှင်းမြရေ . . . နှင်းမြ"



www.burmeseclassic.com

www.burmeseclassic.com



"ရှင် . . . မမ"

နှင်းမြမှာ ငြိမ်းခေါ်သံကြား၍ အပြေးကလေး ရောက်လာသည်။

"ဘာခိုင်းမလို့လဲ မမ"

"ဒီငမိုက်သားကို ရိုက်မလို့လေ၊ တုတ်ရှာပေးစမ်း"

တွယ် ရိုက်မည်ဆို၍ တွန့်ခနဲ ဖြစ်သွားလေ၏။

"ဘာဖြစ်လို့လဲ မမ၊ တွယ်လေးက ဘာလုပ်လို့လဲ"

"ဘာဖြစ်ရမလဲ နှင်းမြရဲ့ သူ့ပုံကို ကြည့်ပါဦး။ ယောက်ျားစစ်စစ်က မိန်းမဖြစ်ချင်တဲ့ အကောင်ကို နောင် အရောင်မပြောင်းရအောင် ဆုံးမ မလို့"

"ဒါနဲ့များ မရိုက်ပါနဲ့ မမရယ် . . .၊ တွယ်လေး သနားပါတယ်။ ပြီးတော့ 'မိန်းကလေးလို ဝတ်ထားတာ ချစ်စရာလေးပဲဟာ"

"နှင်းမြ နှင်ပါကြဲရာပါလား"

"မဟုတ်ပါဘူး . . . ကတ်သီးကတ်သတ်"

ရှုမော



"ဒါဆို ငါခိုင်းတာလုပ်"

"ဟုတ်ကဲ့"

နှင်းမြတစ်ယောက် တုတ်ရှာရန် သွားမည်အပြု

"အန်တီနှင်း"

"ဟော"

တွယ့် ခေါ်သံကြောင့် လှည့်ကြည့်လိုက်သည်။

"တုတ် အကြီး ကြီး ရှာမလာနဲ့နော်၊ သေးသေး လေးပဲရှာခဲ့ သိလား"

"စိတ်ချ . . . စိတ်ချ။ အန်တီနှင်း အသေးဆုံးလေး ပဲရှာခဲ့မယ်"

နှင်းမြ ထွက်သွားလေတော့ တွယ် မိခင်အနားသို့ ကပ်၍ ချွဲလေတော့သည်။

"မေမေ"

" . . . "

"မေမေ"

ငြိမ်းက မထူးပါ။

ရှုမော

www.burmeseclassic.com

www.burmeseclassic.com



"သားခေါ်နေတယ်လေ . . . မေမေရဲ့"

"ဘာလဲ"

"မေမေ့ ထူးပုံကြီးကလည်း . . . သားကိုမရိုက်ပါနဲ့နော်။ နောက် မေမေ မကြိုက်တာကို ဘယ်တော့မှ သား မလုပ်တော့ပါဘူး . . . နော် မေမေနော်လို့"

"မရဘူး။ မင်းကို မှတ်လောက်အောင် ရိုက်မှကို ဖြစ်မှာ"

တွယ် မိခင်၏ ခါးသိမ်သိမ်လေးကိုဖက်၍ ရင်ခွင်တွင်းသို့ တိုးဝှေ့ကာ အစွမ်းကုန်ချွဲနေတော့၏။

"မေမေကလည်း . . . ရှားရှားပါးပါး ဒီသားလေးတစ်ယောက်ကို မလိမ္မာ တစ်ခါမိုက်မိတာ ခွင့်လွှတ်သင့်ပါတယ်။ ဟို ရိုက်လို့ တုတ်ရာတွေထင်ရင် ဘွား မြင်လို့ကတော့ စိတ်မကောင်းဖြစ်ပြီး ငိုဦးမှာ။ ဘွားကိုလည်း သနား၊ သားကိုလည်း သနားပါမေမေရယ် . . . နော်လို့။ ပြီးတော့ မေမေ ကိုယ်တိုင်လည်း စိတ်မကောင်းဖြစ်ပြီး ငိုဦးမှာ။ သားရဲ့ အသားနာမှာကို သားမကြောက်ပါဘူး။ မေမေ





ငိုမှာကို မကြည့်ရက်ဘူး။ နောင်တဆိုတာ မြေပြင်ပေါ်ဖြတ်ပြေးပြီး နောက်ကမြေရာကို ပြန်ကြည့်တဲ့သူလိုပဲ မေမေရဲ့။ ပြီးမှ မေမေ နောင်တရနေရင် မကောင်းဘူးလေ"

ပလီပလာနှင့်ဆိုနေသော သားစကားတွေကြောင့် ပြုံးချင်ချင်ဖြစ်သွားရ၏။

"စိတ်ပြေလို့ ပြုံးချင်တယ်ဆိုလည်း ပွင့်ပွင့်လင်းလင်း ပြုံးချလိုက်စမ်းပါ မေမေရာ။ မေမေက ပြုံးရင်ဆာတယ်အရမ်းလှတာ။ ခုတော့ မေမေက ပြုံးချင်တာကို အတင်းအကျပ်ချုပ်ထားတော့ အပြုံးကို ထောင်ချထားသလိုဖြစ်နေပြီ"

ငြိမ်း မနေနိုင်တော့ပါ။ နဂိုထဲက ဒေါသမဖြစ်ခဲ့သူမို့ ပြုံးလိုက်မိတော့၏။

"ဟာ . . . မေမေရယ်ပြီ။ စိတ်ပြေသွားတော့ မို့မို့ပြင်အောင်လို့၊ မေသဉ္ဇာဦးလိုလိုနဲ့ မေမေ အရမ်းချောတယ်သိလား"

"လူချွဲလေး . . . မအေကို သူ့ရိုက်မှာစိုးတာနဲ့

www.burmeseclassic.com



အမျိုးမျိုးမြှောက်နေတယ်"

ငြိမ်း မျက်စောင်းဝင့်၍ ဆိုလေသည်။ တွယ်တ မိခင်ကိုဖက်၍ ရယ်လေသည်။

"မြှောက်တာမဟုတ်ဘူး မေမေရဲ့ . . .၊ တကယ်ပြောတာ။ သားရဲ့ မေမေက သဘောကောင်းလွှမ်းတော့ ရုပ်ကလည်းချောတာပေါ့။ သားလည်း မေမေ့ကိုတူလို့ ချောတာပဲဖြစ်မယ်နော် မေမေ"

"တော်ပါတော့သားရယ်၊ မေမေ့ကို မင်းချီးမွှမ်းလွန်းလို့ မင်းစကားထဲမှာ မေမေအသက်ရှုတောင် ကျော်လာပြီ"

"မမ တုတ်ရပြီ"

နင်းမြဝင်လာ၍ ကြည့်လိုက်တော့ တွယ်ပင်ရွဲသွားလေသည်။ ကလေး လက်ကောက်ဝတ်လောက်၍သော သစ်သားတုံးကြီးကို ကိုင်လာပေ၏။

"အန်တီနင်းရယ် . . . တုတ်သေးသေး ကောင်လာမယ်ဆိုလို့ တော်သေးတာပေါ့နော်။ ကြီးကြီးသော



ကောက်လာမယ်ဆိုရင် အိမ်ရှေ့က ချယ်ရီပင်ကိုများ လှဲပြီး ဆွဲလာမလား မသိဘူး"

"အန်တီနင်းလည်း အသေးဆုံးကိုပဲ ရှာခဲ့တာပါ"

"ကဲ . . . တော်ပါတော့။ ဒီတုတ်ကြီးနဲ့ ရိုက်မှတော့ မေမေ့သားလေး အတော်နာမှာပေါ့။ နင်းမြ ပြန်ထားလိုက်တော့"

"တွေ့တယ်မို့လား . . . အန်တီနင်း။ မေမေက ကျွန်တော်ကို အရမ်းချစ်တာဗျ"

"သိသားပဲ၊ အန်တီနင်းကလည်း မရိုက်မှန်းသိလို့ ကောက်လာတာ"

ရယ်သံလေးများက ခပ်လွှင်လွှင်လေး ထွက်ပေါ်လာချေတော့၏။

www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၁၄)

ညအိပ်ရာဝင် ပုံပြင်တစ်ပုဒ်နှင့် ချော့သိပ်ခံခဲ့ရ
သည့် အရွယ်ကို အတော်အတန်ပင် လွန်လာခဲ့ပြီမို့ . . .

ယခုအခါ အိပ်ရာဝင်လျှင် အတွေးတွေကသာ
မင်းမူနေတော့၏။ နဖူးပေါ်သို့ လက်တင်၍ မျက်လုံးကိုမှိတ်
လိုက်တိုင်း "ငြိမ်း"၏ ရုပ်သွင်က ထင်ဟပ်လာပေသည်။

ပြီးတော့ တွယ် . . .။ တွယ့်ကို တစ်ယောက်
ယောက်နှင့် တူသည်ဟုထင်မိကာ နောက်မှ "ငြိမ်း"နှင့်





ဆင်ဆင်တူသည်ကို သတိထားမိလာသည်။ တွယ့်ကို
အစက သူလည်း မိန်းကလေးတစ်ယောက်လို့ ထင်ခဲ့မိတာ။
နောက်မှ သေချာကြည့်တော့ မိန်းကလေးမဖြစ်နိုင်မန့်ကို
သက်ပိုင်မှုး ရိပ်မိလာသည်။

ထို့ကြောင့် တွယ့်အကြောင်းကို လေ့လာစုံစမ်း
ကြည့်တော့ ယောက်ျားလေးဆိုတာသိသည့်အပြင် သမီး
ရည်းသူသစ္စာနှင့် ချစ်သူတွေ ဖြစ်နေကြသည်ကိုပါ သိလိုက်
ရ၏။ သိသော်သိငြားလည်း ငြိမ်းနှင့်များ ပတ်သက်နေ
သလားလို့ အလိုက်အထိုက်ဆက်ဆံနေခဲ့ရသည်။

"တွယ်"သာ ငြိမ်းရဲ့ သွေးသားဖြစ်ခဲ့ရင် သူ ဘာ
လုပ်ရမလဲ။ ကာလများစွာကို ကျော်ဖြတ်၍ သစ္စာစောင့်သိ
ခဲ့သော်လည်း အကြောင်းအဆက်မညီစွာ အဖော်ရှာခဲ့သည်
ဆိုလျှင် သူ "ငြိမ်း" အပေါ်မှာ ခွင့်လွှတ်ရမည်တဲ့လား။
အချစ်ဆိုတာ ခွင့်လွှတ်ခြင်းဆိုတဲ့ ရွက်နကလေးဖြစ်ခဲ့ရင်
ဆော်ရွက်ဝါကလေးက သက်ပိုင်မှုးပဲဖြစ်မှာပါလေ။

ရော်ရွက်ဝါကလေးလို သွေးနလုံးသားတွေ တဖြုတ်



www.burmeseclassic.com

www.burmeseclassic.com



ဖြူတ် အကြွေခံပြီး ခွင့်လွှတ်ခြင်းရှက်နကလေးတွေသာ ထာဝရတည်တံ့နိုင်မြဲနေမည်ထင်ပါ၏။

ဪ . . . ငြိမ်းရယ် နလုံးသားကို မျှော်စင်ခတ်ပြီး ဖွေရှာခဲ့ရတာလည်း မောလှပါပြီကွယ် . . . ။



## အခန်း (၁၅)

"ငြိမ်းရေ"

စက်ဘီးပေါ်မှ မဆင်းဘဲ ခြေထောက်နှင့် ထောက်ထားကာ လှမ်းအော်လိုက်၏။ အိမ်ထဲမှ ဘာတုံ့ပြန်သံမှ မကြားရ၍ ထပ်ခေါ်ကြည့်လိုက်သည်။

"ငြိမ်း"

"ငြိမ်းရေ . . . သွားမယ်ဟေ့"

လက်မှနာရီကို ငုံ့ကြည့်ပြီး အသံကုန်ဟစ်ခေါ်

www.burmeseclassic.com

www.burmeseclassic.com



လိုက်သည်။ ဒီကောင်မလေး ဘာလုပ်နေပါလိမ့်။ နေမကောင်းလို့ ကျောင်းပျက်ပြီး ပြန်တက်တာမှ နစ်ရက်ပဲရှိသေးသည်။ စာတွေမလိုက်နိုင်မှာစိုးလို့ မှူးနဲ့အတူ ကျူရှင်တက်မည်ဟု ပြောထားပြီး ခုထိထွက်မလာသေး။

အချိန်မလေးစားသော ကောင်မလေး လာပလေ့စေဟု စိတ်ထဲမှာငြိုးမိ၏။

ထိုစဉ် ငြိမ်းတို့အိမ်မှ အိမ်ဖော်ဖြစ်သော ဒေါ်အေးစုထွက်လာချေ၏။

"မှူးပါလား"

"ဟုတ်တယ် ကြီးစု ငြိမ်းရော . . . ဒီနေ့ ကျွန်တော်တို့ ကျူရှင်မှာ လိုက်တက်မယ်ဆိုလို့ လာခေါ်တာ။ ကျူရှင်ဆရာကိုလည်း ငြိမ်း ကျူရှင်တက်မယ်ဆိုတဲ့အကြောင်း ပြောခဲ့ပြီးပြီ"

ဒေါ်အေးစု သက်ပြင်းချတာကို မှူး မြင်လိုက်ရသည်။ မျက်နှာလည်း သိပ်မကောင်း။ ငြိမ်းတို့အိမ်မှာ ဘာတွေဖြစ်နေပါလိမ့်။



"မှူး . . . မသိသေးဘူးထင်တယ်"

"ဟင် . . . ဘာဖြစ်လို့လဲ ကြီးစု"

"ငြိမ်းလေ . . . ညက ပြန်ဖျားပြီး သတိလစ်သွားတဲ့ အထိပဲ။ အဲဒါ ညတွင်းချင်း ဆေးရုံတင်လိုက်ရတယ်"

"ဗျာ"

မှူး မျက်လုံးအဝိုင်းသားဖြစ်သွားပြီး ကြီးစုကိုပင် ဘာမှဆက်မမေးဖြစ်တော့။ စက်ဘီးကို အားကုန်နင်း၍ ဆေးရုံသို့ သုတ်ခြေတင်ခဲ့တော့၏။ စိုးရိမ်စိတ်တို့က ရင်ထဲမှာ ခြောင်းဆန်နေ၏။ ငြိမ်းကို တစ်ခုခုဖြစ်မည် စိုးရိမ်သောအကြောင့်လားမသိ ဆေးရုံရှေ့သို့ရောက်တော့ စက်ဘီးကိုပင် သော့မခတ်ဖြစ်ပဲ ဒီအတိုင်း ထောက်ထားခဲ့ကာ ဆေးရုံပေါ်သို့ တက်ခဲ့တော့၏။

"ဟင် . . . မှူးပါလား"

ငြိမ်း ဖေဖေ ဦးအေးငြိမ်းနှင့် ပက်ပင်းတိုးတော့သည်။

"ငြိမ်း . . . ငြိမ်းရောဟင် "ဦး" ဘယ်လိုနေသေး

www.burmeseclassic.com

www.burmeseclassic.com



လဲ"

မှုူး ကသောကမျော မေးလေတော့ ဦးအေးငြိမ်း ခေါင်းငုံ့သွားလေသည်။ ပြီးမှ ဆို့နစ်နေသော လေသံနှင့် ဆိုသည်။

"သွေးသွင်းရမယ် မှုူး . . . ။ သွေးက ခုထိရှာလို့ မရသေးဘူး။ အချိန်နောက်ကျရင်တော့ ဒိပ်မလွယ်ဘူးလို့ ဆရာဝန်ကြီးက ပြောတယ်။ ဦးလည်း ဘာလုပ်ရမှန်း မသိ တော့ပါဘူးကွယ်"

"ငြိမ်း သွေးက ဘာသွေးလဲ ဦး"

"Oသွေးလေ"

"ဟာ ဒါဆိုအတော်ပဲ။ ဦး ဘာမှ စိတ်မပူနဲ့တော့။ ကျွန်တော်သွေးကလည်း Oသွေးပဲ။ ငြိမ်း ကိုကယ်ဖို့ ကျွန်တော်သွေးလှူမယ်"

ဒီတော့မှ ဦးအေးငြိမ်းသည် ကျေးဇူးတင်လိုသော အကြည့်နှင့် မှုူးကိုကြည့်လာသည်။

"ကျေးဇူးတင်လိုက်တာ မှုူးရယ်"



မှုူးရဲ့လက်မောင်းကို ဝမ်းပန်းတသာ ဆုပ်ကိုင် လေတော့ . . .

"နောက်မှ ကျေးဇူးတင်ပါ ဦး။ လောလောဆယ် ငြိမ်းဆီကို သွားကြစို့"

မှုူးသည် ဦးအေးငြိမ်းလက်ကိုဆွဲလျက် ငြိမ်းရှိရာသို့ အပြေးသော့ခဲ့ရတော့သည်။

www.burmeseclassic.com

www.burmeseclassic.com



အခန်း (၁၆)

"ကျေးဇူးတင်လိုက်တာ မှူးရယ်"

"မလိုပါဘူး အန်တီ။ ငြိမ်းနဲ့ ကျွန်တော့်ကြားမှာ ကျေးဇူးဆိုတာ ချယ်ရီဖူးလောက်တောင် တန်ကြေးမရှိပါဘူး။ သူငယ်ချင်းကောင်းတစ်ယောက် လုပ်သင့်လုပ်ထိုက်တဲ့ ဝတ္တရားကို ကျွန်တော်လုပ်လိုက်တာပါ"

ငြိမ်း မေမေ ဒေါ်ဝေဝေသီက ကျေးဇူးတင်စကားဆိုသဖြင့် မှူး ပြင်းပယ်လိုက်ခြင်းပါ။ သူ့သွေးစက်တွေနဲ့





ငြိမ်းအသက်ကို ကယ်ခွင့်ရတာကိုပင် မှူး ကျေနပ်နေမိသည်။

"ဒါက ဘယ်ကိုသွားဦးမလို့လဲ ဝေ"

သမီးတစ်ယောက်လုံးအသက်ဘေးမှ သီသီကလေးလွတ်သွားလို့ ဆက်ပြီးပြုစုလုပ်ယနေရမည့်အချိန်မှာ မျက်နှာကို ကာလာတွေတင်ပြီး အပြင်ထွက်သွားဖို့ ဟန်ပြင်နေသည့် ဒေါ်ဝေဝေသီအနားသို့ ဦးအေးငြိမ်းရောက်လာပြီး တားမြစ်ခြင်းပါ။

"အပြင်ခဏသွားမလို့ . . . သိပ်မကြာပါဘူး"

"ကြာသည်ဖြစ်စေ၊ မကြာသည်ဖြစ်စေ ခုချိန်မှာ အပြင်သွားဖို့ထက် သမီးအနားမှာပဲ မင်းနေသင့်တယ် ဝေ။ လူတိုင်းက မကျန်းမမာဖြစ်နေတဲ့အချိန်ဆိုရင် မိဘကိုပဲ ထမ်းတကြတာ။ မိခင်တစ်ယောက်အနေနဲ့ အပြင်ရေးထက် အတွင်းရေးကို ဦးစားပေးသင့်ပါတယ်"

"ခဏလေးပါလို့ ဝေ ပြောထားတယ်နော်။ ရွှေ တိုယ်ရေးကိုယ်တာကိစ္စကို ကို နေရာတကာ မပိုင်ပင်ပါ



www.burmeseclassic.com

www.burmeseclassic.com



နဲ့"

"ပြောသင့်၊ တားသင့်လို့ ပြောနေရတာပေါ့ ဝေ။ မင်းကျန်တဲ့အချိန်တွေမှာ အပြင်ခဏမကလို့ စကြာဝဠာ အပြင်ဘက်ကိုပဲသွားသွား ကိုယ်ဘာမှမပြောလိုဘူး။ ခုဟာက သမီးလေးအတွက် ပြောနေရတာ၊ မင်းကိစ္စတွေက သမီးအသက်ထက် အရေးကြီးနေသလား ပြော"

ဒေါ်ဝေဝေသီက မထိတထိပြုံး၍ တစ်ဖက်သို့ လှည့်သွားလေသည်။

"ရှင့် သမီးအနားမှာ ရှင်ရှိနေတာပဲ၊ ပြီးတော့ သားကြီးလည်းရှိတယ်၊ ဆရာဝန်တွေလည်းရှိတယ်၊ ဒါ ပြီးနေတာပဲ။ ကျွန်မက သူ့အနားမှာ ငုတ်တုတ်ထိုင်ပြီး ဘာလုပ်ပေးရမှာလဲ"

"ဝေ မင်းတော်တော် မေတ္တာတရားခေါင်းပါးတဲ့ မိန်းမပါလား။ မိခင်စိတ်မရှိတဲ့ မိန်းမ၊ သားသမီးကို ကြင်နာ ရကောင်းမှန်းမသိတဲ့ မိန်းမ၊ မင်းက ကိုယ့်ဥကိုယ် မခင် တွယ်တဲ့ ဘဲကာပ်လိုမိန်းမမျိုးပဲ"





"ရှင် ကျွန်မကို ပြဿနာမရှာနဲ့ ကိုအေးငြိမ်း။ ကျွန်မက ဘယ်သူ့ဩဇာကိုမှ ခေါင်းညိတ်ပြီး လိုက်နာနေ မယ့် မိန်းမမျိုး မဟုတ်ဘူးရှင့်၊ လူဆိုတာ ကိုယ့်အကြောင်း ကိုယ်သိရတယ် နားလည်လား။ ရှင့်လို ခြံစောင့် အလုပ် သမားတစ်ယောက်ရဲ့ ဩဇာပေးမှုကို ကျွန်မခေါင်းငုံ့ပြီး လိုက်နာမနေနိုင်ဘူး။ အဲဒီတော့ ကျွန်မခုလိုသွားတာ လာ တာကို မကြိုက်ဘူးဆိုရင် ရှင်ကြိုက်တဲ့လမ်းကို ရွေးနိုင် တယ်"

"ဝေ . . . မင်း . . . မင်း"

ဒေါ်ဝေဝေသီက ငယ်ကျိုးငယ်နာဖော်၍ စိန်ခေါ် လိုက်တော့ ဦးအေးငြိမ်း ဒေါသဖြစ်လွန်း၍ လက်သီးကို ကျစ်ကျစ်ပါအောင်ဆုပ်၊ မေးကြောကြီးတွေ ထောင်လာ သည့်အထိ အံကိုတင်းတင်းကြိတ်ထားလေသည်။

"တော်ကြပါတော့ဗျာ။ ကျွန်တော် တောင်းပန်ပါ တယ် အန်တီ၊ အန်တီ ပြောသလိုပဲ ငြိမ်းအနားမှာ အန်တီ ဘာမှလုပ်မပေးနိုင်ပါဘူး။ အဲဒီတော့ အန်တီ ကိုယ်တား



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်တို့ပဲ ဝိုင်းဝန်းစောင့်ရှောက်လိုက်ပါ့မယ်။ အန့်တီ သွားလိုရာသွားပါတော့"

"ဟင်း"

သားသမီးတစ်ယောက် အသက်ဘေးနှင့် ကြုံနေရသည့်အချိန်မှာ မိခင်တစ်ယောက်အနေနဲ့ ပူဆွေးသောကရောက်နေရမယ့်အစား မျက်နှာမှာသနပ်ခါးတဖွေးဖွေးနှင့် အပြင်သွားဖို့ကိုသာ စိတ်လောနေသော ဒေါ်ဝေဝေသီကို မှုး အမြင်ကတ်ကတ်နှင့် ခပ်ထေ့ထေ့တောင်းပန်စကားဆိုတော့ ဒေါ်ဝေဝေသီက မှုးကိုရော ဦးအေးငြိမ်းကိုပါ မကျေနပ်သောအကြည့်နှင့် ပစ်ပေါက်ကာ ထွက်သွားလေတော့သည်။

"တောက် . . . တော်တော်အကြင်နာတရားကင်းမဲ့တဲ့ မိန်းမ"

"စိတ်ကိုလျှော့ပါ ဦးရယ်။ ခုချိန်မှာ ဦးတို့ လင်မယား ကတောက်ကဆဖြစ်မနေသင့်ပါဘူး။ ငြိမ်း သိရင်လည်း စိတ်မကောင်းဖြစ်နေပါ့မယ်"





မှုးက ဦးအေးငြိမ်းကို နှစ်သိမ့်စကားဆိုတော့ ဦးအေးငြိမ်း ခေါင်းကို လေးတွဲစွာခါယမ်းလျက် သက်ပြင်းတစ်ချက်ချလေသည်။

"ဦး သူ့ကို နေရာတကာ မပြောပါဘူးကွာ။ ခက်နေတာက သူ့အမေရဲ့မေတ္တာကို သိပ်ပြီးတောင့်တရှာတာ။ ဒါပေမဲ့ သမီးလေးက ကံဆိုးရှာပါတယ် မှုးရယ်။ သူ့ခမျာ မိခင်မေတ္တာကို မရရှာဘူး"

မိခင်တစ်ယောက်လုံး သက်ရှိထင်ရှားရှိနေပါလျက် ငြိမ်းက မိခင်မေတ္တာကို မရရှာဘူးဆိုတော့ မှုး ချက်ချင်းလည်သွားရ၏။ မိခင်တိုင်း ကိုယ့်သားသမီးကို မချစ်တဲ့သူရှိမှ မရှိတာ။ ဦးအေးငြိမ်း ပြောပုံအရဆို ဒေါ်ဝေဝေသီက ငြိမ်းရဲ့မိထွေးလား။ ဒါလည်း ဖြစ်နိုင်ချေနည်းလှသည်။ ဘာကြောင့်လည်းဆိုရင် ငြိမ်းရဲ့ ကျောင်းနာမည်စာရင်းထဲမှာ အမေနာမည်က ဒေါ်ဝေဝေသီပဲလေ။ ပြီးတော့ ဒေါ်ဝေဝေသီ တစ်ခါကပြောခဲ့ဖူးသည်။ ငြိမ်းကို မွေးခဲ့စဉ်က ဆေးရုံမှာ ခက်ခက်ခဲခဲနှင့် ဗိုက်ခွဲမွေးခဲ့ရတာတဲ့။ အဲဒီနေ့က



www.burmeseclassic.com

www.burmeseclassic.com



နှင်းတွေ အရမ်းဝေနေလို့ "နှင်းဝေငြိမ်း"လို့ ဒေါ်ဝေဝေသိ
ခွဲစိတ်ကုခဲ့တဲ့ ဆရာဝန်၊ ဆရာမတွေကိုယ်တိုင် နာမည်ပေး
ခဲ့တာဟု အခါခါပြောခဲ့ဖူးသည်။ ဒါ လိမ်ညာခြင်းတော့
မဖြစ်နိုင်။

"ငြိမ်းက မိခင်မေတ္တာကို မရရှာဘူးဆိုတော့
အန်ပတီဝေက ငြိမ်းရဲ့ အမေအရင်း မဟုတ်ဘူးလား"

"ဟုတ်ပါတယ်။ ငြိမ်းက ဦးနဲ့ ဝေတို့ရဲ့ သမီးအရင်း
ပါ။ ဒါပေမဲ့ မွေးရယ် မိခင်တိုင်း ကိုယ်သားသမီးအပေါ်
ချစ်တဲ့အချစ်က မြင့်မိုရ်တောင်နဲ့ နှိုင်းယှဉ်လိုက်ရင်တောင်
မြင့်မိုရ်တောင်က နှမ်းစေ့လောက်သာဖြစ်သွားတယ် ဆိုတဲ့
စကားကို အပိုတွေပြောတာလားလို့တောင် တစ်ခါ တစ်
ဦးထင်မိတယ်"

ဦးအေးငြိမ်းအသံက တေတေက ဒေါသသံ
ပျောက်၊ ဆွေးမြည့်ကြေကွဲနေသော လေသံတက်သို့
ပြောင်းသွားလေ၏။ မျက်ခန်းအစုံကလည်း ရီဝေနေ၏။
ဘဝမှာ ဘာတွေကို စိတ်ဆင်းရဲ၍ ဘာတွေကို ကြေကွဲ





သည်မသိတော့။

"ဒါဆို . . . အန်တီဝေက ငြိမ်းကို ဘာဖြစ်လို့ မချစ်
တာလဲ ဦး"

"ဒီမေးခွန်းကိုဖြေဖို့ ဦး တော်တော်ပဲ အားမွေးရဦး
မယ် မှုး။ အိမ်ထောင်ပြု၊ ဘုရားတည်၊ ဆေးမှင်စုတ်ထိုး
ဤသုံးမျိုး အချက်မပိုင်ရင် နောင်ပြင်ရန် ခက်လှ၏ တဲ့။
မှုးတို့ လူငယ်တွေလည်း အိမ်ထောင်ပြုတဲ့အခါမှာ လွယ်
လွယ်လေးမဆုံးဖြတ်ပါနဲ့။ ဦး ဒါပဲ ပြောချင်ပါတယ်"

ဦးအေးငြိမ်းသည် ထိုမျှသာဆိုပြီး ခေါင်းငိုက်စိုက်
ချလျက် သမီးရှိရာဆီသို့သာ ပြန်လှည့်သွားလေတော့
သည်။



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၁၅)

ဆယ်တန်းစာမေးပွဲဖြေပြီးသောနေ့တွင် စာမေးပွဲခန်းထဲမှ ထွက်လာပြီးသည်နှင့် သူငယ်ချင်းတွေရုံး တိုင်ပင်ကာ ပျော်ပျော်ပါးပါး လက်ဖက်ရည်ဆိုင်ရောက်ခဲ့ကြ၏။

"ကဲ . . . မှူးသခင် ဘာသောက်မလဲ"

သူငယ်ချင်း ခင်သစ္စာကျော်က စနောက်ကာဆိုသဖြင့် ငြိမ်းမျက်စောင်းက ခင်သစ္စာကျော်ဆီသို့ ဒိုင်းခနဲရောက်သွားလေ၏။



"မိသစ္စာနော် . . . ငါ့ကို မစနဲ့လို့ ပြောထားရဲ့နဲ့"

"ချစ်လို့စတာ နာစရာအကြောင်းမရှိဘူးလေ။ ပုပ်ရင်ပေါ် ဟုတ်ရင်ကျော်မှာပဲ"

"ဟုတ်သားပဲ ငြိမ်းရဲ့၊ သစ္စာပြောတာ မမှားဘူး။ နင့်ကို မှူးကအရမ်းအရေးပေးပြီး ဂရုစိုက်လွန်းတော့ နင့်ကို မှူးရဲ့ သခင်မတစ်ယောက်လို့ တင်စားပြီး မှူးသခင်လို့ တို့က ကင်ပွန်းတပ်ထားတာ ဟုတ်တယ် မှတ်လား မှူး"

"နင်တို့ကလည်း ပေါက်ပေါက်ရှာရှာ"

ခင်သစ္စာကျော်ဘက်မှ ထောက်ခံကာ မြမြမိုးက ငြိမ်းကို မှူးသခင်ခေါ်ရသည့် အကြောင်းရင်းကို ပွင့်ပွင့်ကြီးပြောချလိုက်ပြီး မှူးကိုပါ စစ်ကူတောင်းလေတော့ ဘာဖြစ်မှန်းမသိ မှူး ရှက်သွားသလိုလိုနှင့် ဆိုမိသည်။ ငြိမ်းကို ခရုတရဲခိုးကြည့်မိတော့ ငြိမ်းမျက်နှာသည်လည်း နီမြန်းနေသည်။

"မစပါနဲ့ဟာ . . . နင်တို့ကလည်း နှစ်ယောက်စလုံး ရှက်နေကြပြီ"

www.burmeseclassic.com

www.burmeseclassic.com



လင်းစံက အားနာသလို ပြောလိုက်တော့မှ သစ္စာရော မြမြမိုးပါ ပခုံးတွန့်၍ ရယ်လေတော့သည်။ လင်းစံကတော့ ပြုံးရုံသာ၊ သူကိုယ်တိုင်ပင် ရက်တတ်သူဝီဝီ ငြိမ်းနှင့် မှူးကိုလည်း ကိုယ်ချင်းစာမိ၏။ ထို့ကြောင့် စကားလမ်းကြောင်း လွှဲပေးလိုက်သည်။

"ဒါနဲ့မှူး . . . မင်းအစ်မ မင်္ဂလာဆောင် ဘယ်တော့လဲ"

"မနက်ဖြန် ငါဖိတ်စာလာကမ်းမှာပါ"

မြမြမိုးက . . .

"မှူးအစ်မနဲ့ ငြိမ်းအစ်ကို မင်္ဂလာဆောင်တော့မယ်ဆိုတော့ မှူးနဲ့ ငြိမ်းလည်း . . ."

ငြိမ်းက မြမြမိုးကို ရှုတည်တည်နှင့် ကြည့်လိုက်တော့ . . .

"အမျိုးတွေဖြစ်သွားပြီလို့ ပြောမလို့ပါဟ"

"သစ္စာတော့ ကိုတာရာနဲ့ မဧကရီကို အားကျတယ် သီလား"



"ဘာကိုလဲ"

မြမြမိုး၏ အမေးနောက်မှာ လင်းစံက မျက်လွှာချကြည့်လေတော့ သစ္စာ မလုံမလဲပုံစံနှင့် . . .

"အဟင်း . . . ဟိုလေ ကိုတာရာက ဥစ္စာပေါချမ်းချာ စက်မှုအင်ဂျင်နီယာ၊ မဧကရီကလည်း ရွှေအိမ်စံသလုပဂေး၊ ယဉ်ကျေးမှုတက္ကသိုလ်ကဆရာမ အားလုံးပြည့်စုံပြီး လိုက်ဖက်တယ်လေ၊ အဲဒါကိုပြောတာ"

"နင်လည်း သူတို့လိုဖြစ်ချင်ရင် နင်အိမ်ထောင်ပြုတဲ့အခါ နင်နဲ့ လိုက်ဖက်မယ့်သူကိုရှာပေါ့"

စားပွဲထိုးလေး လာချပေးထားသော မုန့်ပန်းကန်ထဲမှ ပူတင်းတစ်ခုကို လှမ်းယူရင်း ငြိမ်းကဆိုသည်။ မြမြမိုးက . . .

"ဆောက်ဖြစ်မှ ကျောင်းဒကာပါဟယ် . . .။ ငါတည်းက စိတ်ကူးယဉ်မနေစမ်းပါနဲ့"

"နင်တို့ မိန်းကလေးတွေ တော်တော်စကားများတာပဲ"

www.burmeseclassic.com

www.burmeseclassic.com



"ခုမှ ကျေးလက်ဒေသတွေက ကျွဲခလောက်တွေ နေတာပဲ။ မရစ်မနားကိုပဲ ပြောနေကျတာ လေမပွဘူးလား"

မှူးနှင့် လင်းစီက အတိုင်အဖောက်ညီစွာ အပြစ်မြင်နေကြသဖြင့် မိန်းကလေးသုံးဦး၏ မျက်စောင်းက စည်းချက်ညီညီ သူတို့ဆီသို့ ကျရောက်လာလေ၏။

"ပါးစပ်ရှိရင် စကားပြောမှာပဲ။ မကြားချင်ရင် နားပိတ်ထား။ နင်တို့လို ငြိမ်ထွာလုပ်မနေနိုင်ဘူး"

"ပြောဟာ . . . ပြော"

ခပ်နွဲ့နွဲ့နှင့်ပြောသော မြမြမိုးကို မှူး စိတ်မရှည်သလို အော်ပစ်လိုက်၏။ ဒါကိုပင် မြမြမိုးက နှုတ်ခမ်းစူသည်၊ အားလုံးစားသောက်ပြီးကြသည်မို့ ငြိမ်းက မှူးဘက်သို့ လှည့်ကာ . . .

"မှူး"

မှူးက လှည့်ကြည့်တော့ . . .

"စားပွဲထိုးလေးကို ပါဆယ်တစ်လုံးလောက် ယူခိုင်းပေးပါဦး"





"ဘာလုပ်မလို့လဲ"

"ဖေဖေ့ဖို့ ငါးပုတင်းဝယ်သွားချင်လို့"

မှူး ဘာမှမပြောတော့။ ချက်ချင်းပင် ထသွားကာ ပုတင်း ငါးခုဝယ်ပြီး ယူလာခဲ့သည်။ ဖခင်ချစ်တဲ့ နေရာမှာတော့ သူတို့ပင် ငြိမ်းကိုမမီတော့။ အေးလေ မှူးတို့က မိဘနှစ်ပါးလုံးရဲ့မေတ္တာကို အပြည့်အဝ ရရှိထားသူတွေဆိုတော့ ဘယ်နားလည်ပါ့မလဲလေ။

ငြိမ်းမှာသာ။ အင်း . . . အန်တီဝေ ငြိမ်းကို ဘာဖြစ်လို့ ကိုတာရာလောက် မချစ်တာလည်းဆိုတာ ခုထိ မှူး စဉ်းစားလို့မရသေး။ မှူးတို့နဲ့ ငြိမ်းတို့က ခြံချင်းကပ်လျက်နေကြပေမယ့် သူတို့ အိမ်တွင်းရေးတိုက်ပွဲအကြောင်းကိုတော့ မှူး ဂဃနဏမသိ။

သိဖို့လည်း မလိုအပ်ဘူးထင်ပါတယ်။ သူသိတာက သူ ငြိမ်းကိုခင်သည်။ သနားသည်။ ဒါပဲ သိခဲ့သည်လေ။

"ရော့ . . . ငြိမ်း"

"ကျေးဇူး . . ."



www.burmeseclassic.com

www.burmeseclassic.com



မလိုလားသော အကြည့်စူးစူးတစ်ချက်ကြောင့် ကျေးဇူးတင်စကား ဆိုတော့မည့် ငြိမ်း လမ်းခုလတ်မှာပင် ထိုစကားလုံးက ချော်လဲသွားလေ၏။

ပြီး သူမ၏ လွယ်အိတ်အပြာရောင်လေးကို ပခုံးတွင်လွယ်၍ မတ်တပ်ရပ်လိုက်သည်နှင့် အားလုံးသူမနည်းတူ ဆိုင်မှထွက်ခဲ့ကြသည်။ လမ်းသို့ရောက်တော့ တစ်ဦးကို တစ်ဦး နောက်ကြပြောင်ကြနှင့် လမ်းထိပ်ရောက်တော့ အသီးသီးလမ်းခွဲနှုတ်ဆက် ကိုယ့်အိမ်သို့ ခြေဦးလှည့်ခဲ့ကြရသည်။ မှုံးနှင့် ငြိမ်းက ခြံချင်းကပ်မို့ အတူတူပြန်ခဲ့ကြသည့် ကာလတွင် . . .

"ငြိမ်း"

"ဟင်"

"နင် ဘာဖြစ်နေတာလဲ"

"ဘာဖြစ်လို့လဲ"

"ခုတစ်လော နင်မှုမမှန်ဘူး။ တစ်မျိုးပဲ"

"နင်ထင်လို့ပါ"



"ထင်တာမဟုတ်ဘူး။ မြင်နေတာ"

ငြိမ်းမျက်နှာကို စောင်းငဲ့ကြည့်ရင်း ဆိုလိုက်သည်။ ငြိမ်းစိတ်ကို သူသိနေပါသည်။ ငြိမ်း တစ်ခုခုခံစားနေရပြီဆိုတာ၊ သူမက လူကသာ နူးညံ့ပျော့ပျောင်းနေသာ၊ စိတ်ကတော့ သံမဏိလိုမာသည်။ မာနကြီးသည်။

တစ်ခုခုကို အလိုမကျ၍ ဝမ်းနည်းကြေကွဲရသည့်တိုင်အောင် သူများကို ပြောပြ၍ ရင်ဖွင့်လေ့မရှိ။ တစ်ဦးတည်းသာ ကြိတ်ခံစားလေ့ရှိသည်။

ခုတစ်လော ငြိမ်းမျက်နှာသည် ကောင်းကင်ကထိမ်တိုက်တွေသဖွယ် ပြောင်းလဲနေ၏။ တစ်ခါတစ်ခါ ရီဝေအုံ့မှိုင်းလာသလို တစ်ခါတစ်ခါတော့လည်း လောကကို အရှုံးမပေးလိုဘဲ နိုင်အောင်တိုက်မည်ဆိုသော အဓိပ္ပာယ်ဆောင်ကာ မျက်ဝန်းလဲ့လဲ့က အရောင်တွေ တောက်ပနေတတ်သည်။

"ငြိမ်း"

"ငါ့ကို ဘာမှမမေးပါနဲ့ မှုံး။ ငါ့ကို ခင်တယ်ဆိုရင်

www.burmeseclassic.com

www.burmeseclassic.com



ပေါ့"

"ခင်ပါတယ်။ အရမ်းခင်လို့ နင်ဘာတွေ ခံစားနေရလဲ။ ငါ နင်နဲ့အတူ မျှဝေပြီး ခံစားချင်လို့"

ငြိမ်း နှုတ်ခမ်းလေးတစ်စုံက ကွေးခနဲဖြစ်ကာ စကားလမ်းကြောင်းလွှဲဖို့ ကြိုးစားလိုက်သည်။

"နင်ဖြေနိုင်ရဲ့လား မှူး"

မှူး အလိုမကျသော မျက်နှာထားနှင့်ပင် . . .

"ဖြေနိုင်ပါတယ်၊ ဂုဏ်ထူးတွေ ဘာတွေတော့ မှန်းမထားဘူး"

"စာမေးပွဲ ပြီးသွားတော့လည်း စိတ်အေးသွားရတာပေါ့ ဟယ်"

အကြောင်းအရာတစ်ခုကို စူးစမ်းလိုသော်လည်း တမင် စကားလမ်းကြောင်းလွှဲသွားသူကို ဖွင့်အတင်းမေးဖို့ မသင့်တော့။ ထို့ကြောင့် ကိုယ့်အတွေးနှင့်ကိုယ်သာ ဆိတ်ဆိတ်နေမိကြ၏။ မှူးတို့ မြို့ရှေ့အရောက်တွင် မှူး ခြေလှမ်းတွေ တုံ့ခနဲရပ်သွားသော်လည်း ငြိမ်းကတော့ ဆက်





လျှောက်နေဆဲပင်။ ခါတိုင်းလို ငါသွားတော့မယ်ဟု နှုတ်မဆက်ဖြစ်တော့။ ကျောခိုင်းသွားသော ငြိမ်း၏ကျောပြင်ကို ခြေစုံရပ်၍ ငေးမောမိနေဆဲ။

"ငါက အရင်ကျောခိုင်းသွားသူပဲ ဖြစ်ချင်တာ၊ သူများ ကျောခိုင်းတာကို ကြည့်ပြီး ကျန်ရစ်ခဲ့တာမျိုးကို ငါ အမုန်းဆုံးပဲ"

ဆိုသည့် ငြိမ်း။ ခုလည်း သူမ ကျောပြင်ကို မှူး ကသာ ငေးမော၍ ကျန်ရစ်ခဲ့ရသည်။



www.burmeseclassic.com

www.burmeseclassic.com



အခန်း (၁၈)

ကိုတာရာနှင့် မမလေးတို့ လက်ထပ်ပြီး မကြာခင်မှာပဲ သူတို့နှစ်ယောက် ဝေးကြဖို့အကြောင်းက ဖန်လာခဲ့သည်။ မေမေတို့ဆီကတစ်ဆင့် ကြားခဲ့ရသော စကားလုံးတွေက မှုံးစိတ်တွေကို ရှုပ်ထွေးသွားစေ၏။ "အန်တီဝေ" ငြိမ်းကိုဆက်ဆံသည့် သဘောထားကို သိလိုက်ရချိန်မှာ ငြိမ်းကို ကိုယ်ချင်းစာစိတ်၊ သနားဂရုဏာစိတ်တွေ တစ်ဖွားဖွား ပေါ်လာသည်မှစ၍ မှုံးရင်ထဲသို့ သံယောဇဉ်ဆိုသော





ကြိုးတစ်ချောင်းက ရစ်ပတ်မှန်းမသိ တိုးဝင်ရစ်ဖွဲ့ ချည်နှောင်လာခဲ့လေသည်။

"အစကသာ ဒီအကြောင်းတွေသိခဲ့ရင် ဝေရီကို တာရာနဲ့ မပေးစားဘူး။ ခုတော့ ငါးလွှနိမှ ကွန်စွန်းသလိုဖြစ်နေပြီ"

"မေမေကသာပြောနေ ဇေရီကတော့ ဘာမှ မဖြစ်သလိုဘဲ"

"ခုချိန်ကျမှတော့ ဘာမှပြုပြင်လို့ မရတော့ဘူးလေ။ နောက်တစ်ယောက် သူတို့မိသားစုထဲ ထပ်မရောက်ဖို့ တားဆီးရုံပဲ ရှိတော့တာပေါ့"

"မေမေ့သားက တားလို့ရပါ့မလား"

"ရအောင်ပဲ တားရမှာပဲအေ . . . ။ ဒီအမျိုးယုတ်ထဲကို ငါ့သားလေးမရောက်စေရဘူး။ ဘယ့်နှယ့်တော်ဘုရားမှတ်လို့ ကိုးကွယ်မိပါတယ်၊ ဖွတ်ထွက်မှ တောင်ပို့မှန်းသိတော့တယ် . . . ဟင်း"

"အန်ကယ်ငြိမ်းတော့ သနားပါတယ်နော်၊ သူ့



www.burmeseclassic.com

www.burmeseclassic.com



ခမျာ ဘယ်လောက်များ သောကရောက်နေမလဲ မသိဘူး"

အောက်ထပ်သို့ ဆင်းအလာ ကြားလိုက်ရသော စကားသံတွေကြောင့် ဘာတွေပြောနေပါလိမ့်ဟု ခြေလှမ်းကိုရပ်၍ နားထောင်နေဆဲ မမကြီးက သူ့ကိုမြင်သွားကာ

"ဟိုမှာ မေမေ့သားဆင်းလာပြီ။ တစ်ခါတည်းသာ အပြတ်ပြောထားလိုက်"

မှူး အင်္ကျီလက်ကို ခေါက်တင်လိုက်ရင်း ဆိုဖာပေါ်တွင် ထိုင်ကာ . . .

"ဘာတွေကို အပြတ်ပြောနိုင်းနေတာလဲ"

သူ ထိုသို့မေးတော့ မမကြီးက မေမေ့ပေါင်ကို အသာကုတ်၍ သူ့ကို မျက်စပစ်ပြလေသည်။ တစ်ဆက်တည်းပင် မေမေက . . .

"သားကို ငြိမ်းနဲ့ မပတ်သက်တော့ဖို့ ပြောမလို့"

"ဗျာ"

သူ အံ့ဩတုန်လှုပ်သွားရ၏။ ငြိမ်းတို့ မှူးတို့ဆိုတာ ခြံချင်းကပ်နေလာသည်နှင့်အမျှ သုံးနှစ်တိုင်တိုင်





...င်မင်ရင်းနှီးစွာ နှစ်အိမ်တစ်အိမ် နေလာကြသူတွေပင်။ ...မ်းကို အရမ်းချစ်သည်။ တစ်ချိန်ချိန်ကျရင် မှူး အိမ်...ထောင်ဖက်ရွေးသည့်အခါ ငြိမ်းကိုပဲ ရွေးရမယ်နော် စိတ်...အလွဲနဲ့ဟု အချိန်တိုင်းပြောနေခဲ့သော မေမေနှင့် မမကြီး... ခုပဲ ငြိမ်းနဲ့ မပတ်သက်ပါနဲ့တဲ့။ ဘာတွေလဲ၊ ဘာတွေ...ဖြစ်ကုန်ကြပြီလဲ။

"ဟုတ်တယ် မှူး . . . ။ နင်နဲ့ငြိမ်း ကင်းကင်းနေပါ"

"ငြိမ်းနဲ့မှူးကို မပတ်သက်နိုင်းတဲ့ အကြောင်းရင်း...ဘာလဲ မမကြီး"

"နင် မသိသေးဘူးလား"

မှူး ခေါင်းကို ဖြည်းညင်းစွာ ခါပြလိုက်သည်။

"ဒေါ်ဝေဝေသီ လက်ထပ်လိုက်ပြီ"

"ဗျာ"

ရုတ်တရက် ဆိုဖာပေါ်မှထ၍ ရပ်ပြီးသားဖြစ်သွား...ည်။ မယုံကြည်နိုင်သော မျက်လုံးတွေနှင့် မမကြီးကို...ကြည့်နေမိချိန် မေမေက . . .



www.burmeseclassic.com

www.burmeseclassic.com



"သား မယုံဘူးမို့လား။ ယုံပါသား . . .။ ဒါ လိမ် ညာလို့ရတဲ့ ကိစ္စမဟုတ်ဘူး။ သူရည်းစားဟောင်းနဲ့ဆိုလားပဲ။ အဲဒီလူက တာရာရဲ့အဖေတဲ့။ ကိုအေးငြိမ်းကို လူကြီးတွေ အတင်းပေးစားလို့ ယူခဲ့ရတာ။ သူမချစ်ဘဲနဲ့ လက်ထပ်ခဲ့ရ တော့ ကိုအေးငြိမ်းကို မုန်းရာကနေ ကိုအေးငြိမ်းနဲ့ ရခဲ့ရတဲ့ ငြိမ်းကိုပါ မိခင်ဖြစ်ပေမယ့် မလိုချင်ဘဲ ရခဲ့ရလို့ မေတ္တာ မရှိခဲ့တာတဲ့လေ။ မရှိမသေ သားရယ်။ ငြိမ်းကို သန္ဓေတည် စက မလိုချင်လို့ ဖျက်ခဲ့တာ။ ဒါပေမဲ့ မအောင်မြင်ခဲ့ဘူးတဲ့။ ဒါတွေ အားလုံးကို ဒေါ်အေးစု ပြောပြတာပဲသား"

"ဒါတွေအားလုံးက ဒေါ်ဝေဝေသီရဲ့ စိတ်အလို လိုက်မှုတွေပါ မေမေ။ အပြစ်ရှိသူက ဒေါ်ဝေဝေသီပဲ။ မသိမဆိုင် ငြိမ်းကို ဆွဲမထည့်သင့်ဘူး ထင်တယ်"

ခန်းစီးလိုက်ကာစလေး လှပ်ခါသွားသည်နှင့်အတူ လေသံအေးအေးနှင့်ဆို၍ ထွက်လာသူက မမလေး ကေရီမှူးပင်။

"ဟဲ့ . . . မိကေရီ။ လင်ဆွေလင်မျိုးကို ထိလို့





ဆတ်ဆတ်ခါနေလား"

"ကေရီ အမှန်တရားဘက်က ရပ်တည်တာပါ ခေကြီး။ မပော်သခဲ့ဇာတ်တော်ထဲမှာ အမရာက သူ့အမေ ကောင်းတာ သူနဲ့မဆိုင်ဘူးဆိုတဲ့အကြောင်းကို မပော် သမားသိအောင် နွားရေးပုံပေါ်မှာ ကြာပန်းစိုက်ပြခဲ့ဖူးတယ် ဆိုတာလား"

"အိုအေ . . .။ ဟင်းလျာတွေ ဘယ်လောက်ပဲ ဆောင်းကောင်း ကြက်ဟင်းခါးသီးနဲ့ရောချက်ရင် အခါး ဆတ်တွေ ကူးတာပါပဲ"

ခုတစ်ခါ ပြောလိုက်သူက မေမေပင်။ သူတို့ အားစစ်ထိုးပွဲမှာ မှူးက ပရိသတ်ကြီးတစ်ဦးပင်။

"ဒါဆိုရင် သမီးကလည်း ကြက်ဟင်းခါးသီးနဲ့ ရော ချက်တဲ့ ဟင်းတစ်ဖတ်ပဲပေါ့"

"ဒါကတော့ အစကမသိခဲ့လို့ပေါ့။ ဒီလိုဖြစ်မယ် မှန်းသိခဲ့ရင် ညည်းကိုလည်း တာရာနဲ့မပေးစားဘူး သိလား"

"တစ်ခါမှားခဲ့ပြီးလို့ နောက်တစ်ခါမမှားရအောင်



www.burmeseclassic.com

www.burmeseclassic.com



မှူးကို တားဆီးနေတာ။ နင်က ဘာဖြစ်လို့ ဝင်ပြီးစွက်ဖက်နေရတာလဲ ဇေကရီ"

ငြိမ်သက်နေသော မှူး၏မျက်လုံးများသည် ပြိုင်ပွဲတစ်ခုခုကို ဝင်ရောက်ယှဉ်ပြိုင်တော့မည့် လူတစ်ယောက်သို့နှယ်။ တလက်လက်တောက်ပနေသော ပြိုင်ဘက်ကို စိန်ခေါ်လိုက်သည့်နှယ်။ ဒီအရာကို မယူပါနဲ့ဆိုမှ ပို၍ရအောင်ယူချင်သည်။ သူ ငြိမ်းနှင့် ခင်ခင်မင်မင်နေလာတော့လည်း အချစ်ဆိုတာကို အလေးမထား မလေ့လာမိ။ နှ အဆက်အသွယ်မလုပ်ရဟု တားဆီးပါမှ ငြိမ်းကိုသူ မမြင်ရ မနေနိုင်ပင်ဖြစ်လာသည်။

အချစ်ဆိုတာ ဆူးခြောင့်ခလုတ်တွေနှင့် စစ်ပြိုင်သောအခါမှ မည်မျှလေးနက် သိပ်သည်းသည်ကို သိလာသည်။ တစ်ချိန်က အချစ်မှန်းမသိဘဲ တိတ်တဆိတ်ပုန်းကွယ်နေသော နှလုံးသား၏ တောင့်တမှုတို့သည် တိုးထွက်ရုန်းကန်၍လာခဲ့လေသည်။

"ဒါက ဘယ်ကိုလဲ သား"





"ငြိမ်းဆီကို"

"မသွားရဘူး"

ဆိုဖာပေါ်မှ ထရပ်မိချိန် မေမေက မေးလာသဖြင့် သူခပ်တိုတိုပင် ဖြေလိုက်သည်။ ဒါကိုပင် မေမေက သူ့လက်မောင်းကို ဆုပ်ကိုင်၍ တားဆီးလာသည်။ သူ မေမေ့ကို လှည့်မကြည့်ပါဘဲ . . .

"အချစ်ဆိုတာ ရေစီးကြောင်းတစ်ခုလိုပါပဲ မေမေ။ ခစီးစေချင်လို့ တားဆီးထားမှ တားဆီးထားတဲ့ တမံကို ကျော်ဖြတ်ပြီး ဒလဟောစီးဆင်းချင်တာမျိုးပဲ။ အစတုန်းကတော့ ခင်မင်မှုကလွဲပြီး ငြိမ်းအပေါ်မှာ သားစိတ်တွေ ဘာသာလာမှ မပါခဲ့ဘူး။ ခုမေမေတို့ တားဆီးလာမှပဲ ငြိမ်းအပေါ်မှာ သားဘယ်လောက် သံယောဇဉ်ကြီးတယ်။ အလေးအနက်ထားတယ်ဆိုတာ သိလာခဲ့ရတယ်။ သား . . . ငြိမ်းကို သားရဲ့ မျက်စိရှေ့ကနေ ပျောက်သွားမှာကို အဖြစ်မခံနိုင်ဘူး"

"မှူး . . . နင်ဟာလေ မီးပုံမှန်းသိရက်နဲ့ ခုန်ဆင်း

www.burmeseclassic.com



ချင်တဲ့ ပိုးဖလံလိုပါလား"

"ဟုတ်တယ်။ ကျွန်တော်က ပိုးဖလံပဲ။ ဒါပေမဲ့ မီးလောင်ခံပြီးသေမယ့် ပိုးဖလံမျိုးတော့ မဟုတ်ဘူး မမကြီး။ မီးတောက်ကို ဝင်တိုးပြီး ငြိမ်းသတ်ပေးမဲ့ ပိုးဖလံပဲ"

"မှုး"

မေမေနှင့် မမကြီးက သူ့လက်ကို အတင်းဆွဲထားသော်လည်း မှုး ရုန်းကန်၍ အပြင်သို့ ထွက်ခဲ့တော့သည်။

တကယ်ပါ။ အရင်က အချစ်ဆိုတာ ဘာလဲလို့ သူမတွေးဘူးခဲ့။ ခုလို အခြေအနေမျိုးရောက်လာတော့မှ ငြိမ်းကို သူအားပေးချင်သည်။ သောကတွေနဲ့ လုံးထွေးရုန်းပတ်နေမယ့် ငြိမ်းကို ဖေးမကူညီချင်၏။ ငြိမ်းသာ စိတ်ညစ်ပြီး တစ်ခုခုလုပ်လိုက်ရင်။ ဟား . . . မတွေးရဲတော့။ သူ ငြိမ်းနှင့် ဝေးရမှာ ကြောက်နေသည်။

ဒါအချစ်လား . . .

ဖြစ်နိုင်သည် . . .



သူ ငြိမ်းကို ချစ်နေလို့သာလျှင် စိုးရိမ်နေခြင်းပင်။ ငြိမ်းသာမရှိလျှင် သူ့ဘဝကြီးက ဘာမှ အဓိပ္ပာယ်မရှိတော့သလို ခံစားလာရသည်။ ခြေလှမ်းတွေက ပုံမှန်ထက် သွက်လွန်းလှ၏။

"မှုး"

အိမ်ရိပ်အောက်က မကင်းကွာမှီ နောက်မှခေါ်သံကြောင့် ခြေလှမ်းကိုတုံ့ခနဲ ရပ်လိုက်မိ၏။ ခေါင်းကို ဖြည်းညင်းစွာ လှည့်ကြည့်လိုက်တော့ အရောင်တွေတဖိတ်ဖိတ်တောက်နေသော မျက်ဝန်းအစုံနှင့် သူ့ကိုကြည့်နေသော မမလေး။ အိမ်ညိုတွေကို ထိုးဖောက်၍ သာတော့မည့်လပမာနယ် အားမာန်တွေ အပြည့်ပါသော အပြုံးတစ်ပွင့်နှင့် . . .

"နှင့်ရဲ့ ဆုံးဖြတ်ချက်ကို ငါလေးစားတယ် မှုး။ အကြမ္မာဆိုတာ ကိုယ့်စိတ်ဓာတ် ယိုင်နဲ့သွားရင်သာ မညှာတာ တွန်းလှဲတတ်တာမျိုး။ ကိုယ်က အခြေခိုင်ရင် သူစေစားရာ မရနိုင်ပါဘူးကွာ။ နင်လှမ်းတဲ့ ခြေလှမ်းတိုင်းရဲ့နောက်မှာ မမလေးရှိနေမယ်"

www.burmeseclassic.com

www.burmeseclassic.com



မှူး ခေါင်းတစ်ချက်ညိတ်ပြပြီး စိတ်၏စေရာသို့ ခြေဦးလှည့်ခဲ့တော့၏။ ငယ်စဉ်ကလေး ကတည်းက နား စည်တွင်းသို့ မကြာခဏ ရိုက်သွင်းခဲ့သော မေမေတို့၏ စကားလုံးများသည် မှူး နှလုံးသားတွင် သံချောင်းတွက်သည့် ပုံသေနည်းတစ်ခုလို ထာဝရ တည်တံ့နေခဲ့၏။

မှူး ရှစ်တန်းတက်ပြီဆိုကတည်းက မှူးကိုအရွယ် ရောက်လာရင် မိန်းမ မပွေ့မရှုပ်နဲ့။ ကြီးလာရင် ငြိမ်းလေးတို့ ပဲ ချစ်နိုင်အောင်ကြိုးစား။ ငြိမ်းကလွဲရင် ဘယ်မိန်းကလေး ကိုမှ သဘောမတူပါဘူ ရာဇသံပေးခဲ့သော မေမေ့စကားသံ တို့သည် မှူး ရင်ထဲမှာ ပွဲတင်ထပ်၍ ကလေးအတွေး ကလေးအမှတ်နှင့်ပင် ပုံသေတံဆိပ်ရိုက်၍ ငြိမ်း ဆိုသော ဝေါဟာရလေးတစ်ခုကို နှလုံးသားမှာ ချိတ်ဆွဲထားခဲ့၏။

သံယောဇဉ်မှတစ်ဆင့် အရှိန်မြင့်၍ ခုန်တက်လာ ခဲ့သော အချစ်ဟူသော စကားရပ်တို့သည် နေတစ်ပြောက် မထိုး၊ မိုးတစ်ပေါက် မခပါပဲနှင့် သမုဒ္ဒယတွေ တွယ်ကပ် အမြစ်ကပင် နုတ်လို့မရအောင် တစ်စတစ်စ ကြီးထွားရှင်



သန်လာခဲ့သည်။

သိသော်သိငြား ချစ်စကားကို ကြယ်ရောင်မမြင် သေးသရွေ့ အလျှင်းမရှေ့ပါဟု နှလုံးသားကို ထိန်းချုပ်သတိ တရား ချေကြွတ်ထဲသို့ထည့်ကာ တိုးတိုးတိတ်တိတ် မျိုသိပ် ၍ ချစ်ခဲ့မိပါသည်။ ယခုတော့မှ လေတိုက်လို့ မိုးမရွာရဘူး လို့ ဘားဆီးလာလို့မရနိုင်တော့။ ရွာမလို တိမ်တွေညိုပြီးမှ တော့ လေဆန်ကိုခွင်း၍ပင် ကမ်းလျှံအောင်ရွာချလိုက် တော့မည်။

"အဟင့် . . . တင့်"

ရိုက်သံသဲ့သဲ့က လေပြေနှင့်အတူ မှူး၏ နားစည် ကို ပွတ်သပ်၍ ဖြတ်သွားလေသည်။ ရင်ထဲမှာ ထိတ်ခနဲ ဖြစ်ကာ အသံရှင်ကို သဲကြီးမဲကြီး ရှာဖွေမိတော့သည်။ သူ အပြေးအလွှားရှာဖွေမိတော့ ငြိမ်းတို့ တိုက်ကြီး၏အနောက် ဘက် ယူကလစ်ပင်အောက်တွင် ညှိုးဖျော့နွမ်းရိကာ ငိုရှိုက် နေသော ငြိမ်းကို တွေ့လိုက်ရသည်ဆိုရင်ပဲ မှူး လွှားခနဲပင် ငြိမ်း အနားသို့ရောက်သွားလေသည်။

www.burmeseclassic.com

www.burmeseclassic.com



"ငြိမ်း"

မှူး ခေါ်သံက မတိုးတိတ်သောကြောင့် ကိုယ်ကလေးဆတ်ခနဲ တုန်သွားကာ ငြိမ်း မျက်နှာလေး ဖြည်းဖြည်းချင်း မော့လာလေ၏။ မျက်ဝန်းတွင် လျှံတက်နေသော မျက်ရည်ကြည်ဥတွေက ပါးပြင်ပေါ်သို့ တရစပ် စီးဆင်းနေသည်။

"ငြိမ်းရယ်"

စိတ်မကောင်းသော လေသံနှင့် ညည်းတွားရင်း ပျော့ခွေနေသော ငြိမ်းကို ဆွဲထူလိုက်သည်။ ပထမတော့ အလိုက်သင့်ပါလာပြီးမှ မတ်တပ်ရပ်မိသွားသောအခါ ငြိမ်းက မှူး လက်တွေကို ခါချပစ်လိုက်သည်။

ပြီး . . . မျက်ရည်ကို ခပ်ကြမ်းကြမ်းသုတ်ပစ်ကာ မှူးကို ကြည့်လိုက်သောအကြည့်က မာနတွေ လွှမ်းခြုံနေသည်။ နှုတ်ခမ်းကို တင်းတင်းစေ့ထားသေး၏။

"အဲဒီ အကြည့်မျိုးနဲ့ ငါ့ကိုမကြည့်ပါနဲ့ ငြိမ်းရယ်။ တစ်လောကလုံးကို နင်နာကြည်းချင်နာကြည်းလိုက်ပါ။



ဒါပေမဲ့ အဲဒီစာရင်းထဲမှာ ငါ့ကိုတော့ ထည့်သွင်းမမှတ်လိုက်ပါနဲ့ဟာ။ နင်နဲ့ ပတ်သက်လာရင် ငါကအမြဲတမ်း အရှုံးပေးချင်တဲ့သူပါ"

"နင့်စိတ်ထဲမှာ ငါ့ကိုသနားနေတယ်မို့လား"

"ငါ . . . ငါ"

မှူး ဘာပြောရမှန်းမသိ။ စကားတွေ အထစ်ထစ်အငေါ့ငေါ့ဖြစ်ကုန်၏။ ငြိမ်းက မာနကြီးသည်။ သူများက သနားသည်ဆိုသည့်စကားလုံးကို သူမ မာနနှင့် အသာလေး ချေပလိုက်၏။ ငါက သနားစရာ သတ္တဝါမဟုတ်ဘူး။ ငါ့မှာ ခြေလက်အင်္ဂါစုံနေတာ သနားစရာမလိုဘူး။ ဘယ်သူ သနားတာကိုမှ မခံချင်ဘူးဟု ခေါင်းမော့၍ ကြွေးကြော်ခဲ့သူပင်။

ခုလည်း ဆံပင်တိုတိုကလေးများ လွင့်ခနဲဖြစ်သွားအောင်ပင် မျက်ရည်ကို ခါထုတ်၍ ခေါင်းကလေးမော့လာသည်။

"ငါ အားငယ်စိတ်ဓာတ်ကျ ငိုနေတယ်မထင်နဲ့၊ ငါမငိုဘူး။ နာကျင်မှုတွေ ဖုံးလွှမ်းပြီး လောကကိုနိန်ခေါ်

www.burmeseclassic.com

www.burmeseclassic.com



လိုက်တဲ့ မျက်ဝန်းရဲ့ ဟားတိုက်ရယ်မောမှုပဲ"

"နှင့်ကို ငါကူညီချင်တယ် ငြိမ်း"

"မလိုဘူး။ အစကတည်းက ငါ့စိတ်ကိုငါ ခံစစ်ဆင်ထားပြီးသားပဲ မှူး။ ဒီပွဲမှာ ငါအရှုံးမပေးဘူး။ နိုင်အောင်တိုက်မယ်"

အသံမာဆတ်ဆတ်နှင့် ပြတ်သားစွာဆိုသည်။ နာမည်ကသာ "နှင်းဝေငြိမ်း" ရယ်လို့ ခပ်ပျော့ပျော့ပေးယှ်ခေါင်းမာသည်က သူမ၏ မွေးရာပါ ဗီဇပင်။

"ငြိမ်း"

"နင် ဘာမှ မပြောနဲ့တော့"

"ငြိမ်း"

"ပြန်ပါတော့ဟာ"

"မပြန်နိုင်ဘူး"

နောက်ပြန်လှည့်ဖို့ ကြိုးစားသော ငြိမ်း ရှေ့တွင် မှူး ကာဆီးလိုက်တာ ငြိမ်း ပခုံးကို ဆုပ်ကိုင်ထားမိလိုက်၏။ ဒါကို ငြိမ်းက စူးရှသော မျက်လုံးစိမ်းနှင့် မှူးကို ကြည့်သည်။





"မာနဆိုတာကို နေရာတကာမှာ ဦးထိပ်ပန်ဆင်ထားနဲ့ ငြိမ်း တစ်ခါတလေ မာနကလည်း အဆိပ်သင့်တတ်တယ်"

"မာန အဆိပ်သင့်မယ်ဆိုရင် ငါအသေခံလိုက်မယ်"

"ခေါင်းမမာစမ်းပါနဲ့ ငြိမ်းရယ်"

"ဒါ ငါ့ခေါင်းမာတာမဟုတ်ဘူး . . . မှူး။ မာနဆိုတာ သောကတွေ ဖန်ဆင်းပေးတဲ့ ငါ့ရဲ့လက်သုံးဓားပဲ"

မှူး လက်ကိုဖယ်ချလိုက်ရင်း ငြိမ်း ကဆိုသည်။ မှူး သက်ပြင်းတစ်ချက်ကို ဟူးခနဲ မှုတ်ထုတ်လိုက်၏။ ပြီးမှ ဆံပင်တိုတိုလေးနှင့် ဝင်းဖန့်နေသော ငြိမ်း မျက်နှာလေးကို ငေးခနဲကြည့်ကာ . . .

"ငါ ဆုံးဖြတ်ချက်ကို ပြောရမလား ငြိမ်း"

ငြိမ်း ဘာမှပြန်မဆို။ မှူး စိတ်ကို ဗိုအားမြှင့်ပေးလိုက်၏။

"မေမေနဲ့ မမကြီးက ပြောတယ်"



www.burmeseclassic.com

www.burmeseclassic.com



"ဘာလဲ" ဟူသော သဘောနှင့် ရှုတည်တည် မျက်နှာထားက မှုးကို မော့ကြည့်လာသည်။

"နင်နဲ့ မပတ်သက်ရဘူးတဲ့"

ငြိမ်း နှုတ်ခမ်းလေး တွန့်ခနဲ ဖြစ်သွားလေ၏။

"သူတို့ ငါ့ကို စိန်ခေါ်လိုက်တာ"

"မပတ်သက်နဲ့ဆိုတော့လည်း ငါနဲ့ ကင်းကင်းနေနိုင်ဖို့ ကြိုးစားပေါ့ဟာ"

"မကြိုးစားဘူး။ သူတို့ ငါ့စိတ်ကို တွန်းအားပေးတာနဲ့ အတူတူပဲ"

"ဘာရယ်"

"ဟုတ်တယ် ငြိမ်း။ ကိုယ့်ရည်မှန်းချက်ပန်းတိုင် မရောက်ခင် မျိုသိပ်ထားမယ်လို့ ငါဆုံးဖြတ်ထားတာ။ ခု ငါ ဆုံးဖြတ်ချက်ကို ပြင်လိုက်ပြီ"

အကြည့်ချင်း ဆုံဖြစ်ကြသည်။ စကားသံတို့ ခေတ္တ တိတ်ဆိတ်သွားလေ၏။ ပြီးမှ အကြည့်လွှဲ၍ ငြိမ်းက မှုး ကို ကျောပေးအနေအထားနှင့် . . .





"နင် ဘယ်လောက် သတ္တိရှိနိုင်မှာလဲ။ မရဲဘဲနဲ့တော့ ကျွဲလှည်းကို မစီးသင့်ဘူး မှုး"

မှုး နှလုံးသားတံခါးကို ဖွင့်ဟ၍ ဘယ်အချိန်က ချောင်းကြည့်ထားသည် မသိ။ ငြိမ်း စကားအဓိပ္ပာယ်က မှုး ရင်ကို အောင့်သက်သွားစေ၏။ ထို့ကြောင့် ငြိမ်း ပခုံးကိုကိုင်၍ ဒုတိယအကြိမ်မြောက် သူ့ဘက်သို့ ဆွဲလှည့်လိုက်ပြီး -

"ငါ ယောက်ျားပါ ငြိမ်း။ လက်သည်းကြားကို အပ်စိုက်မှာကြောက်ရင် ဘုရင့်နောင်ရှေ့ကို ရောက်မလာဘူး။ ငါ့မျက်နှာကို နင်သေသေချာချာကြည့်စမ်း။ သတ္တိကြောင်မယ့် ရုပ်လားလို့"

အကြောင်းသိသူတွေမို့ တစ်ဦးနှင့်တစ်ဦး နှလုံးသားချင်း နားလည်ခဲ့ကြသည်။ ဆိုလိုရင်း အဓိပ္ပာယ်တွေကို ခြေရာတောက်တတ်ကြသည်မှာ မဆန်းလှပေ။

"နင်နောက်မှာ နောင်တရလိမ့်မယ်နော်"

"ငါ့အတွက်နောင်တဆို အမှောင်ကလာတဲ့ အရိပ်တစ်ခုပဲ။ အစကတော့ ရည်မှန်းချက်ပန်းတိုင်မရောက်ခင်



www.burmeseclassic.com

www.burmeseclassic.com



မပြောသေးဘူးလို့ . . . ။ ခုတော့ နင်နဲ့ငါ ဝေးစေမယ့် အကြောင်းက ဖန်လာပြီဆိုတော့ ပြောမှဖြစ်တော့မယ်"

"တို့တွေ မငယ်လွန်းဘူးလား"

"ကိုယ်လိုချင်တဲ့ ပစ္စည်းတစ်ခုကို အပိုင်မဝယ်နိုင်သေးခင် စရံရိုက်ထားတာပဲလေ"

ငြိမ်းက ရှေ့သို့ သုံးလေးလှမ်း လှမ်းသွားတော့ မှုံ ပါ သူမနှင့် ကပ်လိုက်ခဲ့ပါသည်။ နှင်းဆီပင်တွေ အနားကို ရောက်တော့ ခြေလှမ်းတို့ရပ်တန့်ကာ သူမတို့၏ တိုက်ကြီးကို ငြိမ်းက ခပ်ဆွေးဆွေးလေး မော့ကြည့်နေ၏။

"နင့်ကို ငါချစ်တယ် ငြိမ်း"

နှုတ်ခါနီးတွေ အတော်ပိုးပြီးမှ ပြောမယ့်ပြောတော့လည်း အထမ်းအပိုးအရှက်မပါ။ သူ ဒီလိုပြောချလိုက်လို့လည်း ငြိမ်းက အံ့ဩတုန်လှုပ်ခြင်း အမူအရာကို မပြ။ သူကလည်း မအံ့ဩလို့ မရှောက်ချားခဲ့။

"နင် ဒီစကားကိုပြောတာ နင့်မေမေနဲ့မမရဲ့ တားဆီးမှုတို့ ချေဖျက်ချင်လို့လား"





"ဒီလိုပြောလည်း ရပါတယ်။ ဘယ်သူမဆို စိန်ခေါ်မှုဆိုရင် အရှုံးမပေးချင်ကြတာ နင်နားလည်မှာပါ"

ငြိမ်း ထံမှ သက်ပြင်းချသံသဲ့သဲ့ကို ကြားလိုက်ရသည်။ ဘယ်လောက်ပဲ မာနတွေကြီးကြီး မိန်းမတွေ၏ စိတ်သည် ပျော့ပျောင်းနူးညံ့ကြသည်ပဲ။ သနားလွယ်ခြင်း၊ ယုံလွယ်ခြင်း၊ တိမ်းညွတ်လွယ်ခြင်းတို့က မိန်းမတို့၏ ပင်ကိုစရိုက်ဖြစ်သည်။ အထူးသဖြင့် အချစ်နှင့်ပတ်သက်လာလျှင် ယောကျ်ားတွေထက် ပိုပြီး စိတ်ကူးယဉ် ရူးသွပ်တတ်ကြသည်။ ခုလည်း တင်းမာလာနေသော ငြိမ်းမျက်နှာသည် တဖြည်းဖြည်းလျော့ချလာပြီး မျက်ဝန်းပြာလေးတွေက ဆွေးရိပ်သမ်းကာ ရီဝေလာပေ၏။

"အေးလေ။ နင်က ကြိုးဝိုင်းထဲအထိ ရောက်လာပြီဆိုတော့လည်း ငါက မိတ်ဆက်ပေးပြီး ခရာမှုတ်ရုံပဲ ရှိတော့တာပေါ့"

မှုံ မျက်နှာပေါ်မှာ အလင်းရောင်လေး ဖြတ်ပြေးသွားလေသည်။ ငြိမ်း နှုတ်မှ ထုံပြန်လာမည့်အဖြေကို ရှော



www.burmeseclassic.com

www.burmeseclassic.com



လင့်နေသည်။ ငြိမ်း စကားသံက တုံဆိုင်းနေသဖြင့် သူတို့ တစ်မျိုးထင်သွားမည် စိုးရိမ်သွားရခိုက် . . .

"ဟို . . . နင် ငါ့ကို မြွေပူရာ ကင်းနှောက်တယ်လို့ မထင်စေချင်ဘူး ငြိမ်း ငါက . . ."

ငြိမ်းက လက်ကာပြသဖြင့် သူစကားကို အဆုံး မသတ်တော့ . . .

"ငါနားလည်ပါတယ်။ နင့်ကိုလည်း အပြစ်မဖွဲ့ပါ ဘူး"

ငြိမ်းက သူ့ဘက်သို့ ဖြည်းဖြည်းလှည့်လာပြီး သူ့မျက်နှာပေါ်သို့ လွင့်ကျလာသော ဆံနွယ်စတွေကို ဆတ် ခနဲခေါင်းမော့၍ ခါယမ်းဖယ်ရှားပစ်လိုက်ရင်း . . .

"ငါမညာတတ်ဘူး။ အဟုတ်ကို မဟုတ်ဘူးလို့ မငြင်းတတ်သလို၊ မဟုတ်တာကိုလည်း ဟုတ်တယ်လို့ ခေါင်းညိတ်မပြတတ်တာ နင်အသိပဲ မှူး"

မှူးက ခေါင်းညိတ်ကာပင် . . .

"သိတယ်လေ။ အဲဒီ ပွင့်လင်းတာကိုပဲ ငါမြတ်နိုး





ခဲ့တာ"

"ငါ နင့်ကိုခင်တယ်။ နင်နဲ့ ဝေးဝေးမှာနေရရင်ဆို တဲ့ အသိစိတ်ဝင်လာတိုင်း ဝမ်းနည်းမိတယ်။ အဲဒါ အချစ် လား၊ သံယောဇဉ်လားဆိုတာ ငါကိုယ်ငါ မခွဲခြားတတ်ဘူး"

"အခြား သူငယ်ချင်းတွေအပေါ်မှာရော နင့်စိတ်က အဲဒီလိုပဲလား ငြိမ်း"

ခပ်တွေတွေကလေး စဉ်းစားပြီးမှ . . .

"နင်နဲ့ငါက ခြံချင်းကပ်သူငယ်ချင်းတွေမို့လား သိဘူး။ ကျန်တဲ့သူတွေအပေါ်မှာလည်း ဒီလိုစိတ်ရှိပေမယ့် နှုန်းရဲခါပါပဲ"

"ဒါဆို သေချာတယ်"

"ဘာကိုလဲ"

"နင်လည်း ငါ့ကိုချစ်နေတာလေ"

"သေချာအောင် ငါစဉ်းစားဦးမယ်"

"ဒါ မိန်းကလေးတွေရဲ့ လက်သုံးစကားပဲလေ"

"ဒါပေမဲ့ ငါက သူများတွေနဲ့ မတူဘူး"



www.burmeseclassic.com

www.burmeseclassic.com



"သိပါတယ်"

"နင်ပြန်တော့ မှူး၊ ခုချိန်မှာ ငါက ရန့်ပြယ်နေတဲ့ ပန်းတစ်ပွင့်၊ နင်လက်ရွယ်တိုင်း နင့်မေမေနဲ့ မမက ငါ့ကို မျက်ဖစောင်းထိုးနေမှာ၊ အချိန်အခါက အဆုံးအဖြတ်ပေးလာမှာပါ"

ငြိမ်း မှူးရှေ့မှ ထွက်ခွာသွားလေတော့ မှူး မြင်းကျောပြင်ကို ငေးမောရင်း ကျန်ရစ်ခဲ့သည်၊ ကိုယ့်အရွယ် ငယ်သေးမှန်းသိသော်လည်း ကြီးထွားနေပြီဖြစ်သော အချစ်စိတ်တို့က ဘယ်သို့ချိုးနှိမ်လို့ရပါ့မလဲလေ၊ ငြိမ်းတို့ အိမ်တွင်း ရေးစစ်ပွဲကြောင့် သူ ငြိမ်းနှင့် ဝေးရမှာကို စိုးရိမ်ကြောက်ရွံ့မှု ဖြစ်ခဲ့ရသည်လေ၊ ချစ်တာ လက်ထပ်တာမှ မဟုတ်သော သူ မမှားနိုင်ပါဘူး၊ ဩော် . . . အချစ်က ရင်ကို ပူလောင်စေသတဲ့လား၊



အခန်း (၁၉)

"မှူးရေ . . . မှူး . . . မှူး"

ကသုတ်ကယျာနှင့် အခြေးတစ်ပိုင်းဝင်လာသူက မမလေး ကေရိမှူးပင်၊ ဘာဖြစ်လာပါလိမ့်ဟု ရေချိုးပြီး အဝတ်လဲရန် အင်္ကျီရှာနေသော မှူး နီးစပ်ရာ စပို့ရှပ်တစ်ထည်ကို ကပျာကသီ ဝတ်လိုက်၏၊

"မမလေး . . . ဘာဖြစ်လာတာလဲ"

"ငြိမ်း ထွက်သွားပြီ မှူးရဲ့ အဟင့် . . . ဟင့်"

www.burmeseclassic.com

www.burmeseclassic.com



"ဗျာ"

ဇော်ရီ ပြောရင်းပင် မှုူးကိုဇက်၍ ငိုပါလေတော့သည်။ သူမသည် ငြိမ်းကို ညီမရင်းလေးလို ချစ်ခဲ့သူပင်။ ငြိမ်းကလည်း မမလေးကို ချစ်ခင်စွာ အမြဲတမ်းချွဲတတ်ခဲ့သူပါ။ ကိုတာရာနှင့် မမလေးတို့ ချစ်သူဖြစ်ခဲ့ကြတာလည်း ငြိမ်းနှင့် မှုူးတို့က ဖူးစာရေးနတ်လုပ်ခဲ့တာဖြစ်၏။

ဟိုအရင်က ရွှေ့ရွှေချင်းထပ်လို့ မြတ်ခဲ့ကြပေမယ့် ခုကျတော့ ဘဝတွေက တစ်မျိုးတစ်ဖုံ ပြောင်းလဲသွားခဲ့ပါပြီ။

"ဟုတ်ရဲ့လား . . . မမလေးရယ်"

"သေချာတယ် မှုူး။ အားလုံးက ဒေါ်ဝေဝေသီရဲ့ စနက်မီးတွေပဲ။ ငါ့ယောက္ခမပေမယ့် အဲဒီမိန်းမကြီးကို ငါ သိပ်မုန်းတာပဲ"

သူ့ရင်ထဲမှာ ပူလောင်သွားရ၏။

"မောင်ကတော့ပြောပါတယ်။ သူ ဖေဖေနဲ့ ညီမကို တွေ့အောင်လိုက်ရှာမယ်တဲ့။ ဒေါ်ဝေဝေသီက သူ့ရဲ့





ယောက်ျားဆိုတာကို အိမ်ကိုခြောင်ကြီးခေါ်လာတာ။ ဟို ငနဲ တလည်း နည်းနည်းမှ ကိုယ်ချင်းစာစိတ်မရှိဘူးဟာ . . .။ အံ့ရောပဲ"

ဇော်ရီမှုူးက မကျေမချမ်းရှင်းပြနေသည်။ မှုူးကတော့ ကျောက်ရုပ်ဖြစ်နေသည့်နယ်။ ဒီအရေးမှာ သူဘာတွေ ပေးဆပ်သင့်သလဲကိုသာ စဉ်းစားနေ၏။

"အန်ကယ်ငြိမ်းလည်း သနားပါတယ်။ သူများတွေက မယားခိုးမှုနှင့် တရားစွဲဖို့ပြောကြပေမယ့် သူကခေါင်းခါတယ်။ သူက အရင်တုန်းက ဒီအိမ်ကြီးရဲ့ ခြံစောင့်အလုပ်သမားဘဝ။ ခုလည်း ဒီခြံထဲက ထွက်သွားရတာ မဆန်းပါဘူးတဲ့။ ဝဋ်ကြွေးကျေသွားပြီလို့ပဲ သတ်မှတ်ပါတယ်ဆိုပြီး ငြိမ်းကို ခေါ်ပြီးထွက်သွားတာ"

မှုူး စိတ်မောစွာ ဆံပင်တွေကို လက်နှင့်ထိုးဖွလိုက်၏။

"သူတို့ ထွက်သွားတာကို ဘယ်သူမှ မတားကြဘူးလား"

www.burmeseclassic.com

www.burmeseclassic.com



"တားတာပေါ့ မှူးရယ်။ မောင်က ကျွန်တော့်ဘဝမှာ အဖေဆိုတာ တစ်ယောက်ပဲရှိတယ်။ အဲဒီ အဖေဟာ ဦးအေးငြိမ်းပဲ၊ ဖေဖေကလွဲပြီး ဘယ်သူ့ကိုမှ ကျွန်တော့် အဖေလို့ မသတ်မှတ်ဘူးဆိုပြီး ငိုပြီးတော့ တားတာ"

စကားသံအရပ်မှာ မမလေးက မျှော်လင့်ခြင်း မျက်ဝန်းအစုံနှင့် ကြည့်နေသည်။ မှူး စိတ်ပျက်လက်ပျက် ပင် ကိုယ်ကို ကုတင်ပေါ်သို့ လှဲချပစ်လိုက်တော့၏။





အခန်း (၂၀)

"လုံးဝ အဓိပ္ပာယ်မရှိဘူး။ တော်တော့၊ မပြောနဲ့ တော့ ကြားချင်ဘူး"

တာရာတစ်ယောက် နားနှစ်ဖက်ကို လက်နှင့်ပိတ် ကာ အော်ပစ်လိုက်သည်။ စိတ်ရှိသလောက် ဂုန်းဒိုင်းကြဲ ချင်သော်လည်း ကံကြီးထိုက်မှာ ကြောက်ရသေး၏။

"အမှန်ကိုတော့ လက်မခံလို့မရဘူးသား။ ကိုရဲဝေ ဟာ သားရဲ့ဖခင်အရင်းပဲ။ မေမေနဲ့ အချစ်နယ်ကျွံခဲ့ကြလို့"



www.burmeseclassic.com

www.burmeseclassic.com



"ကျွန်တော် လက်မခံဘူးလို့ ပြောပြီးပြီနော်။ ကျွန်တော်သိတာ ကျွန်တော့်အဖေက ထာဝရ ဦးအေးငြိမ်းပဲ၊ ဒီအရွယ်အထိ ဒီဘဝရောက်အောင် မြှင့်တင်ပေးခဲ့တာ ဖေဖေဦးအေးငြိမ်းပဲ။ ခုမှ ဘယ်ကပေါ်လာမှန်း မသိတဲ့သူကို အဖေပါလို့ ကျွန်တော်ဘယ်လို သတ်မှတ်ရမှာလဲ"

"သား"

တာရာခေါင်းကို သွင်သွင်ခါလျက် ခြေသံပြင်းပြင်း ထွက်ခဲ့တော့သည်၊

ချယ်ရီပင်အောက်တွင် ချယ်ရီပွင့်တွေကို စုပုံ၍ ငေးစိုက်ကြည့်နေသော မှုံးသည် ရှုံးရှုံးရွဲရွဲနှင့် ဒေါသဖြစ် လာဟန်တူသော ကိုတာရာကိုမြင်တော့ ချယ်ရီပွင့်ပုံကြား ထရပ်လိုက်သည်။

"ကိုတာရာ"

တာရာ သူ့ကိုမြင်တော့ ချယ်ရီပင်အောက်သို့ လျှောက်လာခဲ့သည်၊ အရေးထဲ ချယ်ရီကိုင်းခြောက်ကို ခလုတ်တိုက်မိ၍ တာရာ့ဒေါသက သစ်ကိုင်းပေါ်သို့ ပုံ၍



ရောက်ရှိကာ ကန်ထုတ်ပစ်လိုက်၏၊

"ရှုတ်"

"တောက်"

တောက်ခေါက်သံပြင်းပြင်းနှင့် တာရာ ကြံ့ရာ နေရာမှာပင် ထိုင်ချပစ်လိုက်၏။

"မေမေ လုံးဝမတရားဘူးကွာ၊ ကြောက်ပါပြီလို့ အော်ပြီး ထွက်ပြေးတဲ့သူကို ချောင်ပိတ်ပြီး ရိုက်ဖို့ကြံစည် နေတုန်း"

"ဘာတဲ့လဲ . . . ကိုတာရာ"

စိတ်လှုပ်ရှားစွာ မေးလိုက်မိသည်၊ ဒေါ်ဝေဝေသီတို့ လင်မယားက တစ်ဖက်ကမ်းခတ်အောင် ကောက်ကျစ်စွာ ကြံစည်တတ်ကြတဲ့သူတွေ၊ ချစ်ခွင့်ပန်ခဲ့သော်လည်း ချစ် တော်းပင် ပြန်မကြားရသေးသော ချစ်ရသူနှင့် ဝေးခဲ့ရသည့် ဘူ ရင်ထဲမှာ ဒေါ်ဝေဝေသီကို ကြည်ဖြူနိုင်ပါမည်တဲ့လား။

"ဘာဖြစ်ရမလဲ မှုံးရာ . . . ။ အားလုံးကို အရှုံးပေး ပြီး အဖေ့ဆီတစ်ထည် ကိုယ်တစ်ခုနဲ့ ဆင်းသွားတဲ့သူတွေကို

www.burmeseclassic.com

www.burmeseclassic.com



လိုက်ပြီး ဒုက္ခပေးဖို့ ကြိုးစားနေတုန်း"

"ဘယ်လို ဒုက္ခပေးမှာလဲ"

"အတွင်းပစ္စည်းတွေပျောက်လို့ အဲဒါ ဖေဖေနဲ့ ငြိမ်းကို တရားစွဲမလို့တဲ့လေ"

"ဟာဗျာ"

မှူးတစ်ယောက် ချစ်ရသူအတွက် စိုးရိမ်ပူပန်စွာ တစ်မုဟုတ်ချင်း သောကဗျာပါဒတွေ ဖိစီးသွားလေ၏။ ခုလောက်ဆို ငြိမ်းတို့သားအဖ ဒုက္ခရောက်နေလောက်ပြီ။

"ဘယ်လို လုပ်ကြမလဲ ကိုတာရာ"

"ငါ ကူညီရမှာပေါ့"

"အခု ငြိမ်းတို့ ဘယ်မှာလဲ"

"မင်းလိုက်ခဲ့မလား"

"လိုက်မယ်လေ"

"ဒါဆို ငါ အိမ်ပေါ်မတက်တော့ဘူး။ ခြံဝက စောင့်နေမယ်။ မင်းပဲ ဖေကြီးကို အကျိုးအကြောင်း ပြောခဲ့ကွာ"

မှူး ခေါင်းညိတ်ကာ လှည့်ထွက်မည်အပြု -



"သြော် . . . မှူး။ မင်းရဲ့ မေမေနဲ့ မမကြီးမသိစေနဲ့နော်။ သိရင် ကျိုင်တက်နေဦးမယ်"

"စိတ်ချပါ"

ပြောပြီးသည်နှင့် အိမ်ဘက်သို့ ဦးတည်ခဲ့သည်။ အချစ်ဆိုသည့် အရာသည် လူတစ်ယောက်၏ စိတ်ကို သွက်လက်ဖြန့်ဆန်စေသည်တဲ့လား။ ချစ်ရသည်က တစ်ခဏ ပေးကြသည်က တစ်ဘဝတဲ့ ဆိုထားမျိုးကို မှူး အဖြစ်မခံလို့။

သူနှင့် ငြိမ်းက တစ်ခဏတာပင် ချစ်ခွင့်မကြုံရသေး။ ကံကြမ္မာသည် မနက်ဖြန်တိုင်းမှာ စိတ်ကစားနေဦးမယ်ဆိုလျှင် မုန့်တွေဝယ်ကျွေးပြီး ချော့မြှူထားလိုက်ချင်ရဲ့။ သူနှင့် ငြိမ်းကို ဆုံစည်းခွင့်ပေးပါလို့လည်း အသနားခံချင်သည်။

"ဒီနေ့ ဘယ်ကိုလျှောက်လိမ့်ဦးမလို့လဲ ကိုယ်တော်"

မမလေးကို အကျိုးအကြောင်းပြောပြီး ထွက်လာသော မှူးကို မမကြီးက ဆီးမေးသည်။ လိုက်ရှာလျှင် တွေ့

www.burmeseclassic.com

www.burmeseclassic.com



ချင်မှတွေ့မည်၊ မတွေ့လို့၍ ကွေ့ပတ်ရှောင်ရှား၍သွားမှပင် တည့်တည့်တိုးနေသည်၊ မှုံးက ခပ်တည်တည်ဖြင့် . . .

"သူငယ်ချင်းတွေနဲ့ ချိန်းထားလို့"

"ဟုတ်လား၊ သစ္စာရှေပါလား"

"ပါတယ်"

"အဲဒီကောင်မလေးမဆိုးဘူးနော်၊ မမကြီးတော့ အဲဒီ သစ္စာကို သဘောကျတယ်"

ပြီး . . . ပြီးရော ဖြေလိုက်မှပင် မမကြီး စကားလုံးတွေက မတီးမခေါက်ရပါဘဲ ပြည်တွန်နေတော့၏၊ မှုံး အလိုမကျစွာ မျက်ခုံးနှစ်ဖက်ကို တွန့်လိုက်ရင်း မမကြီးကို ကွေ့ပတ်ကာ ကားဆီသို့သာ ရှုးစိုက်၍လာခဲ့သည်၊ ကားဆီသို့ရောက်၍ ကားတံခါးကို ဖွင့်သည့်အထိ မမကြီးက နောက်မှလိုက်လာသည်၊ ပြီး ပြောလိုက်သေး၏၊

"စိတ်ကူးမလွဲနဲ့နော် မှုံး၊ မမကြီး သိရသလောက်တော့ သစ္စာက မောင်လေးနဲ့ လိုက်မယ်ထင်တယ်"

"မမကြီး"



"အင်း . . . ပြော"

"သစ္စာကို မမကြီး တော်တော်ချစ်နေသလား"

မှုံးမေးတော့ မမကြီးက အားတက်သရော ခေါင်းညိတ်သည်၊

"ကိုယ်ချစ်ရင် ကိုယ်ယူ"

"ဟဲ့ . . . ငါက"

စကားသံမဆုံး . . .

"နေဦး၊ မမကြီးပြောမှာ ကျွန်တော်သိတယ်၊ သစ္စာမှာ အစ်ကိုရင်းတော့ မရှိဘူး၊ ဝမ်းကွဲအစ်ကိုရှိတယ်၊ အဲဒါ"

"ဘာ"

"ကိုမှန်း"

စိတ်ပေါက်ပေါက်နှင့် ပြောထည့်လိုက်သည်၊ သူ့စကားကြောင့် မျက်လုံးပြူးနှင့် ရန်လုပ်တော့မည့် မမကြီးကို လှည့်မကြည့်တော့ဘဲ ကားတံခါးကို အားကုန်ဆောင့်ပိတ်ကာ မောင်းထွက်ခဲ့တော့၏၊ ခြံတံခါးနားသို့ရောက်တော့ အားခဏရပ်ကာ ကိုတာရာကို တင်ခဲ့သည်၊

www.burmeseclassic.com

www.burmeseclassic.com



ထို့နောက် ကားကလေးက တရိပ်ရိပ်ပြေးနေသည်။ နှစ်ဦးသား စကားမဆိုဖြစ်ကြ။ ကိုယ့်အတွေးနှင့် ကိုယ်မို့ပါ။ အတန်ကြာမှ မှူးက သတိရကာ . . .

"ဘယ်ကို မောင်းရမလဲ ကိုတာရာ"

"ဟုတ်သားပဲ၊ စမောင်းလာကတည်းက မင်း မောင်းလာတဲ့လမ်းက တို့သွားမယ့်လမ်းဟုတ်နေတော့ ပြောဖို့မေ့သွားတာ"

နှစ်ဦးသား မချိပြုံးတွေ ပြုံးမိကြသည်။ ကိုတာရာ ကလည်း မပြော၊ သူကလည်း မမေးမိခဲ့။ ဦးတည်ရာ မောင်း လာခဲ့သောလမ်းသည် ကိုယ်တို့လိုရာခရီး ဖြစ်နေသတဲ့။

"ဘယ်ကို မောင်းကွာ။ အဲဒီဘက်မှာ ဖေဖေတို့ အိမ်လေးငှားနေတယ်လို့ သတင်းရတယ်"

သူ့ခေါင်းတစ်ချက်ညိတ်ကာ အတွေးနယ်ပယ်ထဲ သို့ ခြေဆန့်နေမိပြန်တော့၏။





အခန်း (၂၁)

"ညီမလေး"

ကိုတာရာ အသံက တုန်ရင်ကွဲအက်နေ၏။ ကား ပေါ်မှနေ၍လှမ်းမြင်လိုက်ရသောမြင်ကွင်းက စိတ်မချမ်းသာ စရာ။ အိမ်လေးက ကာထားသောထရံတွေက အချို့ပျက် ကျနေသဖြင့် ကကြိုကကျဲ။ ထဘီတိုတိုဝတ် ရေထမ်းကြီး ညှို့ရှိကားသားနှင့် ရေခပ်နေဟန်တူသော ငြိမ်းရယ်။

အရင်ကဆို မျက်နှာသစ်ဖို့ရေဖလားကိုပင် အိမ်



www.burmeseclassic.com

www.burmeseclassic.com



ဖော် ဒေါ်အေးစုက ငြိမ်း မနိုးခင် အဆင်သင့်ထား... သည်။ အချိန်အနည်းငယ်အတောအတွင်းမှာ ပြောင်း... သွားခဲ့သော ငြိမ်းဘဝလေးကိုကြည့်၍ ရင်ထဲမှာ မ... မရှိုက်နိုင်။ ငြိမ်းက သူတို့ကို မြင်ဟန်မတူ။ ကိုတာရာ... သူ ခြံလေးထဲသို့ ခပ်သုတ်သုတ်ဝင်လာခဲ့၏။

"ညီမလေး"

" . . . "

"ညီမလေး"

"ဟယ် . . . ကိုကို"

ခုမှ မြင်သွားသည်နှင့် ငြိမ်းမျက်နှာလေး... ကြယ်တစ်ပွင့် ရုတ်တရက် ကြွေဆင်းကပ်ငြိလိုက်သ... နယ်။ ဝမ်းသာအားရ ပန်းပေါ်မှ ရေထမ်းကို အောက်... မလို့ ဟန်ပြင်ပြီးမှ ရုတ်တရက် လျှပ်တစ်ပြက်အတွင်း... ငြိမ်းမျက်နှာသည် ရုတ်ချည်းပင် ညှိုးနွမ်းရိဖတ်ကာ ... ပုံးကို မချဖြစ်တော့ဘဲ ချာခနဲလှည့်၍ သူတို့ကို ကျော... ကာ ရေစည်ပိုင်းထဲသို့သာ ရေတွေကို သွန်ထည့်နေ...



သည်။

"ညီမလေး"

ကိုတာရာ ငြိမ်းရှေ့တွင်ရပ်လိုက်ကာ ငြိမ်းမျက်နှာကို စိုက်ကြည့်နေ၏။ ငြိမ်း နှုတ်ခမ်းကို တင်းတင်းစေ့ထားတာကို မြင်နေရသည်။

"ကိုကို . . . ဘာလာလုပ်တာလဲ"

"မေးရက်လိုက်တာ ညီမလေးရယ်။ ဖေဖေနဲ့ ညီမလေး ဒုက္ခရောက်နေတာကို ကိုကို ဒီအတိုင်း ကြည့်နေရက်ပါ့မလားကွာ"

"မကြည့်ရက်တော့ရော ကိုကိုက ဘာတတ်နိုင်မှာမို့လို့လဲ"

ကိုတာရာ အိမ်စုတ်ကလေးကို တစ်ချက်ကြည့်လိုက်ရင်း . . .

"ကိုကို ကူညီမယ်လေ"

"ဒါဆိုရင် ကိုကို ပြန်တော့"

"ဟင်"

www.burmeseclassic.com

www.burmeseclassic.com



"ကိုယ့်ဒုက္ခနဲ့ကိုယ် ရှိပါစေ ကိုကို။ ငြိမ်းမှာ
နှစ်ဖက်၊ လက်နှစ်ဖက်ရှိနေသရွေ့ ဘယ်သူ့အကူအညီ
မလိုချင်ဘူး။ ထမင်းနပ်မှန်အောင်တော့ စားနိုင်ပါတယ်"

"ညီမလေးရယ်"

ကိုတာရာ သူ့ညီမလေးကြောင့် ရင်နင့်သွား
သည်။ မျိုးသည်ဖင် ရင်ထဲမှာ အမည်မတပ်နိုင်သော
ဝေဒနာတစ်ခုကို ခံစားလိုက်ရ၏။

"ကိုကို့မေမေကိုလည်း ပြောလိုက်ပါ"

"ညီမလေးရဲ့မေမေပဲလေ"

"ဟင့်"

ငြိမ်းက အငိုမျက်လုံး အပြုံးတစ်ဝက်ဖြင့်

"သူက ငြိမ်းကို သူ့သမီးအဖြစ် မသတ်မှတ်
ဘူးလေ"

"ဒီလိုတော့ မပြောပါနဲ့ ညီမလေးရယ်။ မေမေ

"သဘောပျက်တာကို ဖျာစုပ်နဲ့ဖာထေးမနေ
ကိုကို။ ငြိမ်းဘဝမှာ ဖေဖေသော သွေးသားရင်းချာ





သောက်ပဲ"

"ညီမလေး မိဘကို မပြစ်မှားကောင်းဘူးလေ"

"ငြိမ်း ခုရှိန်ထိ ဘာအပြစ်တစ်ခုမှ မလုပ်ဖူးသေး
ဘူး။ ရင်ထဲမှာ အုံ့ဖွဲ့နေတဲ့ဝေဒနာတွေက အဖြစ်များရင် မိုး
ရွာတယ်လို့ တွန်းအားပေးနေတာ"

တာရာဝေဒနာတွေကို အလူးအလိမ့်ခံစားနေရရှာ
သော ညီမလေးကို စာနာမိပါသည်လေ။

"ဖေဖေရော"

"မရှိဘူး"

"ဘယ်သွားတာလဲ"

"ထမင်းရှာ"

"ဘယ်လို"

"ဟုတ်တယ်။ လောလောဆယ် ထမင်းမငတ်ရေး
အတွက် ဖေဖေ့သူငယ်ချင်းအကူအညီနဲ့ Taxiမောင်းနေတယ်"

"ဟာ"

ကိုတာရာ လက်တစ်ဖက်က ဆံပင်တွေကြားထဲ



www.burmeseclassic.com

www.burmeseclassic.com



သို့ ထိုးသွင်းပြီးသားဖြစ်သွားသည်။ မှုံး မနေသာတော့။ ဘောင်းဘီအိတ်ထဲသို့ လက်နှိုက်လိုက်၏။

"ကိုတာရာ"

သူကိုလှည့်ကြည့်စိုက် . . .

"ရော့"

ပိုက်ဆံအိတ်ကို ကမ်းပေးလိုက်၏။

"မမလေး ပေးလိုက်တာ"

"ကျေးဇူးပဲ မှုံးရာ"

ပိုက်ဆံအိတ်ကိုဖွင့်၍ ငွေအထပ်လိုက်ကို ဆွဲထုတ်လိုက်သည်။

"ညီမလေး"

" . . . "

"အခက်အခဲတွေ ဖြေရှင်းနိုင်ဖို့အတွက်"

"ဟင့်အင်း"

သူမရှေ့သို့ထိုးပေးလာသော ငွေထပ်တွေကို တွန်းဖယ်ရင်း ခေါင်းခါလေသည်။





"ယူပါ . . . ညီမလေးရဲ့"

တာရာက ငြိမ်းလက်ကိုဆွဲကိုင်၍ ထည့်ပေးသော်လည်း ငြိမ်းက သူမလက်ကို ရုန်းကန်၍ နောက်သို့ဝှက်ထားလိုက်၏။

"ငြိမ်းမှာ ငွေမရှိပေမယ့် မာနတော့ရှိတယ် ကိုကို။ အဲဒီမာနနဲ့ ကိုယ့်ဘဝကိုယ်ရပ်တည်မယ်။ အဲဒါ ငြိမ်းရဲ့ ဆုံးဖြတ်ချက်ပဲ"

"ငြိမ်း"

မှုံးခြေလှမ်းက ငြိမ်းအနားသို့ ရောက်သွားသည်။

"ကိုတာရာ့စေတနာကို နှင် အသိအမှတ်ပြုလိုက်ပါတာ။ သူ့ခမျာ နှင့်အပေါ် တစ်ချိန်လုံးစိတ်ပူနေရရှာတာ"

ငြိမ်းက နှုတ်ခမ်းကို တင်းတင်းစေ့၍ သူ့ကိုကြည့်ကာ . . .

"ငါ လျှောက်မယ့်လမ်းခရီးမှာ သွေးအရင်းအချာတွေက ကူညီမှုကို ငါ မလိုချင်ဆုံးပဲ။ ငါ့မာနနဲ့ငါ့ဘဝကို အုတ်မြစ်ချမယ်။ နှင်းဝေငြိမ်းဆိုတဲ့နာမည်က ပျော့ညံ့အားနည်း



www.burmeseclassic.com

www.burmeseclassic.com



ပေမယ့် ငါ့ဘဝက မအေးချမ်းခဲ့ဘူးလေ။ ငါ့စိတ်ဓာတ်ကလည်း ဆန့်ကျင်ဘက်ပဲ"

"ဘာဖြစ်လို့ နင် ခေါင်းမာနေတာလဲ ငြိမ်း။ နင် စဉ်းစားဦးနော်။ အန်ကယ်ငြိမ်းက အသက်ကြီးနေပြီ။ ပြီးတော့ နင်က မိန်းကလေး။ မာနကြောင့်လည်း ဘဝပျက်တတ်တယ်။ နင် နားလည်ရဲ့လား"

"အထင်သေးလိုက်တာ။ ငါ ဘယ်လိုမိန်းလဲဆိုတာ စောင့်ကြည့်"ဆိုသော သဘောဆောင်နေသည့် အမူအရာဖြင့် ငြိမ်းက သူ့ကို ခပ်စူးစူးကြည့်၍ နှုတ်ခမ်းထောင့်ကလေးကလည်း ညွတ်ယောင်ယောင်။

"နင်တို့လာလမ်းကို ပြန်ခေါက်တာ ကောင်းပါလိမ့်မယ်"

လှပသောမျက်နှာလေးနှင့် မလိုက်ဖက်သောလေသံ။

"ငြိမ်း"

"တော်ပြီ မှူး"

●——မျှဝေသော——●



တာရာက ဝင်တားသည်။ သူလည်း ညီမဖြစ်သူ၏ မာနကို မတုံ့ပြန်နိုင်စွမ်းပြီမို့ ခေါင်းကိုသာ ခါယမ်းလေတော့၏။

"တို့ ပြန်ကြရအောင်ကွာ"

တိုးလျသောလေသံနှင့်ဆိုကာ ခေါင်းငိုက်စိုက်ချ၍ တာရာ လှည့်ပြန်သွားတော့သည်။

"ငါတစ်ခုတော့ မှာခဲ့မယ် ငြိမ်း"

"..."

"အဲဒါ ဘာလဲဆိုရင် နွေရောက်နေတဲ့ နင့်ဘဝထဲကို သစ်တစ်ကိုင်းအဖြစ်နဲ့ ငါရောက်အောင် လာခဲ့မယ်"

မှူး တာရာနောက်သို့ လိုက်လာခဲ့သည်။ သူ ဆိုခဲ့သည့်အဓိပ္ပာယ်ကို ငြိမ်း သဘောပေါက်မှာပါလေ။ ပူပြင်းခြောက်သွေ့နေတဲ့ နွေရာသီမှာ ငြိမ်းဘဝက မျက်နှာတွေ ရော်ရွက်ဝါလေးဖြစ်နေခဲ့ပြီ။

ဒီအချိန်မှာ သစ်ရွက်တစ်ရွက်ရဲ့အားကိုးရာ ဖြစ်တဲ့ သစ်ကိုင်းဟာ သူပဲဖြစ်သင့်သည်။

ကြွေတော့မည့် ရွက်ခြောက်ကလေးကို ငြိမ်း၏

●——မျှဝေသော——●

www.burmeseclassic.com

www.burmeseclassic.com



သောကများပါဒတွေကို ခြွေလွှင့်၍ လေပြည်ကြားမှာ လွင့်ပါးစေသည်။ ပြီးမှ မေတ္တာချစ်ခြင်းတရားနှင့် ငြိမ်းဘဝကို ရှက်နုကလေးဝေစေလို၏။ အခု မဟုတ်ပေမယ့် နောင်တစ်ချိန်မှာပေါ့ ငြိမ်းရယ် . . .



အခန်း ( ၂၂ )

ဆယ်တန်းအောင်စာရင်းထွက်တဲ့နေ့။

မှူးရင်မှာ အတိုင်းအဆမဲ့ ပျော်ခဲ့ရပါသည်။ သူ့ကိုယ်တိုင်က သချာဂုဏ်ထူးတစ်ခုတည်းပါခဲ့သော်လည်း ဂုဏ်ထူးငါးဘာသာနှင့် ဆေးလိုင်းဝင်သော ငြိမ်းအတွက် ပို၍ဂုဏ်ယူဝမ်းသာခဲ့ရခြင်းပင်။

"ငြိမ်းရေ . . . ငြိမ်း"

သူ ဝမ်းသာအားရ အိမ်စုတ်ကလေးပေါ်သို့ မြူး

www.burmeseclassic.com

www.burmeseclassic.com



တက်ခဲ့သည်။

"ငြိမ်း"

"ဝုန်း"

"အား"

"ဟာ . . . မှုး"

အိမ်လေးပေါ်သို့ သုံးလေးလှမ်းပြေးတက်မိသည်နှင့် မှုး၏မညာမတာ ဖိနင်းခံရခြင်းကို မခံမရပ်နိုင် နာကျင်ကာ ခါးကျိုးသွားသည်က ပျဉ်ချပ်ကလေး။

"အား . . . ကျွတ် . . . ကျွတ်"

နာကျင်စွာ ညည်းညူရင်း ကျုံ့ကျုံ့နေသော ခြေထောက်ကို အသာဆွဲထုတ်လိုက်၏။ ဦးအေးငြိမ်းက ဘေးပျဉ်ချပ်ကို ခွာ၍ ထပ်ချပေးနေ၏။ သူ့ခြေထောက်တစ်ဖက်ကိုလည်း အသာကိုင်ကာ . . .

"ဖြည်းဖြည်းချင်းနုတ်ယူ"

ကြမ်းပေါက်ကြားမှ ခြေထောက်ကို နုတ်ယူပြီးမှ သူ ဦးအေးငြိမ်းကို အားနာစွာ ပြုံးပြလိုက်သည်။





"အဟင်း . . . အားနာလိုက်တာ အန်ကယ်ရယ်"

"ဟဲ့ကောင်"

ဦးအေးငြိမ်းက မျက်လုံးပြူးနှင့် သူ့ကိုကြည့်ကာ -

"ခြည့်သည်က ဆန်တစ်ခွက်ကျူးနေပြီ။ အားနာရပါမှာက ငါကွ"

"ဘာဖြစ်လို့လဲ အန်ကယ်ရဲ့"

"ငါ့အိမ်ကစုတ်နေတာကိုး"

"အန်ကယ်ရယ်"

ဦးအေးငြိမ်း၏ဘဝကို စာနာစွာ ညည်းတွားမိ၏။ ဟိုတုန်းက ဆောက်လုပ်ရေးကုမ္ပဏီပိုင်ရှင် ဦးအေးငြိမ်းသည် သပ်သပ်ရပ်ရပ်ဝတ်စားကာနှင့် ယခု မှုးရှေ့မှာနေသော ဦးအေးငြိမ်းသည် ခပ်နွမ်းနွမ်းဖြစ်နေတာကလွဲ၍ ဘာမှ ပြောင်းလဲခြင်းမရှိ။ သူ့ဘဝ တစ်ဆစ်ချိုးတွင် တက်ကျိုး၍ လှေနိုးခံခဲ့ရသော်လည်း စိတ်ပျက်ညည်းညူစကားကို ဦးအေးငြိမ်း တစ်ခါမှ မဆိုခဲ့။

မေတ္တာလက်နက်သည် အစွမ်းထက်သည်ဟု



www.burmeseclassic.com

www.burmeseclassic.com



ခံယူခဲ့သူ။

"ကဲ . . . ပြော . . . ဘာတွေအရေးကြီးလာသလဲ"

အပြုံးနှင့်မေးသည်။ သည်တော့မှ လာရင်းကိစ္စကို မှူး သတိရ၏။

"ဟုတ်သားပဲ။ ငြိမ်း စာမေးပွဲအောင်တယ် အန်ကယ်ရဲ့ ငါးဘာသာဂုဏ်ထူးပါတယ်။ အန်ကယ် ဝမ်း မသာဘူးလား"

တုံ့ပြန်မှုက ပကတိအေးဆေးတည်ငြိမ်လျက်။ မှူး ထင်ထားသလို "ဟာ . . . တကယ်လား။ ဝမ်းသာလိုက် တာကွာ။ ဒါမှ ငါ့သမီးကွ" လို့ ဝမ်းသာလှိုက်လှဲစွာနဲ့ ရယ် မောချင်ရယ်မော၊ ဒါမှမဟုတ် ဝမ်းသာမျက်ရည်တွေ ကျ ချင်ကျမည်ပေါ့။ ခုတော့ ဒီလိုမဟုတ်။ ဘာမှမဖြစ်သလို ကုလားထိုင်ပေါ်သွားပြီး ငြိမ်သက်စွာ ထိုင်နေပြန်သည်။

"အန်ကယ်"

မှူးမနေနိုင်တော့ဘဲ ဦးအေးငြိမ်းအနားသို့ လျှောက် သွားရ၏။



"အန်ကယ် သိပ်နေနိုင်တာပဲနော်"

ဦးအေးငြိမ်းက ဟက်ခနဲ ရယ်ရင်း ဆေးပေါ့လိပ် တစ်လိပ်ကို အကျႌအိတ်ထဲမှ ထုတ်၍ မီးခြစ်ပေါ်တွင် ခေါက် လိုက်၏။ ပြီးမှ မီးညှိကာဖွာရှိုက်လိုက်၏။ အတန်ကြာမှ -

"သမီးကို ငါ ယုံကြည်ပြီးသားပါ။ ဖခင်ကောင်း တစ်ယောက်အနေနဲ့ သမီးရဲ့ဘဝ အညွန့်တလူလူတက် လာဖို့ ဘယ်လိုမြေဩဇာကျွေးသင့်သလဲဆိုတာကို ငါ စဉ်းစားပြီးသား"

သူပြောတော့လည်း ဟုတ်လို့ပင်။

"ခွင့်လွှတ်ပါ အန်ကယ်။ ကျွန်တော် အထင်လွဲ သွားမိတယ်"

စကားသံက တိတ်ဆိတ်သွားသည်။

"အန်ကယ်"

သူ့ကို မော့ကြည့်သည်။

"ခု ငြိမ်းရော"

"ရေးထဲမှာ"

www.burmeseclassic.com

www.burmeseclassic.com



"ကျွန်တော် ငြိမ်းဝမ်းသာအောင် လိုက်ပြောချင်တယ်"

"လိုက်သွားလေ"

မှုး ချာခနဲလှည့်၍ ဈေးဘက်သို့ ပြေးခဲ့သည်။ ဟိုတစ်ခါ ဒေါ်ဝေဝေသီက ပစ္စည်းပျောက်မှုနဲ့ ငြိမ်းတို့ သားအဖကို တရားစွဲမယ်ဆိုတုန်းကလည်း မှုး ဒီလိုပဲ ငြိမ်းဆီကို အပြေးလာခဲ့ရသည်။ ခုတော့ ဒီပြဿနာတွေက ကိုတာရှ စကားတစ်ခွန်းနဲ့တင် ပြီးဆုံးသွားခဲ့ပါပြီ။

"မမေတို့ သားမျက်နှာကို မြင်ချင်သေးတယ်ဆိုရင် တရားစွဲမယ့်ကိစ္စကို လက်လျှော့ပါ။ ဒီလိုမှ မဟုတ်ဘဲ ရှေ့ဆက်တိုးမယ်ဆိုရင် ကျွန်တော် ဖေဖေ့ဘက်ကရပ်တည်ပြီး ဦးရဲဝေကို မယားခိုးမှုနဲ့ တရားစွဲရလိမ့်မယ်။ ပြီးတော့ လူပုံအလယ်မှာ မျက်နှာမပြဝံ့တဲ့အတူတူ အရှက်ကို အသေနဲ့ လဲပစ်လိုက်မယ်"

ဒေါ်ဝေဝေသီနှင့် ဦးရဲဝေ ငြိမ်ကျသွားသည်။ ရှေ့သို့ မတက်တော့။





"အဟွတ် . . . အဟွတ်"

နှာခေါင်းထဲသို့ မွှန်ထွန်ထွန်အနံ့ဝင်လာသဖြင့် ဈေးထဲသို့ ရောက်ပြီဆိုတာ သတိဝင်လာသည်။ မျက်လုံးတို့ အလုပ်ပေးထားသော်လည်း ငြိမ်းကို မတွေ့ရသေး။ သူ ငါးတန်းဘက်သို့ လျှောက်လာခဲ့၏။

"အစ်မ . . . ဘာငါးယူမှာလဲ။ ယူလေ။ ဈေးသင့်အောင် ပေးမှာပါ အစ်မရဲ့"

ဒီအသံမဟုတ်ပါစေနဲ့ဟု ဆုတောင်းရင်း လှည့်အကြည့် . . .

"ဟင် . . . ငြိမ်း"

အမျိုးသမီးတစ်ယောက် လက်ညှိုးထိုးပြသော ငါးရံ့တစ်ကောင်ကို အလေးနှင့်ခေါင်းထုလိုက်သူ၊ မထင်မှတ်သောမြင်ကွင်းကြောင့် အသက်ရှူပင် မှားလုမတတ်။

"ငြိမ်း"

ငါးဝယ်ရန်ရပ်နေကြသော လူများကို "ခဏလေး" ဟု တောင်းပန်ဟန်နှင့် တိုးဝှေ့ကာ ငြိမ်းရှေ့တွင် မားမားရပ်



www.burmeseclassic.com

www.burmeseclassic.com



လိုက်၏။

"ဘယ်ငါးယူမလဲ . . . ဟင်"

သူ့မျက်နှာကို မော့ကြည့်ပြီး ငြိမ်း နှုတ်ခမ်းလေး ဟသွားသည်။

"နင် ဘယ်လိုလုပ်လိုက်တာလဲဟာ"

ငြိမ်း ခေါင်းကလေးငုံ့ကျသွားသည်။

"လုပ်စရာအလုပ် ဒီလောက်တောင် ရှားသလား"

"နင် ဘာမှမပြောပါနဲ့"

"မပြောလို့ မရဘူး။ နင် ဒီအလုပ်ကိုလုပ်သင့်လား လုပ်စရာလား"

"ဒါဘ၀အတွက် တိုက်ပွဲ၀င်နေတာပဲ မှူးရဲ့"

"ကဲ . . . ကဲ . . . ဒီနေ့ ငါးက ရှိုးမှာလား"

"ဩော် . . . အင်း . . . ရပြီ . . . ရပြီ။ ခကာလေး အစ်မ"

အသားညိုညိုနှင့် ခပ်ဝိန်ဝိန်အမျိုးသမီးက စိတ်မရှည်သလို ခပ်ဆောင့်ဆောင့်ပြောတော့ ငြိမ်းက ထိုအမျိုး





သမီး လက်ညှိုးထိုးပြသောငါးကို ခေါင်းထုရန် လက်ရွယ် လိုက်စဉ် . . .

"ကဲဟာ . . . ခုမှ မထူးတော့ပါဘူး။ ပေး . . . ငါ သတ်ပေးမယ်။ နင်ရှိန်"

ငြိမ်းက သူ့ကိုကြည့်၍ ပြုံးစိစိဖြစ်သွား၏။

"ဒီအစ်မက ဘယ်ငါးယူမှာလဲ"

"မင်းရဲ့လက်အောက်က ငါး"

"ရမယ်"

"ဒုတ်"

"မောင်လေးရေ ဟိုဘက်ဗန်းထဲက ငါးခူ အစိတ်သား"

"ဟုတ်ကဲ့ . . . ခကာစောင့်နော်"

"ဒုတ်"

"ဒုတ်"

"ဒုတ်"

"ရော့ . . . အစိတ်သား"



www.burmeseclassic.com

www.burmeseclassic.com



"ငါးရှ ဘယ်ဈေးလဲ"

"တစ်ဆယ်သား တစ်ရာပါ"

"နှစ်ရာဖိုး၊ ကြည့်ထည့်ပေးပါ"

"ရမယ် . . . ရမယ်၊ အစိတ်သားထည့်ပေးလိုက်မယ်နော်"

ငါးသတ်နေသူနှင့် ငါးချိန်နေသူ နှစ်ယောက်စလုံး ငယ်ငယ်ဖြူဖြူချောချောလေးတွေ၊ ကောင်မလေးဝတ်ထား တဲ့ အဝတ်တွေက ခပ်နွမ်းနွမ်းပေမယ့် ကောင်လေး ထ ထားသမျှ ခေတ်ပေါ်အကောင်းစားတွေ၊ အချို့က မင်းသား မင်းသမီးအသစ်ကလေးတွေ ရုပ်ရှင်ရိုက်နေတယ် ထင်ရ လား မသိ၊ သူ့ထက်ငါ တိုး၍ ဝယ်နေကြသဖြင့် ခဏလေး နှင့် ငါးတွေက ကုန်သွားလေ၏။

"ကဲ . . . မရွှေငြိမ်း ခင်ဗျားကိစ္စဝိစ္စတွေ ပြီးပြီလား"

"ပြီးပြီ . . . နှင့်လက်တွေဆေးလိုက်ဦး"

မှုး လက်ဆေးရင်း . . .

"ခင်ဗျားလုပ်ပုံက လာရင်းကိစ္စကို မေ့သွားစေတော့"





"နှင် ဘာပြောမယ်ဆိုတာ ငါ သိပြီးပါပြီဟယ်"

"သေချာလို့လား"

"ရက်စ် . . . နှင် မေ့နေပြီလား၊ ဒီလို ဈေးကွက် တွေမှာ တစ်ခုခုဆိုတာနဲ့ သတင်းက အခြားနေရာမှာထက် မြန်မြန်ပိုပြီးကြားရတာဟဲ့၊ ဂုဏ်ထူးငါးဘာသာရှင် နှင်း ဝေငြိမ်းကို တော်ကြောင်း၊ အားကျကြောင်း ပြောနေကြတာ အတယ်တမ်း ငါ ရင်ဆိုင်ရတဲ့ဘဝကိုတော့ ဘယ်သူမှ အားကျနိုင်မှာ မဟုတ်ပါဘူးဟာ၊ နှင်းဝေငြိမ်းဆိုတာ ငါး ရောင်းနေတဲ့ ငါးစိမ်းသည်မလေးလို့ ဘယ်သူကရော ထင် ရှာတဲ့လဲ"

မှုးစကားမဆိုတော့၊ ငါးပန်းတွေကို ငြိမ်းက ခေါင်းပေါ်မှာတင်၍ ဈေးမှပြန်ခဲ့ကြသည်၊ သူတို့နှစ်ဦးကို အချို့က ကွက်ကြည့်ကွက်ကြည့်၊ ရုပ်ရည်အဆင်းရှုပါ ကျော်ဖက်သော်လည်း ဝတ်စားဆင်ယင်မှု အဆင့်အတန်း ကွာဟလွန်းသည့်အတွဲဟု ရင်ထဲမှာ ပဟေဠိအပြည့်နှင့်။

"နှင်တို့သားအဖကိုတော့ ငါ တကယ်အံ့ဩလို့



www.burmeseclassic.com

www.burmeseclassic.com



မဆုံးဘူး"

"ဆိုပါဦး"

"ဂုဏ်ထူးငါးဘာသာနဲ့ စာမေးပွဲအောင်တာတောင် ဝမ်းသာလိုက်လုံရိုပ် မပြလိုလေ။ ငါ့မှာသာ ဝမ်းသာရတာ အရှုံးဖြစ်နေပြီ"

မှုန်ယိုနေတဲ့ သူ့ပုံကိုကြည့်၍ ငြိမ်းက ခစ်ခနဲ ရယ်သည်။

"ဒါက ဘာဖြစ်တာလဲ"

"ဘုန်းကြီးပစ္စည်းကို လူသားများက နမြောဆိုသလို ဖြစ်နေလို့ပါ။ ဝမ်းသာတော့ရော ဘာထူးမှာတဲ့လဲ"

"ဟ . . . ထူးတာပေါ့။ နင့်နေရာမှာ ငါသာဆိုရင် ခေါင်းမော့ ရင်ကော့ပြီး ဟောဒီလိုလမ်းလျှောက်မှာပေါ့"

မှူးက ဘောင်းဘီအိတ်ထဲသို့ လက်နှိုက်၍ ခေါင်းမော့ကာ ဂုဏ်ယူဝင့်ကြွားဟန် လမ်းလျှောက်ပြလေတော့ ငြိမ်း မချိပြုံးလေးနှင့်ဆိုရသည်။

"နင်က ပြောအားရှိမှာပေါ့ မှူးရယ်"



"နင်လည်းရှိတာပဲဟာ"

"နင်က သူဌေးသားပဲဟာ"

"ငြိမ်းရယ်"

ကရဏာသံရဲ့အဆုံးမှာ မျက်ဝန်းလေးတွေ ဆုံစည်းဖြစ်ကြ၏။ မျက်ဝန်းမှတစ်ဆင့် ကဗျာတွေ သီကုံးနေမိကြ၏ ဤစီးချင်းထိုးပွဲမှာ ပထမအရှုံးပေးလိုက်သူမှာ ငြိမ်းပင်။ မျက်လွှာချသွားသလို၊ နှုတ်လွှာဆီမှလည်း လေတိုးသံမျှပင် ကြားရတော့။

ပတ်ဝန်းကျင်တွင် လေတိုးသံ၊ သစ်ရွက်ကြွေသံမှအပ အရာအားလုံး အိပ်စက်အနားယူကုန်ကြပြီဟုထင်ရ၏။

www.burmeseclassic.com

www.burmeseclassic.com



## အခန်း ( ၂၃ )

"မင်း ခြေလှမ်းတွေကို ရပ်တန့်ကရပ်တော့ သက်ပိုင်မှူး"

ဒေါ်သဖြစ်ချေသောနာမည်။

"ကျွန်တော် ဘာလုပ်နေလို့လဲ ဖေဖေ"

"မျိုးစေ့မမှန် ပင်မသန့်တဲ့၊ မင်း ဒီစကားကို နားလည်မှာပါ။ နှင်းလည်း မဝေ၊ ငြိမ်းချမ်းခြင်း ကွယ်ပျောက်နေတဲ့ ကန္တာရဟာင်းလင်းပြင်ထဲမှာ တဲစုတ်တစ်လုံးထိုးပြီး





ထမင်းရည်သောက်ဖို့ မင်း ကြိုးစားနေတာ ငါ သိတယ်"

မှူး ဖေဖေ့ကို မော့ကြည့်လိုက်၏။

"ချစ်တာ အပြစ်လား ဖေဖေ"

"အချစ်နဲ့ဘဝကို ညီမျှခြင်းချလို့မရဘူးကွ"

"အနုတ်လက္ခဏာနဲ့ အပေါင်းလက္ခဏာ သူ့တန်ဖိုးနဲ့သူ လိုတာဖြည့် ပိုတာ နုတ်လိုက်ရင် နှစ်ခုစလုံးက သူ့အရည်အချင်းနဲ့ သူ့တန်ဖိုးညီမျှတာပါပဲ"

ဒေါသမျက်ဝန်းက မှူးမျက်နှာပေါ်သို့ ဒိုင်းခနဲ။

"လောကမှာ မင်းအတွက် ရွေးစရာမိန်းမ မရှိတော့ဘူးလား"

"ဥသျှစ်တစ်တင်း နှမ်းတစ်တင်းဆိုသလို လောကမှာ မိန်းမတွေ ပေါများနေတာတော့ သိပါတယ်"

"ဒါဆိုရင် နှင်းဝေငြိမ်းကလွဲပြီး တခြားမိန်းကလေးကို မင်းစိတ်ပြောင်းကြည့်လိုက်ပါဦး"

မှူး လက်က ပေါင်ကို ဖျတ်ခနဲရိုက်လိုက်သည်။

"အခက်တကာ့အခက်ထဲမှာ ဒီစကားကို နားမို့



www.burmeseclassic.com

www.burmeseclassic.com



က အခက်ဆုံးလို့ သား ထင်တယ်"

"ဘာကွ"

"ဟုတ်တယ်လေ။ ငယ်ငယ်လေးကတည်းက မှူး ကြီးလာရင် ငြိမ်းကိုပဲချစ်ရမယ်။ ငြိမ်းကိုပဲ လက်ထပ်ရမယ် ဆိုတဲ့စကားလုံးတွေ သားရဲ့နားထဲကို စွဲနေအောင် စီထည့် ပေးခဲ့တာ ဘယ်သူတွေလဲ။ ခု အဲဒီစကားလုံးတွေကြောင့် သား နှလုံးသားတွေ ငြိမ်းအပေါ် စူးနစ်အောင်ချစ်မိပြီဆိုမှ အားသွန်ခွန်စိုက် ပြေးလာခဲ့သမျှကို ပန်းတိုင်ရောက်လုမှ ခြေထိုးခံတာတော့ ဘယ်တရားပါ့မလဲ"

"ဒါကတော့ မင်းရမယ့်ဆုက အတုကြီးမို့လို့ ခြေ ထိုးခံရတာလေ"

မှူး စိတ်ပျက်စွာ မျက်နှာကို လက်နှင့်ပွတ်သပ် နေမိတော့၏။

"စဉ်းစားပါဦး သားရယ်။ ခုဆိုရင် သားက ဒုတိယ နှစ်တောင် ရောက်နေပြီ။ ဟိုကောင်မလေးက ဆေးလိုင်း ဝင်ပေမယ့် ပိုက်ဆံမရှိလို့ ဆက်မတက်နိုင်ဘူးမဟုတ်လား"



"ဒါက သူ့ရဲ့ဘဝတက်လမ်းကို နင်းချိုးတဲ့သူရှိခဲ့ တာကိုး"

"ဒါကြောင့်ပဲ ပြောနေရတာပေါ့။ မျိုးစေ့ကမှ မမှန် တာ"

သည်တစ်ခါ စစ်ခင်းရတာက မေမေနှင့်ပါ။

"မအေလုပ်သူကမှ အကျင့်စာရိတ္တမကောင်းတာ။ သမီးလုပ်သူကရော မအေ့ခြေရာမနင်းဘူးလို့ ဘယ်သူ အာမခံနိုင်မလဲ။ ကဲ . . . ပြော"

သည်အယူအဆတွေကြောင့်လည်း ခက်ပါ၏။ သူတို့ကသာ စီးလား နင်းလား မှူးကို တားဆီးပိတ်ပင်နေ ကြတာ။ မှူးမှာဖြင့် ဆယ်တန်းနှစ်ကတည်းက ငြိမ်းကို ချစ် ခွင့်ပန်ခဲ့တာ ခု သူပင် တက္ကသိုလ်ဒုတိယနှစ်ရောက်နေပြီ။ ခုထိ ငြိမ်းနှုတ်က မှူးကို ချစ်ပါတယ်ဆိုတဲ့ အဖြေ မရသေး။

"အဲဒီတစ်ယူသန်အစွဲကြီးတွေ မထားစမ်းပါနဲ့ မေမေရာ။ အမေ ပျက်စီးတိုင်း သမီးတွေ လိုက်ပျက်စီးမယ် ဆိုရင် လောကမှာ မိန်းမကောင်းရှိပါဦးမလား။ ကမ္ဘာပေါ်က

www.burmeseclassic.com

www.burmeseclassic.com



လူသားတွေအားလုံးကို မိခင်တစ်ယောက်တည်းက ဖန်ဆင်းထားတာလေ"

"သက်ပိုင်မှူး"

"မင်း"

"ဇေဇေ"

"ရှင်"

ဇေဇေ့ရဲ့ဒေါသလက်သီး၊ မမကြီးရဲ့ တားဆီးသံ၊ မေမေ့ရဲ့ စိုးရိမ်ငိုကြွေးမှု ဒါတွေကြားမှာ မှူးက သံပတ်စက်ရုပ်ကလေး။ နှုတ်ခမ်းထောင့်မှ စီးကျလာသော သွေးစများကို ဖယ်သုတ်ရင်း ဇေဇေ့ကို ခပ်စူးစူးအကြည့်နှင့် နှုတ်ဆက်ကာ ခြေသံပြင်းပြင်းနှင့် အိမ်ပေါ်မှ ဆင်းခဲ့၏။

အချစ်သည် မိဘကို အာခံရသတဲ့လား။ အချစ်ကြောင့် သတ္တိရှိခဲ့သည်။ အချစ်ကြောင့် ကိုယ့်ဘဝ ကိုယ်ရပ်တည်နိုင်ဖို့ ခွန်အားတွေ ရှိလာခဲ့သည်။ အချစ်ဆိုသည့် အရာသည် သည်လောက်စွမ်းအားတွေရှိလိမ့်မည်ဟု သူ မတွေးထင်ခဲ့ဘူး။





ယခု အချစ်ကြောင့် ခါတိုင်းလို ခိုးကြောင် ခိုးဝှက် မဟုတ်ဘဲ တိုက်ပွဲဝင်တော့မည်။

သူ့ရဲကောင်းသဖွယ် ချစ်သူရှိရာသို့ အပြေးသော့ခဲ့သည်။

သို့သော် စစ်မြေပြင်မဟုတ်သော အချစ်နယ်မြေတွင် သူ ကျရှုံးခဲ့ရသည်သာ။

"နင် ဒီလောက်မမိုက်မဲစမ်းပါနဲ့ မှူးရယ်။ ငါ့ဘဝထဲကို တိုးဝင်လာရင် နင့်ဘဝ ဘာဖြစ်သွားမယ်ဆိုတာ နင် သိရဲ့သားနဲ့"

"ငြိမ်း . . . နေပူကလာတဲ့သူကို နင်က ရေပူနဲ့ ပက်လွှတ်တာလား"

"မဟုတ်ဘူး။ ငါ့ကို သနားတာနဲ့ နင့်ဘဝကို ဒီလိုပဲ အဆုံးမသတ်စေချင်လို့ ပြောနေတာ။ နင်က ခုမှ အညွန့်တလူလူထွက်နေတဲ့ ပင်မြင့်စံပန်းတစ်ပွင့်။ ငါ့ကြောင့် . . ."

"တော်တော့ . . . ငြိမ်း"

မှူးရင်ထဲက အချစ်ထုထည်ကြီးကို ဘယ်သူက



www.burmeseclassic.com

www.burmeseclassic.com



ဘယ်လိုစကားလုံး၊ အမြှောက်၊ ဗုံးတွေနဲ့ ဖြိုခွဲမလဲ။

"နင် ငါ့ကို အရမ်းလျှော့တွက်တာပဲ။ ငါ ယောက်ျား ဆိုတာ နင် သိထားစမ်းပါ။ ငါ နင့်ကို သနားတာ တစ်ခု တည်းနဲ့ ဒီလောက်မစွန့်စားဘူး"

မှူး သူ့ရင်ဘတ်ကို တဘုန်းဘုန်းပုတ်ကာ . . .

"ဟောဒီရင်ဘတ်ထဲမှာ နင့်ကြောင့် ဘာတွေဖြစ် နေသလဲ၊ ဘယ်လိုခံစားနေရသလဲ၊ နင် သိပါတယ်ဟာ"

ငြိမ်းက မှူးခြေရံပေါ်သို့ ဘယ်ကတက်လာမှန်း မသိသော ခါချဉ်တစ်ကောင်ကိုငုံ၍ ဖယ်ပေးပြီး ခေါင်းပြန် မော့လာကာ . . .

"သိတယ် မှူး၊ သိလို့လည်း နင့်ရဲ့တောင်းဆိုမှု ကို ငါ ငြင်းတာပေါ့၊ နင့်ကို ငါ လက်မထပ်နိုင်သေးဘူး"

မှူးမျက်နှာသည် နေပူမိနေသည့် သစ်ရွက် ခြောက်ပမာ။

"ဘာဖြစ်လဲလို့ နင်မမေးနဲ့နော်၊ ငါ ဖြေမှာမဟုတ် ဘူး"



ငြိမ်းမျက်နှာလေးကို သူ လွမ်းမောစွာ ငေးနေမိ သည်။

"မှူး"

"ငါ့ကိုသတိနေတာလား ငြိမ်းရယ်"

"နင့်ဘဝကို အဖတ်ဆယ်ပေးတဲ့သဘောပါ၊ ငါ့ကို နားလည်ပေးပါ သူငယ်ချင်းရယ်"

"သူငယ်ချင်းတဲ့လား"

"ဒီလိုပဲဖြစ်သင့်ပါတယ်၊ နင် ပြန်တော့နော်"

"မနှင်ပါနဲ့ဟာ"

ငြိမ်းက ထိုင်ရာမှ ထရပ်လိုက်ရင်း . . .

"နင် ငါ့ရဲ့မာနနဲ့သိက္ခာကို လေးစားတယ်ဆိုရင် ပြန်ပါ၊ နင်တို့အသိုင်းအဝိုင်းရဲ့ လက်ညှိုးထိုး၊ မေးငေါ့မှုတွေ ကို ငါ မခံနိုင်ဘူး၊ တစ်နေ့နေ့ နင်နဲ့ငါ ဆုံဆည်းဖြစ်လိမ့်မယ် လို့ မျှော်လင့်မထားပေမယ့် ငါ ကြိုးစားကြည့်ပါဦးမယ်"

ဘာအဓိပ္ပာယ်နဲ့ ပြောသည်ဆိုတာ မသိပေမယ့် ငြိမ်းအချစ်ကို သူ အတင်းအဓမ္မမယူလို၊ ပြောပြီး ငြိမ်း တစ်

www.burmeseclassic.com

www.burmeseclassic.com



ယောက် သူ့ရှေ့မှထွက်ခွာသွားသည်။ သူ အဲဒီနေ့ကစပြီး အိမ်သို့မပြန်တော့ဘဲ သူငယ်ချင်းအိမ်တွင် ခိုလှုံနေခဲ့သည်။ မထင်မှတ်တဲ့တစ်နေ့မှာ . . .

"မှူး"

"ဟင် . . . ငြိမ်း"

မှူး သူငယ်ချင်း ဖြိုးအောင်နှင့်ငြိမ်းက မှူးရှေ့သို့ ရောက်လာခဲ့သည်။

"မင်းနဲ့တွေ့ချင်တယ်ဆိုလို့ ခေါ်လာတာပဲ မှူး"

"ကျေးဇူးပဲ ဖြိုးအောင်"

"အေးအေးဆေးဆေး စကားပြောကြဦးကွာ။ ငါ ရေချိုးခန်းဝင်လိုက်ဦးမယ်"

ဖြိုးအောင်က အလိုက်တသိ ရှောင်ပေးသည်။ မှူးနှင့်မျက်နှာချင်းဆိုင်ဆိုဖာပေါ်တွင် ထိုင်နေသော ငြိမ်း မျက်ဝန်းတွေက စူးရှနေ၏။ နှုတ်ခမ်းကိုပိတ်လျက် ငြိမ်နေ သည်။ အမိပွာယ်တစ်ခုကို ဖော်ကျူးနေတဲ့အငြိမ်း . . .

"အရေးကြီးကိစ္စရှိလို့လား ငြိမ်း"

•———မျှဝေသော———•



"ဆိုပါတော့"

"ပြောလေ"

ငြိမ်းနှုတ်မှ တော်တော်နှင့် စကားသံထွက်မလာ။

"ငါ ဘာလုပ်ပေးရမလဲ ငြိမ်း"

မှူး ထပ်ဆင့်ဆိုခလာမှ မထင်မှတ် မမျှော်လင့်သော စကားလုံးက ငြိမ်းနှုတ်ဖျားမှ တည်ငြိမ်စွာ တစ်လုံးချင်း ထွက်ကျလာသည်။

"နင့်ဆန္ဒအတိုင်း နင့်ကို ငါ လက်ထပ်မယ်"

"ဟာ"

လုံးဝမမျှော်လင့်မထားသောကြောင့် မှူး ထခုန်တော့မတတ် ဝမ်းသာသွားပုံက သိသာလှသည်။

"တကယ် . . . တကယ်လား ငြိမ်းရယ်။ ငါ . . . ငါ . . . အိပ်မက် မက်နေတာ မဟုတ်ပါဘူးနော်"

"အိပ်မက်ဆိုတာ ဆန္ဒရဲ့ခြေရာတဲ့။ နင် ဒီလိုပဲ ဆန္ဒရှိခဲ့တယ် မဟုတ်လား"

"ဟား . . . ဝမ်းသာလိုက်တာ ငြိမ်းရယ်"

•———မျှဝေသော———•

www.burmeseclassic.com

www.burmeseclassic.com



သူ ငြိမ်းကိုယ်လေးကို ဆွဲဖက်ပစ်လိုက်သည်။ ကိုယ် ချစ်ရတဲ့မိန်းကလေးကို ကိုယ့်ရင်ခွင်ထဲမှာ မြတ်နိုးစွာ သိမ်းဆည်းမိတာ ပထမဆုံးအကြိမ်မို့ ရင်ခုန်သံတို့ဟာ စည်းချက်မညီရှာ။

ငြိမ်း သူ့ကို ဘာကြောင့် ဒီဇလောက်မြန်မြန် လက်ထပ်ဖို့လက်ခံသလဲလို့ မမေးဖြစ်။ အကြောင်းအရာကိုသိရင် ခေါင်းမှာ ချာချာလည်ရဦးမည်။

ချစ်တတ်လို့ အဖြေမပေးဘဲ အဆင့်ကျော်တာ လက်ထပ်ဖို့တောင်းဆိုသော်လည်း ချစ်ရသူကို ဘာကြောင့်လဲဟူသော သံသယမျက်ဝန်းတို့ဖြင့် မကြည့်ရက်ခဲ့။ ဘာကြောင့်ပဲဖြစ်ဖြစ် သူ ငြိမ်းကို ပိုင်ဆိုင်ချင်သည်။ ကိုယ်က အချစ်ပေးလျှင် သူ့ဆီက အချစ်ကိုပြန်ရမည်ဟု ကျိန်းသေတွက်ပြီးသား။

ထို့ကြောင့် သူငယ်ချင်းတွေကို အကူအညီတောင်းကာ ငြိမ်းနှင့်သူ နှစ်ဦးသဘောတူ လက်မှတ်ရေးထိုး၍ ဟာရားရုံးမှာ လက်ထပ်ခဲ့ကြသည်။



ငြိမ်းရဲ့ဖေဖေ ဦးရွှေအေးငြိမ်းကလည်း . . .

"လူငယ်တွေရဲ့နှလုံးသားရေးကိစ္စမှာ ဖေဖေ ဝင်မပါချင်ဘူး။ ဒါပေမဲ့ သမီး ဖေဖေ့ကို မတိုင်ပင်တာတော့ ဝမ်းနည်းတယ်"

ထိုမျှသာဆိုခဲ့သည်။ မင်္ဂလာဦးညမှာ နှစ်ဦးသား စိတ်ကူးသစ်၊ ရည်မှန်းချက်သစ်တွေနှင့် ဘဝရှေ့ရေးအတွက် စီမံကိန်းတွေ ရေးဆွဲကာ သွက်သွက်ခါအောင်ပင် သူ ပျော်ခဲ့ရပါသည်။

"ငြိမ်း"

"ဟင်"

"ကိုယ်တို့ဘဝမှာ ဒုက္ခမီးတွေ ဘယ်လောက်ပြင်းပြင်း ကိုယ်တို့နှစ်ယောက် လက်တွဲပြီး ဖြိုခွင်းကြမယ်နော်"

ခပ်လွင်လွင်လေးရယ်၍ ငြိမ်းက သူ့ရင်ခွင်ထဲသို့ တိုးဝင်ခဲ့သည်။ နင်နဲ့ငါပြောနေရင်းမှ ကိုယ်ဟု သူ ပြောင်းလဲခဲ့သည်က သူတို့နှစ်ဦးရဲ့ မင်္ဂလာဦးညလေးပင်။

"ငြိမ်းနဲ့ကိုယ် လင်မယားဖြစ်ပြီနော်"

www.burmeseclassic.com

www.burmeseclassic.com



"အဲဒါဘာဖြစ်လဲ"

"ကိုယ့်ကို ငြိမ်းချစ်တယ်လို့ မပြောရသေးဘူးလေ"

သည်လိုပြောတော့ သူ့ရင်ခွင်ကြားကနေ ငြိမ်းက မျက်နှာလေးခွာ၍ ပြောခဲ့သည်က . . .

"နောင်တ ရနေပြီလား" တဲ့။

"ကိုယ်က ဘာကိုနောင်တရရမှာလဲ"

"နင့်ကိုငါ မချစ်ဘဲ လက်ထပ်ခဲ့တာလေ"

သူ တစ်ချက်ကလေးတောင် အပြုံးမပျက်ခဲ့ပါဘူး။

"ကိုယ် ဝမ်းမနည်းပါဘူး"

"တကယ်"

"အင်းပေါ့ . . . ကိုယ်သိနေတယ်လေ။ ငြိမ်း ကိုယ့်ကို မချစ်သေးရင်တောင် မမုန်းဘူးဆိုတာ"

"ဘာဖြစ်လို့ ဒီလိုပြောတာလဲ"

ငြိမ်းလက်ကလေးကို ဆုပ်ကိုင်ကာ ဖွဖွနမ်းရှိုက်ရင်း . . .

"ကိုယ်နဲ့ငြိမ်းနဲ့ကြားမှာ ငယ်သံယောဇဉ်က မှေး





ပါးမသွားခဲ့ဘူးလေ။ ကိုယ် ယုံကြည်တယ်။ ဒီသံယောဇဉ်ကို အခြေခံပြီး အချစ်ဆိုတာ ငြိမ်းရင်ထဲကို ရောက်ကိုရောက်လာမှာပဲလို့"

"တကယ်လို့ ထင်သလို မဖြစ်ခဲ့ရင် ဘယ်လိုလုပ်မလဲ"

"ဝမ်းနည်းရုံကလွဲပြီး ကိုယ် စိတ်ပျက်မသွားပါဘူး"

သည်လိုဆိုတော့ မှုးရယ်လို့ တိုးဖွဖွညည်းတွားရင်း သူ့ခါးလေးကို ပြန်လည်ဖက်တွယ်ထားခဲ့သည်။ ဤသည်ကား အချစ်လို့ဆိုမလား။ အကြောင်းတစ်ခုခုကြောင့် သူ့ကို ချစ်ပါတယ်လို့ နှုတ်ဟဝန်မခံပေမယ့် ငြိမ်း သူ့ကို ချစ်နေတယ်လို့ သူ ယုံကြည်ခဲ့ပါသည်။

ထို့ကြောင့် အချစ်ကို ဝေါ်မှုတ်သိပ်သည်းစွာ မဟောင်းဆိုခဲ့။ မင်္ဂလာဦးညလေးသည် တစ်ဦးနှင့်တစ်ဦး နားလည်မှုတွေကိုယ်စီနှင့် ဖြတ်သန်းခဲ့ရသည်မှာ ရင်ခုန်ခြင်း၊ အချစ်တို့မွှမ်းမံထားသော အိပ်မက်လွင်ပြင်ကျယ်ကြီးထဲမှာ ညည်းညူမှုတို့ အစက်အပျောက်မျှပင် မစွန်းထင်းခဲ့။



www.burmeseclassic.com

www.burmeseclassic.com



အခန်း ( ၂၄ )

လောကဓါတ်မှာယာ

ဝက်ကမ္ဘာ အလှည့်အပြောင်း

အကွေ့အကောက်တွေက

အလွန်ကြောက်စရာကောင်းလှသည်။ ချစ်နှီး အသစ်စက်စက်ကလေးကို ချစ်လို့မှမဝသေး။ ကံကြမ္မာနှင့် တဲ့ နှင်တံတစ်ချောင်းက ရိုက်ပုတ်ဖို့ လက်ပြင်လာသည်။

သူတို့လက်ထပ်ပြီး နှစ်ရက်သာရှိသေးသည်။





ငြိမ်း တို့အိမ်သို့ မမကြီးကသွယ်မှုး ရောက်လာခဲ့၏။

"အမယ်လေး . . . မှုးရယ်၊ မေမေ့ကို ကယ်ပါဦး အဟင့် . . . ဟင့် . . . ဟင့်"

"ဟင်"

မျက်ရည်လည်ရွဲနှင့် ကားပေါ်မှ ပြေးဆင်းလာသော မမကြီးကိုမြင်သည်နှင့် သူ့ ငြိမ်းလက်ကလေးကို တင်းကြပ်စွာဆုပ်ကိုင်ထားမိ၏။

သူက နောက်လှည့်ပြေးဖို့ ကြိုးစားသော်လည်း ငြိမ်းက သတ္တိရှိရှိဖြင့် သူ့လက်တွင်းမှ ရုန်းထွက်ကာ မမကြီးကို ရင်ဆိုင်လိုက်၏။

"ဘာဖြစ်လို့လဲ မမကြီး"

"မေမေပေါ့ ငြိမ်းရယ်၊ ညက လေဖြတ်သွားလို့"

"ဗြော်"

ငြိမ်းက သူ့မျက်နှာကို စူးခနဲတစ်ချက်ကြည့်ကာ

"မှုးကို လာခေါ်တာပေါ့နော်"

"ဟုတ်တယ်၊ မေမေက သူ့သားကို တွေ့ချင်တယ်



www.burmeseclassic.com

www.burmeseclassic.com



တဲ့ . . . အဲဒါ"

ငြိမ်းက ခပ်ယဲ့ယဲ့ပြုံးကာပင် . . .

"ရပါတယ်။ ခေါ်သွားပါ"

"ငြိမ်း"

"လိုက်သွားပါ မှူး။ မိဘဆိုတာ အစားထိုးလို့ မရပါဘူး။ ငါ့ကြောင့် နင်တို့မိသားစု သွေးမကွဲစေရဘူး။ နင့်ကို ငါ ယုံပါတယ်"

သူက မလိုက်ချင်။ မမကြီး၏မျက်နှာအမူအရာက မှမမှန်။ ဘာကိုမှန်းမသိ သူ စိုးရိမ်နေမိ၏။ ငြင်းချင်သော်လည်း ငြိမ်းက ထည့်နေပြီ။

"ကျွန်တော် မလိုက်နိုင်ဘူး မမကြီး"

"ဟယ် . . . မှူးရယ် နင် တကယ်ပဲရက်စက်တော့မှာလား"

"ကျွန်တော် . . ."

"မှူး"

ငြိမ်းက ခေါင်းခါပြသည်။





"နင့်ကို ငါယုံတယ်လို့ ပြောပြီးပြီလေ။ လိုက်သွားလိုက်ပါ။ အခက်အခဲရှိရင် နင် ကျော်လွှားလာနိုင်မှာပါဟာ"

သူ သက်ပြင်းတစ်ချက်မှုတ်ထုတ်လိုက်ပြီး . . .

"ကောင်းပြီလေ။ ငါ လိုက်သွားပါ့မယ်။ ဘယ်လိုအကြောင်းမျိုးပဲဖြစ်ဖြစ် ငြိမ်းဆီကို ကိုယ်ရောက်အောင် ပြန်လာမယ်"

သူ မမကြီးနှင့်လိုက်ခဲ့မိသည်။ မိမိသည် ယောက်ျားတစ်ယောက်ဟု အားမာန်အပြည့်နှင့် အရာရာကို ရင်ဆိုင်မည်ဟု စိတ်ပိုင်းလျက် လိုက်ပါခဲ့သော်လည်း သူ ထင်သလောက် ပြဿနာက မလွယ်ကူခဲ့။

အိမ်ကိုရောက်တော့ ဖေဖေက ဆီးကြိုလျက်။ မမကြီးနှင့် ဖေဖေမှအပ အခြားဘယ်သူ့ကိုမှ မတွေ့ရ။ အိမ်မှာရှိသမျှလူတွေကို တမင်ရှင်းလင်းထားသည်ဟု သူ သံသယ ဝင်လာသည်။

"မေမေရော . . . မေမေ ဘယ်မှာလဲ"

"အပေါ်ထပ်မှာရှိတယ် သား။ သားကို စောင့်နေ



www.burmeseclassic.com

www.burmeseclassic.com



တယ်"

သူ အခုပေါ်ထပ်သို့ မဝ့ံမရဲတက်ခဲ့သည်။ အခန်းတံခါးကိုဖွင့်ကြည့်တော့ စေ့ထားရုံမို့ သူ အသာတွန်းဖွင့်၍ ဝင်ခဲ့သည်။

"မေမေ"

ခုတင်ပေါ်တွင် ပက်လက်ကလေး မှိန်းနေသော မေမေ့ကို မြင်လိုက်ရတော့ သူ့ရင်ထဲမှာ နင့်ခနဲဖြစ်သွားရ၏။

သူ လူကြီးတွေကို ပြစ်မှားမိပြီလား။ ပိန်သလို ဖြစ်နေသော မေမေ့မျက်နှာကို ကြည့်၍ နောင်တရမိသည်။ "မေမေ တကယ်ပဲ နေမကောင်းဖြစ်နေတာကိုး" ဟု တွေးမိကာ သံသယစိတ်တို့ ရုတ်ခြည်းပင် ပျောက်ကွယ်သွားခဲ့၏။ ဒါသည် သူ့အမှားပါ။

"မေမေ"

"သား"

မေမေ့အသံက တိုးလျလျ။

"သားကို ခွင့်လွှတ်ပါ မေမေရယ်"

မျှဝေသော



သူ မေမေ့လက်ကလေးကို ဆုပ်ကိုင်၍ ငိုမိသည်။ မေမေက အိပ်ရာမှထမည်ဟန်ပြင်တော့ သူ ပျာပျာသလဲ တားလိုက်သည်။

"မေမေ . . . မထနဲ့လေ"

"ငါ့သား လူကဲခတ် တယ်ညံ့တာကိုး။ အဟင်း . . . ဟင်း"

"ဗျာ"

မေမေက စောင်ကိုဆွဲခွာလျက် ရုတ်တရက် မတ်တတ်ရပ်လိုက်စဉ် . . .

"ဟင် . . . မေမေ"

"အဟင်း . . . ဟင်း . . . မေမေ သရုပ်ဆောင်တာ အကယ်ဒမီဆုရလောက်ရဲ့လား သား"

"မေမေတို့ . . . ဩမေမေတို့"

အရိပ်အခြည်ကို ချက်ချင်းအကဲခတ်မိကာ နောက်ပြန်လှည့်ပြေးဖို့ ကြိုးစားလိုက်သော်လည်း . . .

"ရှိမ်း"

မျှဝေသော

www.burmeseclassic.com

www.burmeseclassic.com



ခြေတစ်လှမ်း နောက်ကျသွားခဲ့သည်။

မေမေက သူ့ရှေ့မှ လျှင်မြန်စွာ ကာဆီးပြီး အခန်းတံခါးကို ပိတ်ပစ်လိုက်၏။ ဤသည်ကား ငြိမ်းနှင့်ဝေးကြရန် အကြောင်းဖန်လာခြင်းပင်။ သူ့ကို အခန်းထဲတွင် ပိတ်လှောင်ထားပြီး ထမင်းပို့ချိန်၊ အခြားစားသောက်စရာ ပို့ချိန်တွင် လူငါးယောက်အနည်းဖြင့် လာပို့ကြသည်။

လူမိုက်ငှားထားသည်လားတော့ မသိ၊ ဗီဒီယိုအတက်ကားထဲမှ လူကြမ်းပုံစံမျိုး လူစိမ်းနှစ်ယောက် အမြဲပါလာတတ်သည်။

အကြောင်းစုံကို မှူး နောက်မှ သိခဲ့ရသည်။ သူ့လူဖြစ်သော မမလေးနှင့် ကိုတာရာကို အကြောင်းပြချက် ခိုင်လုံစွာနှင့် မကွေးသို့ ပထုတ်လိုက်သည်တဲ့။ သူ့အခန်းထဲက လွတ်မြောက်ဖို့ ကြိုးစားသော်လည်း မအောင်မြင်ခဲ့။

တစ်ပတ်တိတိပြည့်တော့မှ သူ လွတ်လပ်ခွင့်ရခဲ့သည်။ သူ ထိုနေ့ချင်းပင် ချစ်ဇနီး ငြိမ်းရှိရာသို့ ပြန်ခဲ့သည်။ သူ့အိမ်က မည်သူမျှတားဆီးခြင်းမပြုတော့။



"ငြိမ်း . . . ငြိမ်းရေ"

အိမ်ကလေးက တိတ်ဆိတ်စွာ ဆီးကြိုနေသည်။

"ငြိမ်း"

" . . . "

"ငြိမ်းရေ"

လူသူအရိပ်အယောင်ပင် မတွေ့ရ။ ရင်ထဲတွင် ဝလောင်ဆူသွားရတော့၏။

သူ တစ်အိမ်လုံး၊ တစ်ခြံလုံး ပတ်ရှာကြည့်၏။ ဘယ်မှာမှ ငြိမ်းတို့သားအဖကို မတွေ့ရ၊ နောက်ဆုံး ပဍ္ဍပါဝီ လင်ပျောက်ရှာသလို ဈာကိုလှန်ရှာသလို ရှာနေမိ၏။

"ငြိမ်း"

အသံကုန်ဟစ်၍ ခေါ်ရတော့သည်။

"မှူးလားဟေ့"

တစ်ဖက်ခြံကအသံ . . .

"ဟုတ်တယ် ကိုခင်ဝင်း။ ငြိမ်းတို့ ဘယ်သွားကြတာလဲ၊ ကိုခင်ဝင်း သိလား"

www.burmeseclassic.com

www.burmeseclassic.com



"သူတို့ပြောင်းသွားကြပြီ။ လေးရက်တောင် ရှိပြီကွ။ ဒီမှာ မင်းအတွက် စာတစ်စောင်ပေးသွားတယ်"

သူ ဝရန်းသုန်းကားနှင့် တစ်ဖက်ခြံသို့ ကူးလာခဲ့၏။

"ရော့"

စာရွက်ခေါက်ဖြူဖြူလေးကို ကမန်းကတန်းဖွင့်လိုက်သည်။ ငြိမ်းရဲ့လက်ရေးဝိုင်းဝိုင်းလေးတွေက သူ့ရင်ကို ပက်လိုက်တဲ့ အဆိပ်ခွက်လိုပါပဲ။

သို့

မှူး

ငါ နှုတ်ဆက်ခဲ့ပါတယ်။ သံယောဇဉ်မတုန်လို့တော့ မဟုတ်ပါဘူး။ ဒါ နောက်ဆုံးအကြိမ်မို့ပါ။ ငါ့ကို နင် လိုက်မရှာပါနဲ့။ ငါ့ကို ဇော်ရွက်ဝါတစ်ရွက်လို့ သတ်မှတ်လိုက်ပါ။ တစ်နေ့ နင့်ရင်ခွင်ထဲမှာ ရွက်နုကလေးတွေ ဝေလာရင် နင် ကျေနပ်မှာပါ။ ငြိမ်းဆိုတဲ့မိန်းမတစ်ယောက်နဲ့ မပတ်သက်ခဲ့ဘူးလို့





သဘောထားလိုက်။ အမုန်ကို ဝန်ခံရရင် နင့်ကို ငါ ချစ်ခဲ့တယ်။ ဒါပေမဲ့ နင့်ကို ချစ်ပါတယ်ဆိုတဲ့ စကားကို ငါ ဘယ်တော့မှ ဖွင့်ပြောဖို့မကြိုးစားဘူး။ ဘာဖြစ်လို့လဲ သိလား။ နင့်အသိုင်းအဝိုင်းကို မုန်းလို့။ အဲဒီအမုန်းတွေကြောင့် နင့်ကို ငါလက်ထပ်ခဲ့တာ။ နင် ရိုင်းတယ်လို့ ငါ့ကို ပြောချင်ပြောပါ။ တကယ်တော့ အချစ်ဆိုတဲ့ခဲလုံးကလေး ပေါက်ပြီး အနားရောက်မှ အနိုင်ရိုက်ပြဖို့ ငါ နင့်ကို လက်ထပ်ခဲ့တာပဲ။ နင့်အသိုင်းအဝိုင်းက ပြောတဲ့ မျိုးစေ့မမှန် ပင်မသန်ဆိုတဲ့စကားလုံးကို ငါ အနာကျင်ဆုံးပဲ။ အဲဒါကြောင့် မျိုးစေ့မမှန်တဲ့ မိန်းမ တစ်ယောက်ရဲ့ ယောက်ျားဖြစ်သွားအောင် နင့်ကို ယူခဲ့တာ။ အဲဒါမှ မိန်းမပေါ့တစ်ယောက်ကို မတော်ချင်ဘဲ သူတို့အမျိုးတော်လိုက်ရတဲ့ အရသာကို ခံစားသွားရမှာလေ။ ခုလည်း . . .

သူတို့ ငါ့ဆီကို ရောက်လာခဲ့ကြတယ်။ နင့်ကို



www.burmeseclassic.com

သစ္စာနဲ့လက်ထပ်ပေးမလို့ ကွာရှင်းပေးပါလို့ ငါ့ကို တောင်းဆိုတယ်။ နစ်နာကြေး ဘယ်လောက်ပေးရမလဲတဲ့။ ငါက သေွးအေးအေးနဲ့ ခေါင်းခါတော့ နင့်အမေနဲ့မကြီးက ဘာလုပ်တယ်ထင်သလဲ။ ရပ်ကွက်ထဲကလူတွေ မကြားကြားအောင် ငါ့ကို တမင်အရှက်ခွဲပြီး မဟုတ်မဟုတ်တွေ ပြောကြတယ်လေ"

"ဟင်"

စာရွက်ကိုင်ထားသော အသူလက်တွေ တဆတ်ဆတ်တုန်နေ၏။ မာနကို ရိုက်ချိုးခံလိုက်ရတဲ့ ချစ်ရသူလေး ဘယ်လိုများခံစားသွားရမလဲဆိုတာကို တွေးပြီး သူ့မျက်ဝန်းတွေ ညို့လာသည်။ သဲ့သဲ့ကွဲကွဲသိရအောင် စာရွက်နောက်တစ်ရွက်ကို လှန်လိုက်၏။

"မိန်းမပျက်မရဲ့သမီးဟာ မိန်းမကောင်း ဖြစ်မလာဘူးတဲ့။ ကိုအေးငြိမ်း ရှင်က သမီးကို ဇန်းပြုပြီး





ကျွန်မသားကို ချူစားနေတာ၊ ဝိုင်းလုံးသားအဖတဲ့။ ဒီထက်ဆိုးတဲ့စကားတွေလည်း ပြောခဲ့တယ်။ တစ်သက်လုံး ကိုယ်ကျင့်တရားမဖောက်ပြားဘဲ သူများလက်ညှိုးထိုးကင်းအောင်နေလာခဲ့တဲ့ ငါ့ဖေဖေလေ ငါ့ရဲ့မိုက်မဲမှုတွေကြောင့် ယောက်ျားတန်မဲ့ ဆဲ့ူးပွဲချငိုခဲ့ရတယ်။

အဲဒါကြောင့် ငါ ဆုံးဖြတ်ချက်တစ်ခု ချခဲ့တယ်မှူး။ အဲဒါ ဘာလဲဆိုရင် ငါ့အတွက် နစ်နာကြေးဆိုတာကို မာနနဲ့ ခေါင်းခါခဲ့ပေမယ့် ငါ့အဖေကျခဲ့တဲ့ မျက်ရည်တစ်စက်အတွက် တန်ရာတန်ကြေးကို ငါ ယူခဲ့တယ်။ နင်နဲ့ငါကြားမှာ ဘာအကန့်မှမရှိတော့ဘူး။ သူတို့အမြင်တော့ ငါ့အတွက် နစ်နာကြေးပေါ့။ လျော်ကြေးယူပြီးပြီဆိုတော့ နင်နဲ့ငါ မသက်ဆိုင်တော့ဘူး။

ဒါပါပဲ . . .

ငြိမ်း

www.burmeseclassic.com



မှုံးစာဆုံးသွားသည်နှင့် အားအင်တွေ ကုန်ခန်းကာ ဒူးညွတ်ကျသွားလေသည်။ လက်ထောက်မိသော ဖျင်ချပ်ကလေးကို စာနာမှုကင်းမဲ့စွာ လက်သီးတစ်ချက် ထင်သွင်းလိုက်၏။

"ဒုန်း"

"အင့်"

တစ်ဆက်တည်းပင် ရှိုက်သံတစ်ချက်ပါ ကပ်ငြိပါသွားလေသည်။

"ငြိမ်း"

ပုစဉ်းရင်ကွဲတစ်ကောင်လို အော်ပစ်လိုက်၏။ ကိုယ့်အချစ်ကို ဥပေက္ခာပြုရက်လေခြင်း ဟု ဝမ်းနည်းမိပေမယ့် သည်နေရာမှာပင် အဆုံးမသတ်နိုင်။ ရင်ထဲမှ နလုံးသား၏ ခိုင်းစေချက်အရ ချစ်သူကို မိုးအဆုံး မြေအနှံ့ ခြေဆန့်၍ ရှာမည်ဟု ဆုံးဖြတ်လိုက်၏။

ရှာလည်းရှာဖွေခဲ့ပါသည်။ သို့သော် . . .





အခန်း ( ၂၅ )

"ခေါက် . . . ခေါက်"

"ဇေဇေ"

"ခေါက် . . . ခေါက်"

"ဇေဇေ . . . ဇေဇေ"

"အင် . . . ဟင်"

ပျော်လွင့်နေသော စိတ်တို့သည် တံခါးခေါက်သံနှင့်အတူ ခပ်စူးစူးဆည်းလည်းသံလေးကြောင့် လန့်ဖျပ်၍ သူ



www.burmeseclassic.com

www.burmeseclassic.com



ကိုယ်မှာ ပြန်လည်ပူးကပ်လာရှာ၏။

"သမီး ဘာဖြစ်လို့လဲ"

"ဖေဖေ့အခန်းထဲက မီးရောင်မြင်လို့၊

မအိပ်သေးဘူးလား။ တော်ကြာ အိပ်ရေးပျက်ပြီး နေမကော

ဖြစ်နေဦးမယ်"

ဟုတ်ပေသားပဲ။ သူ မီးမပိတ်မိဘဲ အတိတ်

စိတ်တွေ လွင့်မျောနေခဲ့သည်သာ။

"ခုပဲ အိပ်တော့မလို့ပဲ သမီးရဲ့"

"ပြီးရော . . . ပြီးရော"

သူ သက်ပြင်းဖွဖွရှိုက်ရင်း မီးပိတ်ပစ်လိုက်သ

အိပ်ရာပေါ်မှာ မျက်စိကို စုံမှိတ်ပစ်လိုက်သော်လည်း

တို့က မတည်ငြိမ်။ ငြိမ်းရယ် အသက်အရွယ်အရ အ

အခေါက်တွေ ရင့်ကျက်နေပေမယ့် ငါလေ နှင့်ကိုချစ်

နှလုံးသားကတော့ အမြဲတမ်း နုပျိုလန်းဆန်းနေဆဲပါ။

ငါ မျှော်လင့်ချက်နဲ့ အသက်ရှင်နေခဲ့တာ

တစ်နေ့ ကိုယ်တို့နှစ်ယောက် ဆုံဆည်းခွင့်ရပါစေလို့။



အခန်း ( ၂၆ )

"မေမေ တကယ်ပြောတာနော်"

လက်ညှိုးတစ်ချောင်းထောင်၍ မယုံသလိုမေး

တော့ ငြိမ်းက ထိုလက်ညှိုးကလေးကို အမှုမ မျက်နှာရှေ့မှ

ဖယ်၍ . . .

"တကယ် . . . တကယ်"

"ဝေး . . . ဒါမှ တို့မေမေကွ"

"ဟဲ့ . . . ဟဲ့ . . . ဩော် . . . ဒီကလေးတွေ

ဖြစ်နေတာလဲ"

တွယ် ဝမ်းသာလွန်း၍ မိခင်၏ကိုယ်လုံးလေးကို

www.burmeseclassic.com

www.burmeseclassic.com



ချိမလိုက်ချိန်တွင် မီးဖိုဘက်မှ ထွက်လာသော ဘွားဘွား၏ ပျာပျာသလဲ စိုးရိမ်ဟန်မေးမှုကြောင့် မိခင်၏ကိုယ်လုံးကလေးကို အောက်သို့ပြန်ချပေးကာ ဘွားဘွား၏ ခါးတုတ်တုတ်ကို ပြေးဖက်၍ အော်လိုက်ပြန်သည်။

"ဘယ်လိုဖြစ်နေတာတုန်း။ ဘာကို ဒီလောက် အူမြူးနေတာလဲ"

"ဟား . . . ဟား . . . ဘွားဘွားမြေး မိန်းမရတော့မယ် ဘွားဘွားရ"

"အလိုတော်"

ဒေါ်စောမြမှ မျက်လုံးပြူးပြူးနှင့် ငြိမ်းကို လှမ်းကြည့်လေသည်။

"အမိုးမြေး မိန်းမတောင်းခိုင်းနေတာလေ။ အဲဒါ ငြိမ်းက တောင်းပေးမယ်ဆိုလို့ အူမြူးနေတာ"

"အလိုတော်"

ဒေါ်စောမြမှထံမှ ဒုတိယမို့ "အလိုတော်"သံကို ကြားလိုက်ရသဖြင့် တွယ် တဟားဟားရယ်လေသည်။





"ဘွားဘွား အလိုတော်ကလည်း မပြည့်စုံနိုင်သေးဘူးလား"

"အဲ့ဒြလို့ပါဟယ်။ ငါ့မှာတော့ ငါ့မြေး ကလေးပဲ ရှိသေးတယ်ထင်ထားတာ"

"ဘွဲ့ရပြီးပြီလေ"

တွယ် ဆင်ခြေပေးလေသဖြင့် ဒေါ်စောမြမှ မျက်စောင်းခဲလေ၏။ တွယ်က မမြင်ချင်ယောင်ဆောင်၍ . . .

"သစ္စာဆီ ဖုန်းဆက်လိုက်ဦးမယ်"

တွယ်ထွက်သွားတော့မှ . . .

"ဘယ်က မိန်းကလေးလဲ ကလေး"

ခပ်တိုတိုမေးပေမယ့် အများကြီးသိချင်နေသည်ကို ငြိမ်း ရိပ်မိပါသည်။ ထို့ကြောင့် . . .

"ကောင်မလေးနာမည်က ပန်းသစ္စာကျော်တဲ့။ ရုပ်ကလေးက တော်တော်ချစ်ဖို့ကောင်းတယ်။ ငြိမ်း တစ်ခါ တွေ့ဖူးလိုက်တယ်။ ရည်ရည်မွန်မွန်လေးပါပဲ။ ကျန်တာကတော့ မနက်ဖြန်သိရမယ်လေ"



www.burmeseclassic.com

www.burmeseclassic.com



သူမတို့ မနက်ဖြန်ဆို တကယ်ပဲလိုက်တောင်းပေး ရတော့မည်။ သားကိုချစ်လို့မဝသေးတာ မှန်ပေမယ့် ဖူးချိန် ပွင့်ချိန်တန်ပြီလို့ သူမ ထင်ပါသည်။

လည်လွှန်းတဲ့ဘီး ချေးပေဆိုသလို သားကို မတော်တရော်မိန်းကလေးတွေနဲ့ တွေ့မှာစိုး၏။

ဒါကြောင့် သင့်တော်မယ်ထင်လို့ လိုက်လျောခဲ့ တယ်။ သူမ စုံစမ်းမိသလောက်တော့ ကောင်မလေးက ခေတ်နဲ့အညီဝတ်တတ် စားတတ်တာကလွဲရင် ရိုးရိုးအေး အေးလေးပါပဲတဲ့။ မိခင်မရှိတော့ပေမယ့် ဖခင်ရဲ့အုပ်ထိန်းမှု အောက်မှာ မိန်းကလေးပီပီ သစ္စာ နေတတ်ခဲ့သည်ဆိုသည့် အချက်နှင့်ပင် သူမ လုံလောက်စွာ လက်ခံနိုင်ပါသည်။

ပတ်ဝန်းကျင်မှာ ဟိုးလေးတကြော်ကြော်ဖြစ် အောင် မချမ်းသာပေမယ့် သူမပိုင်ဆိုင်သည့် စည်းစိမ်နီးပါး တော့ ချမ်းသာကြသည်ဟု သူမ သိထားပါသည်။

နောက်နေ့မနက်တွင် သူတို့မိသားစုသုံးယောက် သစ္စာတို့အိမ်သို့သွားရန် အသီးသီး ပြင်ဆင်နေကြသည်။





ကောင်မလေးဘက်ကိုလည်း ဖုန်းနှင့်ဆက်သွယ်၍ စကား ဦး မြန်းထားသည်မို့ အားလုံးအဆင်ပြေချောမွေ့လျက်။ ပြီးမှ အဝတ်အစားလဲပြီးချိန်တွင် အမိုး ရောက်လာ၏။

"ကလေးရေ . . . ကလေး သားကတော့ လေ ချွန်လေးတမြမြနဲ့ ပြင်လို့မပြီးနိုင်တော့ဘူး"

သူမက လက်ကိုင်အိတ်ရှားရောင်လေးကို လက် မှာ ချိတ်လိုက်ရင်း . . .

"ဒါ သဘာဝပဲ အမိုးရယ်။ ဘယ်သူမဆို ကိုယ် ချစ်တဲ့သူကို ပိုင်ဆိုင်ခွင့်ရတော့မယ်ဆိုရင် ပျော်ကြမှာပဲ လေ။ အမိုးရော ဖေဖေနဲ့လက်ထပ်ခဲ့တုန်းကလည်း ပျော်ခဲ့ တာပဲ မဟုတ်လား"

"ကလေးကလည်း ပြောရော့မယ် အဟင်း . . . ဟင်း"

လူကြီးမို့ မရှက်တတ်ဘူးထင်လို့ မရပါ။ ငယ်ငယ် တုန်းကအကြောင်းကို တူးဖော်လိုက်တော့လည်း ရှက်တတ် သည်ပါပဲလေ။ ပြီးမှ အမိုးလက်ကလေးကို ချိတ်ဆွဲ၍



www.burmeseclassic.com

www.burmeseclassic.com



အောက်ထပ်သို့ ဆင်းလာခဲ့သည်။

"ကြာလိုက်တာ မေမေရာ။ နောက်ထပ် ငါးမိနစ်လောက်ဆက်နေရင် သား လည်ပင်း ဘဲငန်းကြီးဖြစ်လိမ့်မယ်"

"အဖြစ်သည်းမနေပါနဲ့။ လာ . . . သွားမယ်"

"တိမ်းတောင် . . . တိမ်းတောင်"

ငြိမ်း လက်ကိုင်အိတ်ထဲမှ ဟမ်းဖုန်းကလေးက မြည်လာသဖြင့် လက်ကိုင်အိတ်ထဲမှထုတ်ကိုင်လိုက်ရသည်။

"ဟဲလို"

" . . . "

"ဟုတ်ပါတယ် ဒေါက်တာ"

" . . . "

"ဟုတ်ကဲ့။ ငြိမ်း ခုပဲလာခဲ့ပါ့မယ်"

" . . . "

"အိုကေ"

ငြိမ်း ဟမ်းဖုန်းလေးကိုပိတ်ပြီး တွယ့်ကို အားနာသလို လှည့်ကြည့်၏။





"ဘာတဲ့လဲ မေမေ"

"ဒေါက်တာမင်းခန့်သော်ဆက်တာ သားရဲ့။ အရေးကြီးလို့ ခေါ်လာခဲ့ပါတဲ့"

"ဟာ . . . ကျိုင်ပဲ မေမေရာ"

တွယ့်မျက်နှာက ချက်ချင်းပင် လငပုပ်ဖမ်းထားသည့်ပမာ။ ဒီလူကြီးကလည်း အရေးကြီးစရာအချိန် ဒီလောက်တောင် ရှားရသလား။ သူများ မင်္ဂလာယူတော့မယ့်အချိန်ရောက်မှ ဖျက်လိုဖျက်ဆီးလုပ်တာ။ တွယ့်စိတ်ထဲကနေ လှမ်းကျိန်လိုက်သည်။ နှုတ်ကလည်း . . .

"မေမေနော် အဲဒီလူကြီးနဲ့ အတူတွဲသွားတွဲလာလုပ်တာ သား မကြိုက်ဘူး။ ဒီလူကြီး မေမေ့ကို ကြည့်တဲ့ အကြည့်တွေက မရိုးသားဘူး။ မေမေအနေအထိုင်ဆင်ခြင်မဟုတ်ရင် နောက်မှ သားကို အဆိုးအဆိုနဲ့"

"တွယ်"

တွယ်က စိတ်ထဲရှိတာကို ဘယ်တုန်းကမှ မျိုသိပ်မထားတတ်ပါ။ ဒီလူကြီး မေမေ့ကို ကျိတ်ကြိုက်နေတာ သူ



www.burmeseclassic.com

www.burmeseclassic.com



သိတာပေါ့။ တွယ့်ကို တွေ့ရင်လည်း မေမေ့မျက်နှာနဲ့ ဟိုဟာ ဝယ်ပေး၊ ဒီဟာဝယ်ပေး။ တွယ်က မယူဘူးပြော လည်း အတင်းပေးနေတာ။ မရိုးသားတာ သိသာလှသည်။ သူ့ကိုခေါ်ပုံကိုက သားတဲ့။ ပိုင်စိုးပိုင်နင်း ရှယ်တူသာဆို တွယ့်လက်သီးစာ ကျွေးပြီးတာကြာပြီ။

"မိဘက ဒီလောက်သွန်သင်ဆုံးမနေတဲ့ကြားက ဘာဖြစ်လို့ စကားပြော ဒီလောက်ရိုင်းရတာလဲ"

"သား . . . အဲဒီလူကြီးနဲ့ မေမေ တွဲသွားတွဲလာ လုပ်နေတာ မကြိုက်လို့ ပြောတာ"

"တော်တော့ တွယ်။ မင်းက ငါမွေးထားတဲ့ ငါ့သား ပါ။ မင်းပြောရလောက်အောင် ငါက ဘာတွေမဟုတ်တာ လုပ်နေလို့လဲ။ မင်းက ငါ့ကို သိက္ခာမဲ့နေတဲ့သူလို့ မြင်နေ တာလား။ မင်းဟာလေ တော်တော်အလိုက်ကန်းဆိုးမသိတဲ့ ကောင်ပဲ။ ပြောပါ . . . မင်းက ဘာလဲ မင်းအဖေရဲ့အသိုင်း အဝိုင်းက ပြောတဲ့လေသံမျိုးနဲ့ ငါ့ရဲ့သိက္ခာနဲ့ ကိုယ်ကျင့် တရားကို စော်ကားချင်တာလား။ အသွားတွေ၊ အခေါ်တွေ





ရဲ့ ခြေရာကို နင်းလာရင်တော့ ငါနဲ့အပြတ်ပဲ"

"ကလေး"

ငြိမ်း သူမသိပ်ချစ်ရသောသားက သူမ၏ ကိုယ် ကျင့်တရားအား ထိပါးစော်ကားလာသဖြင့် ဒေါ်သတို့ အထွတ်အထိပ်သို့ရောက်ကာ သတိလက်လွတ်ပြောချ လိုက်လေတော့ အမိုးက ပျာပျာသလဲ ဝင်တားလေ၏။

"အမိုး . . . သူ့ကိစ္စကို အမိုးပဲကြည့်စီစဉ်ပေးလိုက် တော့။ ငြိမ်းလာတော့ လာခဲ့မယ်၊ နောက်ကျလိမ့်မယ်"

ပြောပြောဆိုဆို ငြိမ်း ထွက်သွားလေသည်။ ဒေါ်စောမြမှုကတော့ တွယ့်ကို ချော့မော့ဖျောင်းဖျ၍ မြေး ချစ်သူဆိုတဲ့ ကောင်မလေးအိမ်သို့ ထွက်လာခဲ့တော့သည်။

လမ်းတစ်လျှောက်လုံး ကားမောင်းနေသော တွယ့် မျက်နှာက မှုန်ယိုပျက်ယွင်းနေ၏။ တကယ်ပျော်ရမည့် အချိန်လေးမှာ ပျော်ရွှင်မှုတွေ ခေတ္တနှင့် ပြန်လည်ပြေး ထွက်သွားချေပြီ။

မင်းခန့်သော်ဆိုတဲ့လူကြီးလောက် သားက မေမေ့



www.burmeseclassic.com

www.burmeseclassic.com



ဘဝမှာ အရေးမပါတော့ဘူးလား။

"မင်းအဖေရဲ့အသိုင်းအဝိုင်းတွေ၊ သူတို့ ရှိနေသလား"

မေမေပြောသလို သူ့မှာ အဘွားတွေ၊ အဒေါ်တွေ ရှိနေခဲ့တယ်ဆိုရင် သူတို့က ဘယ်မှာလဲ၊ ဘာကြောင့် တွယ်ကို မဆက်သွယ်ကြတာလဲ၊ တွယ် လူမှန်းသိတတ်စ အရွယ်ကတည်းက သူ့ဘဝထဲမှာ ဘိုးဘိုးနဲ့ဘွားဘွားရယ်၊ မေမေရယ် သွေးသားရင်းချာဆိုလို့ ဒါပဲ သိခဲ့သည်၊ တွယ် ရင်းနှီးခဲ့တဲ့စကားလုံးက . . .

"မင်းမှာ အဖေမရှိဘူး။ မင်းက အဖေမရှိဘဲ မွေးခဲ့တဲ့ သား။ မင်း မှတ်ထားရမှာက မင်းဘဝမှာ အဖေရော အမေရော ငါပဲ"

မေမေ ဒီစကားကို မာဆတ်ဆတ်လေသံနှင့် ပြောခဲ့သည်။ ဖေဖေ့ကို ဘာကြောင့် မေမေ စိတ်နာနေတာလဲ၊ ဖေဖေက ဘာတွေများ မေမေ နာကြည်းမုန်းတီးလောက်အောင် လုပ်ခဲ့တာလဲ၊ ဘာလဲ။



အဒေါ်တွေ၊ အဘွားတွေရဲ့ ခြေရာနင်းတဲ့ . . .

ဟင့်အင်း။ သူ မေမေ့ကို နောက်အိမ်ထောင်ပြုမှာ မလိုလားသောစိတ်တစ်ခုနှင့်သာ ပြောခဲ့ခြင်းပါ၊ ဖေဖေ ဘာကြီးပဲဖြစ်နေနေ ဖေဖေ့နေရာမှာ အခြားတစ်ယောက်ကို အစားထိုးမခံနိုင်ဘူး။

ဖေဖေ . . . စိတ်ကူးနှင့်ခေါ်ကြည့်ရတာပင် ရင်ထဲမှာ လှိုက်ခနဲ နွေးထွေးသွားရသည်၊ လူ့လောကကြီးထဲမှာ ဖေဖေ အသက်ရှင်လျက်ရှိနေသေးလား၊ သေဆုံးသွားတာလား။

ဒါလဲ သူ မသိခဲ့ရ၊ ဖေဖေနှင့်ပတ်သက်သည့် အကြောင်းတွေကို မေမေ ဘာကြောင့် လျှို့ဝှက်ထားရတာလဲ၊ မေးခွန်းပေါင်းများစွာနှင့် သိချင်စိတ်က တားမနိုင် ဆီးမရ ဖြစ်လာသည်။

"ဘွားဘွား"

"အင်"

ဘွားဘွားသည်လည်း သူ့လိုပဲ အတွေးနယ်ချဲ့နေ

www.burmeseclassic.com

www.burmeseclassic.com



သည်ထင်ပါ၏။ သူ ခေါ်လိုက်မှ လှုပ်ရှားလာသည့်ဟန်ဝင်၏။

"ဘွားဘွားကို မေးစရာရှိလို့"

"မေးလေ"

ဘွားဘွားက သူ့ကို အပြုံးနှင့်ဆိုသည်။ သူ သတိ ပြင်းတစ်ချက်ကို ဖျစ်ညှစ်၍ မှတ်ထုတ်လိုက်သည်။ ပြီးမှ-

"ဖေဖေ လူ့လောကကြီးထဲမှာ အသက်ရှင်လျက် ရှိနေသေးတယ်လို့ သား ခံစားမိတယ်။ အဲဒါ ဟုတ်တယ်နော် လား"

အံ့ဩသောဟန်၊ မလိုလားသောအကြည့်၊ စိတ် မကောင်းခြင်းတို့ ငြိတွယ်နေသော အဘွားနဲ့မျက်နှာပေါ် တွင် ရုတ်ခြည်းဖြတ်သန်းသွားသည်တို့ကို တွယ် ဘယ်လို ဘာသာပြန်မည်လဲ။ မျှော်လင့်ခြင်း ချောက်ကမ်းပါးပေါ်မှ နွယ်ကြိုးတစ်မျှင် ရှာကြည့်သော်လည်း နောက်ဆုံးတွင် သက်မှာ ချလိုက်သည့် မြက်တစ်ပင်က . . .

"ဒီမေးခွန်းမျိုး နောက်ထပ် ဘွားဘွားကို မမေး ပါနဲ့" တဲ့။



အခန်း ( ၂၇ )

"ဒေါက် . . . ဒေါက် . . . ဒေါက်"

ပန်းချယ်ရီဂေဟာအတွင်းရှိတိုက်ထဲတွင် ညှိခန်း ထဲရှိထိုင်နေသူ အားလုံး တစ်ဦးတစ်ယောက်ကို မျှော်နေပုံ ရသည်။ ရယ်သွမ်းသွေး၍ စကားအလှဆင်နေရသော် လည်း ရင်ထဲမှာ စိုးရိမ်မှု တွယ်ချိတ်တစ်ချောင်းက ငြိတွယ် နေသည်။

လည်ပင်းကိုလိမ်၍ ပန်းတစ်ပွင့်လေသင့်ရာ လိုက်

www.burmeseclassic.com

www.burmeseclassic.com



ပါလာမည့်အရေး မျှော်ငေးရတာ ဖောရွေးတွေ ပြန်လုံ မတတ်ပင်။ လာမယ့်လာတော့လည်း ဒေါက်ဖိနပ်သံတရှေ့ပြေးအသေခံတပ်သားတစ်ဦးနှယ်။ ဖိနပ်သံကစည်းချက် ညီညီ၊ မပီပြင်သေးသည့် အရိပ်ကလေးတစ်ခုကပင် လေရှူးရဲ့ ကျီစယ်မှုကြောင့် ခါလူးသွားတဲ့ မြက်ရိုးပင်လေးပမာ။ ကိုယ်ဟန်နွဲ့လျလျမှာ အလှည့်ကျ၍ မနွဲ့ကျစတမ်း ဖေး ခြယ်ဖော်ကျူးထားသည့် မိုးပြာရောင်ဝမ်းဆက်ကလေးက သူတို့၏ သခင်မအလှကို ပိုပြီးပီပြင်အောင် လက်ခုပ်တီး အားပေးနေလျက်။

နောက်တွဲဆံထုံးပုံပုံကလေးထုံးထားသော ဝိတုန်း ရောင်ကေသာကျော့ဝယ် ပန်းနှင့်တူတာဆိုလို့ နမ်းရှေ့လောက် အပွင့်တစ်ပွင့် စိုးစဉ်းမျှကပ်ငြိမလာပေ။ လည်ဝင်းတွင် ဖွဖွပတ်ထားသော နက်ပြာရောင် ပဝါစကလေးက သူမရင်အစုံအပေါ်မှာ ယိမ်းနွဲ့ကခုန်နေ၏။ လှမ်းလာသော ခြေလှမ်းတိုင်းက ကာရံတွေ ငုံလောက်ပေသည်။

ဝင်းစက်နေသော ခြေထောက်အစုံမှ တစ်ဆင့်



မျက်ဝန်းကို စိမ်ပြေးတမ်းကစားလိုက်စဉ် . . .

"ဟင်"

ခန္ဓာကိုယ်က အာမေဍိတ်သံနှင့်အတူ တောင့် မတ်သွားရ၏။ အိပ်မက်လား။ မဟုတ်သေးပါဘူး။

ကိုယ့်ကိုယ်ကိုယ် ဆွဲဆိတ်ကြည့်ရအောင်လည်း အလင်းနဲ့အမှောင်ကို ခွဲခြားနိုင်သားပဲ။ ဘယ်ရှုထောင့်ကပဲ ကြည့်ကြည့် ငြိမ်းမှ ငြိမ်းအစစ်ပါပဲ။

"ငြိမ်း"

ငြိမ်းဆိုသောအသိဝင်လာသည်နှင့် ခန္ဓာကိုယ်က မတ်တတ်ရပ်ပြီးသား ဖြစ်သွား၏။ အနှစ်နှစ်၊ အလလက ရင်ထဲမှာ နှလုံးသားကွန်ချာဖြင့် အုပ်ထားခဲ့သောချစ်ရသူ၊ ဆယ်ကျော်သက်အရွယ်ဆို အားရဝမ်းသာ ပြေးဖက်ရင် ဖက်မိလိမ့်မည်။ ခုတော့ . . .

"ငြိမ်း . . . ငြိမ်းပါနော်။ ဟုတ်တယ်မို့လား"

အငမ်းမရမေးမိတော့ ငြိမ်း မှင်တက်စွာ ခြေလှမ်း တွေ ရပ်သွားသည်။ ညှို့မှိုင်းလာသော ငြိမ်း၏မျက်ဝန်းအစုံ

www.burmeseclassic.com

www.burmeseclassic.com



သည် တစ်မုဟုတ်ချင်း ပြောင်းလဲကာ စူးရဲလက်ဖြာလာခဲ့သည်။ နှုတ်ခမ်းကို တင်းတင်းစေ့၍ ပြုံးရင်း သူ့မျက်နှာကို စေ့စေ့ကြည့်သည်။ ပြီး ဘေးလူများကို ဝေ့ကြည့်ကာ . . .

"ပန်းသစ္စာကျော်က ရှင့်သမီးလား"

ဒေါသရိပ်တွေ ရစ်သိုင်းဖွဲ့နေဟန်တူသော မနှင်းသည့် အမေးသံကြောင့် သူ ခေါင်းညိတ်ပြရုံသာ။

"ငြိမ်းလေး"

"သမီး"

ပြိုင်တူပင် အပြေးတစ်ပိုင်းနှင့် ငြိမ်းလက်မောင်းကို ဆုပ်ကိုင်လာသူများက မှူး၏မိခင် ဒေါ်တင်တင်ရီနှင့် မမကြီးကေသွယ်မှူးပင်။

"ဟယ် . . . ငြိမ်းရယ် မမကြီးဖြင့် ကိုယ့်မျက်လုံးတောင် ကိုယ်မယုံချင်တော့ဘူး"

"ခုမှ ပိုလှလာလိုက်တာကွယ်"

"ဟုတ်တယ်နော်။ မြင်လိုက်ရတာ မျက်စိထဲ အေးသွားတာပဲ။ ကျက်သရေရှိလိုက်တာ"

———



"အဟင်း"

ခေါင်းကိုမော့၍ ရယ်လိုက်ပုံက ခနိုးခနဲ့။

"ဟုတ်မှာပါ။ ငြိမ်း ဆယ်ကျော်သက်အရွယ်တုန်းကတော့ ဒီမျက်နှာဟာ ကျက်သရေယုတ်ခဲ့ဖူးပါတယ်။ အချို့လူတွေရဲ့အမြင်မှာတော့ ငြိမ်းအလှ၊ ငြိမ်းဘဝ အားလုံးကလည်း မျက်စိ ရှေတ်သီးစပ်ခဲ့ကြဖူးတယ်"

ဒေါ်တင်တင်ရီတို့ သားအမိ မျက်နှာ ကွက်ခနဲ ပျက်သွားလေ၏။ ကေသွယ်မှူးက ပျက်ယွင်းသွားသော အမူအရာကို အနှစ်မပါသောအပြုံးတစ်ပွင့်နှင့် တိုက်ဖျက်ကာ . . .

"ပြီးခဲ့တာတွေ မေ့ထားလိုက်ပါ ငြိမ်းရယ်။ တို့တစ်တွေ မထင်မှတ်ဘဲ ပြန်ဆုံရတုန်း ပျော်ပျော်ရွှင်ရွှင် နေကြရအောင်နော်"

"ကျွန်မ ဒီကိုလာခဲ့တာ အပန်းဖြေအပျော်ခရီး ထွက်လာတာ မဟုတ်ဘူး ဒေါ်ကေသွယ်မှူး။ ကျွန်မသား အတွက် မင်္ဂလာစကား ပြောဖို့ လာခဲ့တာပါ"

———

www.burmeseclassic.com

www.burmeseclassic.com



အကြည့်တွေက ဆိုဖာပေါ်တွင်ထိုင်နေသော တွယ် ထံသို့ စုပြုံးရောက်ရှိသွားလေသည်။

"ဒါ . . . ဒါဆို တွယ်တာက"

"ဟုတ်တယ်။ ကျွန်မသားပဲ။ မိန်းမပျက်မရဲ့သမီး က မွေးထားတဲ့ မိန်းမပျက်မရဲ့မြေးပဲ။ မျိုးစေ့မမှန်တဲ့အပင် ကလေးပေါ့ရှင်"

"သမီးက ဒီစကားတွေ မဖမ့်သေးဘဲကိုး"

"အဟင်း . . . ဟင်း . . . သခွစ်ပန်းပွင့်ချိန်တိုင်း သိကြားမင်းနဲ့ စစ်တိုက်ခဲ့တာကို အမြဲတမ်း သတိရနေတဲ့ အသူရာလိုပေါ့ အန်တီ"

အခြေအနေက အလားအလာသိပ်ကောင်းမည် မဟုတ်မှန်း မှူး နားလည်လိုက်ပါပြီ။

သူတို့၏မာနတွေ၊ အာဃာတတွေကြားမှာ မအူ မလည်ဖြစ်နေရသူတွေက ဒေါ်စောမြမှု၊ တွယ်နှင့်သစ္စာပင်။ နောက် ငြိမ်းထံမှ တည်ငြိမ်ပြတ်သားသော စကားလုံးတို့က တစ်လုံးစီ ကြွေကျလာ၏။



"ကျွန်မ ပန်းသစ္စာကျော်နဲ့ သားကို သဘောမတူ ဘူး"

"မေမေ"

"ကလေး"

တားနေကြသော်လည်း မောဟ၊ ဒေါသတို့နှင့် အတူ ဒေါက်ဖိနပ်သံက မျဉ်းပြိုင်တစ်ကြောင်းပေါ်မှာ ပြိုင်ပွဲ ဝင်လေပြီ။

ကျောခိုင်းသွားတော့လည်း ဘာတတ်နိုင်မှာတဲ့ လဲ။ ဒါပေမဲ့ ငြိမ်းရယ် မင်း လာခဲ့ပါလို့ခေါ်တုန်းက ကိုယ် အားလုံးကို ကျောခိုင်းပြီး မင်းဆီကို အရောက်လာခဲ့တယ်။

မင်းထားခဲ့ပြန်တော့လည်း ငါ နေခဲ့ရပါတယ်၊

ခုပြန်ဆုံတော့လည်း မင်းရဲ့မာနတွေ၊ တဖိတ်ဖိတ် တောက်နေတဲ့ အထင်လွဲမှု မီးတောင်ကြီးကို ကိုယ် ဘယ် လို ငြှိမ်းခွင်းရမလဲ။ ကိုယ် ကြိုးစားမယ် ငြိမ်း။

ကိုယ့်နှလုံးသားရေးထက် ကလေးတွေရဲ့ ချစ် ကမ္ဘာလေးကို ငြှိမ်းခွင်းဖျက်ဆီးမပစ်ဖို့ မင်း ကျေနပ်တဲ့အထိ

www.burmeseclassic.com

www.burmeseclassic.com



ကိုယ် တောင်းပန်ပါရစေ။

"ရှက်ဖို့ကောင်းလိုက်တာ ဖေဖေရယ် . . . အဟင့် ဟင့်"

သမီးက သူ့ရင်ခွင်ထဲသို့တိုးဝင်၍ ငိုရှိုက်လေပြီ။ သူ သမီးပခုံးကို ဖွဖွဆုပ်ကိုင်၍ မျက်ရည်လည်ရ၏။

"တိတ်ပါတော့"လို့ မချော့ဖြစ်တာကို ခွင့်လွှတ်ပါ သမီးရယ် . . .

တစ်နေ့ . . .

ဖေဖေ့ကို သမီး နားလည်လာမှာပါ လေ . . .





အခန်း ( ၂၈ )

"ငါ လုံးဝသဘောမတူဘူး"

"ဒါဆို မေမေ သားကို သက်သက်အရှက်ခွဲတာ ပေါ့"

"မင်း ထင်ချင်သလို ထင်နိုင်တယ်"

"မေမေရာ"

တစ်ယောက်က အထက်စီးလေသံနှင့် ကျောခိုင်း၍ ပြောလိုက်သလို တစ်ယောက်က မခံချိမခံသာနှင့် ညည်း



www.burmeseclassic.com

www.burmeseclassic.com



ရော်နွမ်းလျှနေ၏။ သည်နှစ်ဦးကြားမှာ ဘယ်ဘက်ယိမ်းနွဲ့ရမည်မှန်း မသိသူက ဒေါ်စောမြမှုပင်။ သက်ပြင်းမောကိုသာ အခါခါချလျက် . . .

"စဉ်းစားပါဦး ကလေးရယ်။ ယတိပြတ်ကြီးတော့ မဆုံးဖြတ်ပါနဲ့"

"အမိုး"

"ဟင်"

"သစ္စာအဖေက ဘယ်သူလဲ အမိုးသိလား"

"ဟင့်အင်း"

"သက်ပိုင်မှုးလေ"

"ဟင်"

"ငြိမ်းရဲ့ဘဝမှတ်တမ်းကို အမိုးအကြိမ်ကြိမ်ဖတ်ခဲ့ဖူးပါတယ်"

မြေးအတွက် ဒေါ်စောမြမှု စောဒကတက်ဖို့ ကြိုးစားသမျှ သဲထဲရေသွန်ဖြစ်ရချေပြီ။ ငြိမ်းကတော့ ပြောစရာရှိတာ ပြောပြီးပြီမို့ သူမ အခန်းထဲသို့ ဝင်သွားလေ၏။



"မေမေ ရက်စက်တယ်ဗျာ။ သားကို ကူညီပါဦး ဘွားဘွားရယ်"

မျက်ရည်အဝဲသားနှင့် တွယ် အားကိုးရှာသော်လည်း ဒေါ်စောမြမှုက စွဲ့အနေသူပမာနယ်။

"သား . . . သစ္စာကို ချစ်တယ်၊ အဆုံးရှုံးမခံနိုင်ဘူး"

တုတ်တုတ်မျှ မလှုပ်။ တွယ့်ကိုသာ စိုက်ကြည့်နေသည်။

"ဘွားဘွား . . . သား ပြောတာ ကြားရဲ့လား"

သည်တော့ ခေါင်းတစ်ချက်ညိတ်ပြသည်။ မျက်နှာက မလန်းဆန်းပါ။

"သား ခုပဲ သစ္စာဆီကိုသွားမယ်။ တောင်းပန်မယ်၊ ပြီး လက်ထပ်မယ်"

"မဖြစ်ဘူး"

ဟန့်တားလိုက်ပုံကျတော့ လျင်မြန်သည်။ ချက်ချင်းပင် လှည့်ထွက်တော့မည့် တွယ့်ရှေ့သို့ ရောက်လာ၏။

www.burmeseclassic.com



"ဘာလို့မဖြစ်ရမှာလဲ။ သစ္စာမှာ ဘာအပြစ်ရှိလို့လဲ၊ ဘာကြောင့် မေမေ သဘောမတူတာလဲ။ ဘာအကြောင်းပြချက်မှ နိုင်နိုင်လုံလုံ မရှိဘဲနဲ့တော့ သားနောက်မဆုတ်နိုင်ဘူး ဘွားဘွား"

တွယ် မေးလာသည့် လဲပေါင်းများစွာ မေးခွန်းကို ဒေါ်စောမြမှ ဘယ်လိုဖြေရပါ့မယ်။ ဒီအတိုင်းကြည့်နေလို့လည်း မဖြစ်ပါဘူး။ သူမ တစ်ခုခုတော့ ပြောမှဖြစ်တော့မည်။

"ဖြေလေ ဘွားဘွား"

"မြေးနဲ့ပန်းသစ္စာကျော်နဲ့ လက်ထပ်လို့ မဖြစ်ဘူးကွယ့်"

"ဘာကြောင့်လဲ"

"ပြန်မမေးနဲ့ မဖြစ်နိုင်ဘူးလို့ ပြောပြီးပြီပဲဟာ"

"ဒါဆို ဘွား ကျွန်တော့်ကို မတားနဲ့။ အကြောင်းပြချက်တစ်ခုရှိမှ သားကို ချုပ်ကိုင်လို့ရမယ်။ ခုတော့ သွားခွင့်ပြုပါ"

"တွယ်"



ခေါ်ခဲလှသော နာမည်။ ဒေါ်စောမြမှ၏ မျက်နှာပေါ်တွင် ဝမ်းနည်းခြင်းနှင့် ဒေါသရိပ်တို့က အလုအယက် ယှဉ်ပြိုင်နေကြသည်။

"ကျွန်တော့်ကို မတားပါနဲ့"

"မင်း မသွားရဘူး"

"သွားမှာပဲ"

"မရဘူး"

ဒေါ်စောမြမှ၏လက်ကို သူ့လက်မောင်းပေါ်မှ ဖယ်ချကာ တွယ် ထွက်လာခဲ့သည်။ အချစ်အတွက် အရာရာကို ရင်ဆိုင်တော့မည်ဟူသော ဆုံးဖြတ်ချက်နှင့်။

"တွယ်"

လှည့်မကြည့်တော့ . . .

"တွယ်"

ဘွားဘွားအသံက ဝိုကျယ်လာသည်။ သူ့ခြေလှမ်းတွေကတော့ လျှောက်ဆဲလျှောက်မြဲပင်။

"မင်း ပန်းသစ္စာကျော်ကို လက်ထပ်လိုက်ရင် မင်း

www.burmeseclassic.com

www.burmeseclassic.com



တို့ တစ်မျိုးလုံး ခွေးလုံးလုံးဖြစ်ပြီ တွယ်။ အဲဒါ နားလည်ရဲ့ လား"

တွယ့်ခြေလှမ်းတွေ တုံ့ခနဲရပ်သွားလေ၏။ ဘွား ဘွား သူ့နောက်ကို လိုက်လာပြီဆိုတာ လှည့်မကြည့်ဘဲ သူ သိနေသည်။ ဘွားဘွားရဲ့စကားအဓိပ္ပာယ်က ဘာလဲ။

"မသွားပါနဲ့ မြေးရယ်။ ဘွားဘွား တောင်းပန်ပါ တယ်"

သူ ဘွားကို ရင်ဆိုင်လိုက်၏။ ဘွား တစ်ခုခုကို စိုးရိမ်ပုံရသည်။ ဘာကိုလဲဆိုတာ သူ သိသင့်တာပေါ့။

"ကျွန်တော် ပြောပြီးပြီလေ။ ကျွန်တော် ဘွားတို့ရဲ့ လျှို့ဝှက်ချက်ကို သိမှ"

"ရှုပြီ . . . မင်း ဒီလောက်သိချင်နေရင် ငါနဲ့ လိုက်ခဲ့"

ပြောပြီးတာနှင့် ချာခနဲလှည့်ထွက်သွားသော ဘွားဘွားနောက်သို့ သူ ပြေးလိုက်လာခဲ့သည်။ ဘွားဘွား ခြေစုံရပ်လိုက်သောအခန်းက မေမေကိုယ်တိုင် ဘယ်သူမှ



မဝင်ရဟု တားမြစ်ထားသောအခန်းပင် ဖြစ်၏။

သည်အခန်းထဲကို မေမေနှင့်ဘွားဘွား တစ်လ လျှင် တစ်ခါပဲ ဝင်တတ်သည်။ နှစ်ယောက်အတူဝင်လေ့ရှိ သည်ဆိုတာ အိမ်ဖော်မနှင်းမြပြောပြ၍ တွယ် သိခဲ့ရခြင်းပါ။

ဝင်သည့်အခါ တွယ် အိမ်မှာမရှိသည့် အချိန်ကို ရွေးဝင်တတ်တာကို တွယ် ဘာကြောင့်လဲဟု မတွေးဖြစ်ခဲ့။ စိတ်လည်း မဝင်စားပါ။ တွယ်က ကိုယ်နှင့်မဆိုင်တာကို စပ်စုဖို့ ဝါသနာမပါခဲ့တာ ခုတော့ ကိုယ်နှင့်ဆိုင်သတဲ့လား။

"ကျွှီ"

"လာ . . . ဝင်"

တွယ် ဝင်လိုက်သည်နှင့် အခန်းထဲက ပြင်ဆင် မွမ်းမံမှုတွေကြောင့် အံ့သြသွားရသည်။ ပို၍ ထူးဆန်းသည် က သူ့ကို ချယ်ရီပွင့်တွေက ဆီးကြိုပွေ့ဖက်လိုက်ခြင်းပင်။ တစ်ပင်လုံး ဝေဝေဆာအောင်ပွင့်နေသော ချယ်ရီပင်နားသို့ သူ တိုးကပ်သွားလိုက်၏။

သေသေချာချာကြည့်လိုက်တော့ ချယ်ရီအစစ်

www.burmeseclassic.com

www.burmeseclassic.com



မဟုတ်သော ချယ်ရီပင်။ ခန့်မှန်းခြေအမြင့် နှစ်တောင်လောက်ရှိပြီး လုံးပတ်က တစ်လက်မခွဲလောက် ရှိသည်လို့ ထင်ရသည့် ချယ်ရီပင် ပုပုဝိုင်းဝိုင်းလေးပင်။ ဒါ ဘာ အဓိပ္ပာယ်နဲ့လုပ်ထားတာလဲ၊

"ဒါ . . . ဒါက"

"ဒါက မင်းအမေရဲ့အတိတ်ကပုံရိပ်ပဲ။ ဒါထက် ပို သိရအောင် ဟိုစားပွဲပေါ်က ပဝါအုပ်ထားတဲ့အရာကို မင်း သွားကြည့်လိုက်"

တွယ် လျင်မြန်စွာ ပဝါကို ဆွဲချလိုက်သည်။ ပဝါ နောက်မှပေါ်လာသည့်အရာက ဓာတ်ပုံကြီးပင်။

တွယ် မျက်ခုံးနှစ်ဖက်ကျုံ့ဝင်သွားသည်အထိ စိုက်ကြည့်နေသည်။ အင်မတန်ချောမောသောစုံတွဲတစ်တွဲ ၏ပုံ ဖြစ်လေ၏။

"မေမေနဲ့ တူလိုက်တာနော်"

သူ့မေးခွန်းကို ဘွားဘွားက မဖြေပါ။ နှစ်ယောက် စလုံး ကျောင်းဝတ်စုံအဖြူနှင့် အစိမ်းကို ဝတ်ထားကြပြီး

•———ပြီးပါပြီ———•



ရယ်မောကာ လက်သန်းချင်းချိတ်ထားကြသည်။

ကောင်မလေးက ဆံပင်ခပ်တိုတိုပေါ်တွင် ချယ်ရီ ပန်းတစ်ပွင့်ကို နားမှာညှပ်ထားပြီး ညာဘက်ပခုံးပေါ်က လွယ်အိတ်ဖြူလွလွလေး၏ ကြိုးကို ဆုပ်ကိုင်ထားသည်။

ကောင်လေးက ညာဘက်ပခုံးပေါ်မှာ ရှိနေသော လွယ်အိတ်အပြာရောင်လေးကို ကိုင်ထားလေ၏။

"နှစ်ယောက်စလုံး အရမ်းချောတာပဲနော်။ ဘယ် သူတွေလဲဟင် ဘွားဘွား။ ဒါက မေမေလား"

"ဟုတ်တယ်။ ကောင်လေးကို သေချာကြည့်ပါဦး"

တွယ် စူးစိုက်၍ကြည့်လိုက်သည်။ တစ်ယောက် ယောက်နှင့် တူနေသလိုပင်။

"သူ့ကရော ဘွားဘွား"

"အဲဒါ မင်းရဲ့အဖေပေါ့"

"ဗျာ"

တွယ် လန့်ဖျပ်၍ဆုပ်ကိုင်ထားသော ပဝါလေးကို လွှတ်ချလိုက်၏။

www.burmeseclassic.com

www.burmeseclassic.com



ဖေဖေတဲ့။

သူ့ဘဝမှာ တစ်သက်လုံးမျှော်လင့်၍ မရခဲ့တော့

ဟု ကောက်ချက်ချထားခဲ့တာ။ ခုတော့ . . .

"သစ္စာရဲ့အဖေနဲ့ သူ မတွေ့ဘူးလား"

"ဗျာ . . . ဟို"

"အဟင်း . . . ဟင်း . . . မင်း သဘောပေါက်

ပြီလား ကွယ်၊ အစက မပြောဘူးလို့ ရေငုံနှုတ်ပိတ်နေ

မပြောလို့ မရတော့တဲ့အခြေအနေမို့ ခုလို ဖွင့်ပြောရ

လေ။ ကလေး သိရင်တော့ ငါ့ကို စိတ်ဆိုးမှာပဲ။ ဒါ

မတတ်နိုင်ဘူးလေ။ မြေး သိထားဖို့က သက်ပိုင်မှ

မင်းရဲ့ အဖေပဲ"

"ဖေဖေ"

တီးတိုးခေါ်ကြည့်မိသည်နှင့် ရင်ထဲမှာ လှိုက်

နွေးထွေးသွားလေသည်။ ဖေဖေဆိုတဲ့လူတစ်ယောက်

သူ့ရင်ကို တစ်မုဟုတ်ချင်း နွေးထွေးမှုတွေ ပေးနိုင်ခဲ့

တဲ့လား။





ဒါဆို သစ္စာနဲ့ သူ . . .

တွယ် ခေါင်းကို ခါယမ်းပစ်လိုက်သည်။ ကံကြမ္မာ

ရယ် ဘာကြောင့် ဒီလောက်အပြုံးထားရတာတဲ့လဲ။ အပြစ်

မရှိတဲ့ သူနှစ်ယောက်ကိုမှ နှလုံးသားတွေ တစ်စစီ ကြွေ

ပြုန်းပျက်စီးသွားအောင် အပြုံးကြီးကြီးနဲ့ ထိုးနှက်ရိုက်ပုတ်

ရက်ပါပေ့။

"မြေး"

တွယ် မျက်ရည်မကျအောင် ယောက်ျားမာနနှင့်

တွန်းထုတ်သော်လည်း ထိုမျက်ရည်က တစ်ပွင့်ခြွေ၍ ပါးပြင်

ကို မြေစုန်ကာန်ချေပြီး ဘွားဘွားက သူ့ပခုံးကို ဆုပ်ကိုင်၍...

"သွေးက စကားပြောတာကို အတွေးများပြီး တစ်

ထောင့်ငါးရာ ကိလေသာအချစ်နဲ့ တိုင်းဖြတ်မိတာ ငါ့မြေး

မရှုမလှခံစားရပြီပေါ့။ မတူညီတဲ့အချစ်နှစ်ခုဟာ အမြဲဒွန်တွဲ

နေတတ်တာ သဘာဝပဲလေ။ အမှားရှိရင် အမှန်ကို သိရ

မယ် မြေး"

"သား . . . သား မှားပါတယ် ဘွားဘွားရယ်"



www.burmeseclassic.com

www.burmeseclassic.com



ဒေါ်စောမြမှု၏ ရင်ခွင်တွင်းသို့ တိုးဝင်ကာ တွယ် ငိုရှိုက်မိ၏။ ရှိုက်စရာကောင်းလိုက်တာ။ အမြုရောင်သတ် သက် ထားရမည့် သံယောဇဉ်ကို ကာလာတွေတင်ခဲ့မိ သည်က သူ့အပြစ်တွေပါ။

"ဖေဖေ့ကို သား တွေ့ပါရစေ ဘွားဘွား"

"ခုတော့ မသွားပါနဲ့ဦး မြေးရယ်။ မြေးမေမေ စိတ် ညစ်နေတယ်။ ကိုယ် တွေ့ချင်တဲ့သူကို ခဏထားပြီး ကိုယ့် ကို တွေ့ချင်တဲ့သူကို မြေးအရင်သွားတွေ့လိုက်ပါ"

တွယ် မျက်ခုံးနှစ်ဖက် တွန့်ခနဲဖြစ်သွား၏။

"ဘယ်သူ့ကိုလဲ ဘွားဘွား"

"မြေးရဲ့အဘွားရင်းကိုပေါ့"

"ဗျာ"

ဒေါ်စောမြမှု၏ ပါးပြင်ပေါ်မှာ မျက်ရည်စီးကြောင်း နှစ်သွယ်။

"ဘွားဘွားက မြေးရဲ့အဘွားရင်း မဟုတ်ဘူးတွယ့်" ဟု အစချီကာ ငယ်ကြောင်းနောင်းဖြစ်အားလုံးတို့





ဒေါ်စောမြမှု ရှင်းပြလိုက်၏။ သူမသည် အချစ်တစ်ခုကို တိုးကွယ်ပြီး အစွဲအလမ်းကြီးသူပီပီ တစ်သက်မှာတစ်ခါသာ ချစ်ခဲ့ဖူးသော ချစ်ဦးသူ ကိုအေးငြိမ်းနှင့်ဝေးကြဖို့အကြောင်း က ဖန်လာခဲ့သည်။

ရိုးသားလွန်းသော ကိုအေးငြိမ်းသည် ဆင်းရဲနွမ်းပါး လွန်း၍ သူ့များအိမ်မှာ ခြံစောင့်လုပ်ရင်း ကျောင်းတက်ခဲ့ ရ၏။

တစ်နေ့ သူ့အလုပ်ရှင်၏သမီး ဝေဝေသီတွင် ချစ်သူနှင့်မှားယွင်းပြီး မဖုံးနိုင် မဖိနိုင်ဖြစ်လာတော့ သူမ၏ ချစ်သူဆိုတာကို ရှာလို့မတွေ့ပါသဖြင့် ကျေးဇူးတရားကို ဘုရားလိုကိုးကွယ်သော ကိုအေးငြိမ်းကို ကျေးဇူးရှင်ဆို သော ကြိုးနှင့် တုတ်နှောင်ကာ ဝေဝေသီ၏ အရှက်ကို ဘာကွယ်စေခဲ့သည်။

စောမြမှုကလည်း မိန်းမသားချင်း ကိုယ်ချင်းစာစွာ ခွင့်လွှတ်နားလည်ပေးခဲ့သည်။ အစွဲအလမ်းကြီးသော စော မြမှုသည် ချစ်သူနှင့်ကွေကွင်းရပြီးနောက် မရျစ်မနစ်သက်



www.burmeseclassic.com

www.burmeseclassic.com



သူနှင့် မပေါင်းဖက်လို၍ မိဘတွေပေးစားသူကို ငြင်းပယ်ပြီး အပျိုကြီးဆိုသော ဘွဲ့ထူးကို ရင်ဝယ်ပိုက်၍ ဘဝတိုက်ပွဲ ဝင်နေရှိန် သမီးတစ်ယောက်နှင့် ဒုက္ခရောက်နေသော ကိုအေးငြိမ်းကို ပြန်တွေ့ရတော့ သနားကရုဏာသက်စွာ သံယောဇဉ်လက်ကျန်ကို ထပ်လောင်းဖြည့်၍ လက်ထပ်ခဲ့သည်။

သုံးဦးသား ဒုက္ခ၊ သောကတွေကို တွန်းလှန်ဖြေဖျက်ဖို့ ချွေးစကို လမ်းခင်းခဲ့ရ၏။ ဆယ်တန်းကို ဂုဏ်ထူးငါးဘာသာနှင့် အောင်ခဲ့သောငြိမ်းကို ဆေးတက္ကသိုလ်တက်နိုင်ဖို့ ကြံ့ရာအလုပ်ကို လုပ်ခဲ့ကြသည်။

ကိုအေးငြိမ်းက တက္ကစီမောင်း၊ စောမြမှုက ကျောင်းအုပ်လစာနှင့် မလောက်၍ ညဘက် စက်ချုပ်ရသည်။

ငြိမ်းကိုယ်တိုင်ကတော့ အားရင်အားသလို ပန်းရံအလုပ်တွင် ဘိလပ်မြေသယ်၊ ဈေးရောင်းနှင့် ဘဝကို ရုန်းကန်ခဲ့ရ၏။ ငြိမ်းသည် အိမ်ထောင်ပြုခဲ့ဖူးသော မိန်းကလေးမို့ တစ်နေ့ ကိုယ်ဝန်ရှိနေသည်ကို သိလိုက်ရတဲ့အချိန်မှာ . . .



"ငြိမ်း ဟိုငွေသိန်းနှစ်ဆယ်ကို ထုတ်သုံးတော့မယ် ဖေဖေ၊ အစတုန်းကတော့ ဒေါ်တင်တင်ရီနှာမည်နဲ့ လှူပစ်မလို့၊ ခု မလှူတော့ဘူး၊ သမီးလွယ်ထားရတာ သူတို့မျိုးဆက်ပဲလေ၊ ကလေးရဲ့ဘဝရှေ့ရေးအတွက် ထုတ်သုံးမယ်ဆိုရင် သဘာဝကျပါတယ်" •

ဟုဆိုကာ လက်ဖက်ရည်ဆိုင်လေးဖွင့်ခဲ့သည်။ အလုပ်သမားတွေ ငှား၍ ဒေါ်စောမြမှုက ဦးစီးခဲ့၏။ ကလေးက အကျိုးပေးသည်ဟု ယူဆရမည်။

တွယ်တာမှုလေးကို မွေးပြီးကတည်းက ဘာလုပ်လုပ် ဘာကိုင်ကိုင် အဆင်မပြေဘူးဆိုတာ မရှိ။

နောက် ငြိမ်းလည်း ဘွဲ့ရ ဆရာဝန်ဖြစ်လာတော့ ဦးအေးငြိမ်းဦးစီးသော တွယ်ကုမ္ပဏီကြီးကလည်း အင်အားတောင်းလာခဲ့သည်။ ငြိမ်း နိုင်ငံခြားသို့သွားရတော့လည်း ဒေါ်စောမြမှုပင် တွယ်လေးကို ထိန်းကျောင်းခဲ့ရသည်။

ထိုမှစ၍ ချယ်ရီရိပ်မြုံသည် တစ်စ တစ်စနှင့် ကျော်ကြားလာခဲ့တော့၏။

www.burmeseclassic.com

www.burmeseclassic.com



အခန်း ( ၂၉ )

လောကကြီးသည် ဆန်းကြယ်ထွေပြားမှုတွေနှင့် ရှုပ်ထွေးနေသည်ဟု ထင်ရ၏။ မျှော်လင့်တာတွေက ကိုယ့်ကို ရက်စက်စွာ ကျောခိုင်းခဲ့ပြီး မမျှော်လင့်တာတွေက ကိုယ့်ရင်ခွင်ထဲသို့ ခေါင်းတိုးဝင်လာခဲ့သည်။

လူနာခုတင်ပေါ်တွင် မိန်းမျောနေသော ဘွားဘွားဆိုသော အမျိုးသမီးက တစ်ခုခုပြောရန် အားယူနေသည်။

"သ . . . သမီး"

ရှုပ်အောင်



မေမေက မတုန်မလှုပ်နှင့် စိုက်ကြည့်နေသည်။

"မေမေ့ကို ခွင့်လွှတ်ပါနော်။ မိခင်တာဝန်မကျေပွန်ခဲ့ဘဲ မိုက်လုံးကြီးခဲ့သမျှ ခွင့်လွှတ်ပါလို့ပဲ တောင်းပန်ပါရစေ"

မိသားစုတွေ စုံစုံလင်လင်ရှိနေသည်။ မေမေ့အစ်ကို ဦးတာရာတို့ မိသားစုလည်း ရောက်နေခဲ့ပြီ။

"ညီမလေး . . . ကိုကို တောင်းပန်တယ်ကွာ"

ကိုတာရာ ဘာကိုဆိုလိုသည်ဆိုတာ ငြိမ်း သိပါသည်။ မေမေ့ရဲ့နောက်ဆုံးအချိန်မှာ ငြိမ်းကို ခွင့်လွှတ်စေချင်တာ။

"မေမေက ငါ့အဖေဆိုတဲ့ ဦးရဲဝေရဲ့ညှဉ်းပန်းနှိပ်စက်သမျှကို ခံခဲ့ရတဲ့အချိန်ကစပြီး နောင်တတွေ တပွေ့တပိုက်နဲ့ ညီမလေးကို ရှာခဲ့တာပါ"

ငြိမ်း ပါးတစ်ဖက်တည်းသာ မျက်ရည်ကျလာခဲ့၏။ ကျန်တဲ့တစ်ဖက်က မာနတွေ ခြောက်လှန့်ခြင်းကြောင့် မကျရဲရှာသည်လား။

ရှုပ်အောင်

www.burmeseclassic.com

www.burmeseclassic.com



"နောက်ဆုံး ညီမလေးကို ရှာမတွေ့တော့မှ စာချုပ်တစ်စောင် ကိုကို့လက်ထဲကို ထည့်ပေးခဲ့တယ်။ သူ မရှိတော့တဲ့အချိန်မှာ ကိုကို့ကို ဆက်ရှာခိုင်းပြီး ညီမလေးကို ပေးပေးပါတဲ့။ ဦးရဲဝေ ဖြုန်းလို့ တိုက်တွေ၊ ခြံတွေ ကုန်သွားပေမယ့် အတွင်းပစ္စည်းတွေကို ဖွက်ပြီး စာချုပ်စာတမ်းတွေနဲ့ ညီမလေးကိုပေးဖို့ ကိုကို့ဆီမှာ အပ်ထားခဲ့တာ"

"မေမေရယ်"

အပြောင်းအလဲမြန်သည်တော့မဟုတ်။ အကြောင်းစုံ သိရသောအခါ မိခင်စိတ်နှင့် ကိုယ်ချင်းစာစွာ မေမေ့လက်ကလေးကို ဆုပ်ကိုင်လိုက်၏။ မျက်ရည်တို့ ပြည့်အိုင်နေသော မျက်ဝန်းအစုံက ငြိမ်း မျက်နှာလေးကို မလွှတ်တမ်းကြည့်၍ ပြုံးနေခဲ့သည်။

"မေမေ"

"သမီး . . . သမီးလေးရယ်"

ဝမ်းနည်းဝမ်းသာမှုနှစ်ခုရဲ့ကြားမှာ ငြိမ်း လက်ကလေးပေါ်သို့ဖိ၍ ဆုပ်ကိုင်ထားသော လက်တစ်ဖက်က မြေ





လျော့၍ ကျသွားလေသည်။ မြေဦးလေးရဲ့ ပါးတစ်ဖက်ကိုလည်း နမ်းခွင့်ရခဲ့သည်။

သမီး၏မေတ္တာကိုလည်း ခံစားခဲ့ရပြီမို့ သေပျော်ပါပြီလေ။

"မေမေ"

"မေမေ"

"ဘွားဘွား"

"မေမေ"

"အဟင့် . . . ဟင့်"

ငိုသံတွေက အပြိုင်အဆိုင် တွယ် ဘာကြောင့်မငိုမိပါလိမ့်။ ခုမှ တွေ့ဖူးသည့်လူမို့ ခံစားချက်မရှိတာလား။ ရင်ထဲမှာ မွန်းကျပ်နေသည်ကတော့ အမှန်ပင်။

"ကိုတွယ် . . . ခဏ ကြယ်စင်ပြောစရာရှိလို့"

ဦးတာရာ၏သမီး ကြယ်စင်လင်းပင်။ သူ အသာထ၍ ကြယ်စင်နောက်သို့ လိုက်ခဲ့သည်။ ကြယ်စင်က ခံပုတ်ရောင် ပြောင်လက်နေသော ကားတစ်စီးနားသို့



www.burmeseclassic.com

www.burmeseclassic.com



ရောက်တော့ တွယ့်ကို ပြန်လှည့်ကြည့်၏။

"ဘယ်ကိုသွားမှာလဲ ကြယ်စင်"

"လိုက်ခဲ့ပါ။ အချစ်အတွက် ရူးမတတ်ခံစားနေရတဲ့ လူတစ်ယောက်ကို ကိုတွယ့်ကို ပြချင်လို့"

သစ္စာ . . . သစ္စာလား။ သစ္စာ ဘယ်လောက်ခံစားနေရမယ်ဆိုတာ ကိုယ် သိပါတယ်။ ဒါပေမဲ့ မဖြစ်နိုင်ခြင်းတွေက ဆင့်ကာ စီကာနင့်ပါ။

"တက်လေ . . . ကိုတွယ်"

"ငါ မလိုက်ဘူး ကြယ်စင်"

ဝမ်းကွဲညီမဟူသော အသိကြောင့် ငါဟု ရင်းနှီးစွာ သုံးလိုက်၏။

"လိုက်ခဲ့ပါ ကိုတွယ်။ ကိုတွယ့်ရင်ထဲက ပဟေဠိတွေ ဟိုရောက်ရင် အဖြေညှိပြီးသားဖြစ်သွားမှာပါ"

"ငါ့မှာ ခွန်အားမရှိလို့ပါ ကြယ်စင်ရယ်"

"စိတ်ချ ကိုတွယ်။ ဟိုရောက်ရင် ကိုတွယ့်မှာ ပျောက်ဆုံးသွားတဲ့ ခွန်အားတွေ ပြန်ရစေရမယ်။ ကြယ်စင်





တာဝန်ယူတယ်"

ကြယ်စင်က ခပ်ပြုံးပြုံးဆိုသော်လည်း သူ မပြုံးနိုင်ခဲ့ပါ။ ကြယ်စင်က သူ့လက်မောင်းတစ်ဖက်ကို တွဲခိုလာရင်း . . .

"လာပါ ကိုကိုရဲ့၊ ကြယ်စင်က ကိုယ့်အစ်ကိုကြက်နာကြီးလိုဖြစ်နေလို့ မကြည့်ရက်လို့ပါနော်။ ခုမှ တွေ့ရတဲ့ ရှားရှားပါးပါး အစ်ကိုတစ်ယောက်ကို မရင်းနှီးသေးလို့ ကိုတွယ်လို့ခေါ်ရတာ ပါးစပ်ထဲ ဘဝင်ကိုမကျဘူး"

"ညီမလေးရယ်"

တွယ် ကြယ်စင်ခေါင်းလေးကိုပွတ်၍ ညည်းတွားမိသည်။ မွေးချင်းပေါက်ဖော်မရှိသော တစ်ဦးတည်းသော ညီမလေးကြယ်စင်ကို သူ ကိုယ်ချင်းစာမိပါသည်။

အရင်တုန်းကဆိုရင် ကြယ်စင်လိုပဲ ညီအစ်ကိုမောင်နှမတွေ လိုချင်ခဲ့သည်။ ခုဆိုရင် တွယ်က . . .

"သိလား ကိုကို"

"ဟင် . . . ဘာလဲ"



www.burmeseclassic.com

www.burmeseclassic.com



အတွေးလွန်သွားသဖြင့် ကြယ်စင် ဘာပြောလိုက်သည် မသိ။

"ကြယ်စင် . . . မမသစ္စာကို တကယ့် ကိုယ့်အစ်မ ထင်ပြီး ချစ်လိုက်ရတာ။ တကယ်လိုချင်တာက အစ်မ မဟုတ်ဘူး။ အစ်ကိုလေ။ ခု ကြယ်စင်ဆန္ဒပြည့်သွားပြီ။ ကိုကိုက တစ်ခါတည်း ယောက်မပါရှာပေးထားတော့"

"ဘယ်လို ကြယ်စင်"

"အဟင်း . . . အံ့ဩသွားပြီလား။ မမသစ္စာက လေးပိုင်ရဲ့သမီးရင်းမှ မဟုတ်တာ"

"ဟင် . . . တကယ်"

"အင်းလေ . . . ကြယ်စင်တို့မိသားစု ဘွားဘွား ဆေးရုံရောက်နေတယ်ဆိုလို့ လာခဲ့ကြတာ။ ဒီရောက်တော့ မြေပုံရာကင်းနောက်ဆိုသလိုပဲ ဒယ်ဒီနဲ့မာမီကို လေးပိုင် ရင်ဖွင့်တော့တာ။ ကိုကိုနဲ့ မမသစ္စာ မစေ့စပ်ဖြစ်တာရော၊ အန်တီငြိမ်းကို ခုထိ မျှော်လင့်ပြီး ချစ်နေတုန်းဆိုတာရော၊ အယ် . . . ဆောရီးနော် ကိုကို"





ကြယ်စင်က သူမ ပါးစပ်ကလေးကို လက်နှင့်ပိတ်၍ မျက်လုံးလေးထောင့်ကပ်ကာ တွယ့်ကို အားနာသလို ကြည့်သည်။ ကားပေါ်သို့ တက်သွားသဖြင့် တွယ်ပါ တက်၍ မောင်းလိုက်ခြင်းပါ။

"ခုနက စကား ဆက်ပြောလေ"

"ဘာလဲကိုကို"

"ကြယ်စင်ရဲ့လေးပိုင်အကြောင်း"

"ကိုကို စိတ်ဆိုးမှာပေါ့"

"ပြောမှာသာ ပြောပါ"

"လေးပိုင်ကို ပြဿနာမရှာဘူးလို့ ကတိပေး"

" . . . "

"ကိုကို့အမေက ကြယ်စင့်အန်တီဖြစ်သလို ဟိုက လည်း လေးလေးပဲလေ။ ကြယ်စင်လေ လေးပိုင်ကို သိပ် သနားတာပဲ"

ကြယ်စင့်အသံလေးက တိုးလျသွား၏။ ညီမလေး ရယ်။ ဦးသက်ပိုင်မှူးက ကိုကို့အဖေပါဆိုတာ ညီမလေး သိ

www.burmeseclassic.com



ရင် ပိုပြီး ဝမ်းသာမှာပါ။ ရင်ကြားမစေ့တဲ့ နှလုံးသားနှစ်ခု ကို ပေါင်းကူးတံတားဆောက်ပေးဖို့ ကိုကို ဆုံးဖြတ်ပြီးပါပြီ။

သစ္စာက ဇေဇေ့သမီးအရင်းမဟုတ်ဘူးတဲ့၊ ဘယ်လောက် ဝမ်းသာစရာကောင်းလိုက်သလဲ။ ကိုယ့်ချစ်သူကို ဆုံးရှုံးရတော့မည်အဖြစ်ကြောင့် ဝမ်းနည်းကြေကွဲခဲ့ရပေမယ့် မောင်နှမလို့ အသိဝင်လာတော့ ကြေကွဲမှုရဲ့နောက်မှာ ကြည်နူးမှုတွေ ဖြစ်ခဲ့ပြန်တယ်။

ခု . . . သစ္စာနဲ့တွယ် ဘာမှသွေးမတော် သားမစပ်ဘူးဆိုတာ သိရပြန်တော့။

"ကိုကို"

"ဟင်"

"အန်တီနဲ့ လေးပိုင်ကို သဘောတူပေးပါနော်"

"မေမေက လက်ခံမှာ မဟုတ်ဘူး"

"ကိုကိုသာ အဓိကပါ။ အန်တီငြိမ်း လက်ခံအောင် ကြိုးစားမယ်"

"ဘယ်လိုကြိုးစားမှာလဲ"



"ကိုကိုလည်း ကူညီပေါ့"

"ဟ . . . အမေပေးရမယ့်သူက ကူညီရဦးမှာလားကွ"

"အားလုံးကို စိတ်ချမ်းသာစေချင်လို့ပါ ကိုကို၊ ကြယ်စင် သိနေတယ်၊ အန်တီငြိမ်းက လေးပိုင် မုန်းနေတာ မဟုတ်ဘူး။ ချစ်လွန်းလို့ နာကြည်းနေတာ"

ယုံပါတယ်လေ၊ အလုံပိတ်ထားတဲ့အခန်းထဲက ချယ်ရီပင်အတုလေးကို ကြည့်ပြီး တွယ် မေမေ့နှလုံးသားထဲက ခံစားချက်တွေကို ဖောက်ထွင်း၍ မြင်ခဲ့ပြီးပါပြီ။

"ပန်းချယ်ရီ"ဂေဟာရှေ့သို့ ရောက်လာခဲ့ပါပြီ၊

"တီတီ . . . တီတီ"

ကားဟွန်းတီးလိုက်သည်နှင့် ခြံစောင့်ကြီး ပြေးလာပြီး တံခါးဖွင့်ပေးလိုက်သည်။ ဒန်းလေးကို မှီ၍ နွမ်းလျနေသော မျက်နှာလေးကို မြင်လိုက်ရသည်နှင့် တွယ့်ရင်ထဲမှာ ဆို့နစ်သွားရ၏။

"သစ္စာ"

www.burmeseclassic.com

www.burmeseclassic.com



" . . . "

"သစ္စာ"

"ဟင် . . . တွယ် . . . တွယ်"

တွယ့်ကိုမြင်သည်နှင့် သစ္စာက အပြေးကလေး ရောက်လာကာ ချစ်သူ၏ရင်ခွင်တွင်းသို့ ခေါင်းတိုး၍ ငိုလေသည်။

"မငိုပါနဲ့သစ္စာရယ်၊ သစ္စာနဲ့ကိုယ် ဘယ်တော့မှ မခွဲတော့ဘူးနော်"

တွယ့်မျက်နှာကို မျှော်လင့်ကြီးစွာမော့ကြည့်ရင်း–

"တကယ်လား တွယ်ရယ်"

"တကယ်ပေါ့ အချစ်ရယ်၊ တို့နှစ်ယောက်ရဲ့ဘဝ လေး ငြိမ်းချမ်းတော့မှာပါကွာ"

"လေးပိုင်ရော မမသစ္စာ"

ကြယ်စင့်အသံကြားမှ နှစ်ဦးသား ကိုယ်ချင်းခွာ လိုက်ပြီး သစ္စာက ရှက်ရွံ့စွာ ခေါင်းငုံ့လျက် . . .

"ရှိပါတယ်"





"ဘယ်မှာလဲဟင်"

"ထုံးစံအတိုင်းပေါ့ ကြယ်စင်ရယ်"

သစ္စာအသံက ဆို့နစ်ကြေကွဲနေ၏။

"သွားကြရအောင်"



www.burmeseclassic.com

www.burmeseclassic.com



## အခန်း ( ၃၀ )

စိတ်တို့သည် ဆောက်တည်ရာမရ ကစဥ့်ကလျား နလုံးသားကို သံစဉ်တွေ့ ထည့်ဖွေရှာခဲ့ရတာလည်း အမော ပါပဲ။ တွေ့မယ့်တွေ့တော့လည်း သားရေးသမီးရေးကိစ္စနှင့် အဆင်မပြေခဲ့။ ဘယ်အပြိုးနဲ့ မုန်းမာန်တွေ တင်းနေတာလဲ ပြီမ်းရယ်။

ကိုယ်ကသာ သစ္စာကို ထမ်းပိုး၍ စောင့်ခဲ့သော်လည်း သူကတော့ သားတစ်ယောက်၏ မိခင်ဖြစ်နေခဲ့ပြီ။ သူတစ်ပါး၏သားမယားကို မပြစ်မှားကောင်းသော်လည်း



နလုံးသားက အငိုမတိတ်နိုင်အောင်ပင် သံယောဇဉ်ဆီဆမ်း အချစ်လင်ဝန်းနှင့် ပြီမ်း၏ မေတ္တာရွှေကြုတ်အကြင်နာတစ် ဆုပ်ကို မျှော်လင့်နေချင်သေးသည်။

ရင်ကွဲနာကျလုမတတ် ခံစားနေရသောနလုံးသား ၏ လောင်ကျွမ်းမှုကို အရက်နှင့်စိမ်ဖို့ ကြိုးစားသည်။

မေ့ချင်သည်။ ထို့ကြောင့် ဖန်ခွက်ထဲသို့ အရက် ကို ငှဲထည့်လိုက်စဉ် သူ့လက်ကောက်ဝတ်ကို တစ်ဦးတစ် ယောက်က သန်မာစွာ ဆုပ်ကိုင်လိုက်၏။

"ဟင် . . . မင်း . . . မင်း"

"ဆယ်ကျော်သက်အရွယ်တွေ မိုက်ရူးရဲဆန်တာ ကို လိုက်ပြီး အတုယူ၊ ကိုယ့်အသက်ကို မှန်မှန်ရှုပြီး လုပ် သင့်သလားလို့ ပြန်စဉ်းစားပါဦးလား ဖေဖေ"

မယုံကြည်နိုင်စွာ ခေါင်းကို ခါထုတ်လိုက်၏။ အိပ်မက်လား၊ နားကြားမှားတာလား။

"ကိုယ့်ကိုယ်ကိုယ် ဖျက် သံချေးတက်တဲ့ ဖေဖေ။ ဦးနှောက်တွေ မှုလီရစ်ပြန်းသွားချင်တာလား ဖေဖေ"

www.burmeseclassic.com

www.burmeseclassic.com



"မင်း . . . မင်း ငါ့ကို ဘယ်လိုခေါ်လိုက်တယ်"

တွယ် ပြုံးလိုက်၏။

"ဒေါနှင်းဝေငြိမ်းရဲ့ဘဝမှာ ယောကျ်ားဆိုလို့ ဦးသက်ပိုင်မှူးတစ်ယောက်ကိုပဲ လက်ထပ်ခဲ့ဖူးပါတယ် ဖေဖေ။ တွယ်တာမှူးဆိုတဲ့ ကျွန်တော်က . . ."

မှူး၏မျက်လုံးတွေ အရောင်တဖိတ်ဖိတ်လက်လာ၏။ အပြုံးတို့က မိုးရိပ်ညှိုအောက်က လွတ်ကင်းသွားတဲ့ မြေပြင်အလား။ လက်အစုံက ချက်ချင်းပင် တွယ့်ပခုံးကို ဖျစ်ညှစ်ဆုပ်ကိုင်လိုက်၏။

"မင်း . . . မင်း ပြောတာ တကယ်နော်"

တွယ် ခေါင်းကလေးညိတ်တော့ . . .

"သားရယ်"

တစ်ဦးကိုတစ်ဦး တင်းကျပ်စွာ ပွေ့ဖက်ထားသည်မှာ အတန်ကြာပင်။ ကြယ်စင်က မျက်နှာကလေးညှိုးနေသော သစ္စာကို စာနာနားလည်စွာ . . .

"လေးပိုင်"



ကြယ်စင့်ကိုကြည့်လိုက်တော့ သစ္စာကို မေးငေါ့ပြလေသည်။ မှူးကိုယ်တိုင် တွယ်နှင့်စွာလိုက်ပြီး သားလက်ကို တစ်ဖက်ကဆွဲကာ သစ္စာရှိရာသို့ လျှောက်ခဲ့၏။

"သမီး"

" . . . "

"ဘာဖြစ်တာလဲ သမီးရဲ့။ သမီးကလည်း ဖေဖေ့ရဲ့ ထာဝရသမီးလေးပဲဟာ။ သားနဲ့သမီးကို ဖေဖေ တန်းတူပဲ ချစ်တာပါ"

"မရဘူး။ သမီးက အရင်ပေါက်တဲ့ ရွှေကြာပင်ပဲဟာ။ တွယ်က နောက်မှလာပြီး ဖေဖေ့အချစ်ကို လုယူတာ မကျေနပ်ဘူး"

တွယ် ပခုံးတစ်ချက်တွန့်၍ ရယ်သည်။

"တွေ့လား ဖေဖေ။ သူ အကျင့်ပုပ်တာ"

"ဘာအကျင့်ပုပ်တာလဲ . . . တွယ်နော်"

သစ္စာက နှုတ်ခမ်းလေးစူကာ မကျေမချမ်းပြောနေ၏။

www.burmeseclassic.com

www.burmeseclassic.com



"စိတ်ကောက်ရင် ထိပ်ခေါက်ခံရမှာနော်"

"အောင်မာ . . . ခေါက်ကြည့်ပါလား"

"မခေါက်ရက်ပါဘူး"

"ဟော့ . . . ဟော့ . . . တို့တူဝရီးကို အားနာဦးနော်"

လေးယောက်သား ရယ်သံလေးက စည်းဝါးညီညီ နှင့် သံစဉ်လေးတွေ တီးခတ်လိုက်သည့်နှယ်။

မေတ္တာကို အရင်းတည်
ကာရံမညီသော အနမ်း
သည်ရင်ခွင်နန်းဆီကိုဖြင့်
အမြွတ်ပဲထွက်ထွက်
အရှုံးပဲကျကျ
မေ့မရသည်က တစ်သက်တာမို့
မာနကို ချိုးဖျက်
အကြင်နာမိုးစက်တို့နှင့်အတူ
ချစ်သူဆီသို့
ဦးတည်ပျံသန်း သွားတော့မည် . . .





အခန်း ( ၃၀ )

"စဉ်းစားပါဦး . . . ညီမလေးရယ်"

ငုံ့ကျသွားသော ခေါင်းကလေးသည် ပြန်လည်၍ မော့မလာတော့ချေ။ ရင်ထဲမှာ အုံဖွဲ့နေခဲ့သော နာကြည်းမှုတို့သည် သစ္စာတရားဆိုသော စကားလုံး၏အောက်မှာ ပြားပြားမှောက်ရပေတော့မည်။

"မှူးက သိပ်သနားဖို့ ကောင်းပါတယ် ငြိမ်းရည်။ မေမေနဲ့ မမကြီးရဲ့မာနတွေကြောင့် သူ့ခမျာ အလူးအလဲ



www.burmeseclassic.com

www.burmeseclassic.com



ခံရရှာတာ။ ဒီကြားထဲ ခင်သစ္စာကျော်ကို အရှက်မကွဲအောင် ဟန်ဆောင်လက်ထပ်ခဲ့ရသေးတယ်"

"ရှင်"

ငြိမ်းကိုယ်လေး တောင့်ခနဲဖြစ်သွားရ၏။ မမလေးက စကားဆက်၏။

"ခင်သစ္စာကျော်နဲ့ လင်းစံတို့ ချစ်သူတွေဖြစ်ခဲ့ကြတာ ငြိမ်း မသိဘူးမို့လား"

"ဟင့်အင်း"

"ဘယ်သိမလဲ။ လင်းစံက အရှက်ကြီးတဲ့အကောင် ဆိုတော့ ခင်သစ္စာနဲ့သူ ချစ်သူတွေ ဖြစ်ခဲ့တာကို ဘယ်သူမှ မရိပ်မိအောင်နေခဲ့တာ။ နောက် သူတို့နှစ်ယောက် အချစ်နယ်ကျွံခဲ့ကြတယ်လေ။ အဲဒီအချိန်မှာ မှူးကလည်း ငြိမ်းကို ဘယ်မှာမှရှာလို့မတွေ့လို့ စိတ်လေပြီး ဘဝပျက်မတတ်ဖြစ်နေတာ၊ ဖြစ်ချင်တော့ လင်းစံက အူအတက်ပေါက်တာ အသိနောက်ကျတော့ ဆုံးသွားရှာတယ်။ ခင်သစ္စာလည်း အရှုံးမီးပိုင်းဖြစ်တော့တာပေါ့။ နောက်တော့ သူငယ်ချင်း



သံယောဇဉ်ရယ်၊ မိန်းမသားတစ်ယောက်ရဲ့ အရှက်ကို ကာကွယ်ဖို့အတွက် ခင်သစ္စာကို ဟန်ဆောင်လက်ထပ်ခဲ့တာ။ အဲဒီကိစ္စ ဖေဖေနဲ့မေမေတို့တောင် မရိပ်မိလို့ ကြည်ကြည်ဖြူဖြူ သဘောတူလိုက်တာ။ ခင်သစ္စာကျော်က လည်း ငြိမ်းကို သူပါကူရှာပြီး တွေ့တာနဲ့ မှူးကို ကွာရှင်းပေးဖို့ပါပဲ။ သူ့ခမျာလည်း သမီးလေးကိုမွေးပြီး နှစ်နှစ်လောက်ကြာတော့ ဆုံးသွားရှာတယ်"

"အို"

သူငယ်ချင်းအတွက် ရင်ထဲမှာ နင့်သီးသွားရ၏။ သူမတစ်ကိုယ်တည်း အထင်တွေစွတ်လွဲသမျှ ခုတော့ ဖြေမဆည်နိုင်ပြီ။ မှူးအချစ်ကို အထင်သေးခဲ့မိသည်၊ မှူးနဲ့ သစ္စာတို့ လက်ထပ်သွားပြီဆိုတဲ့ သတင်း ကြားရတဲ့နေ့က ငြိမ်း မူးမေ့သွားမတတ် ခံစားခဲ့ရသည်။

တစ်နေ့ သူမကိုလိုက်ရှာပြီး မှူးများ ပြန်လာခေါ် လေမလားလို့ မျှော်လင့်ခဲ့သမျှ လွတ်ကျကွဲအက်ခဲ့ရ၏။ မှူးကို သစ္စာမရှိတဲ့ယောက်ျားအဖြစ် နာကြည်းခဲ့သလို သစ္စာ

www.burmeseclassic.com

www.burmeseclassic.com



ကိုလည်း . . . "လှပ်ရပ်လေခြင်း" ဟု ဒေါသဖြစ်ခဲ့ရသည်။

"ကိုကိုကတော့ ညီမလေးတို့ လင်မယားကို ပြန်ပေါင်းစေချင်တယ်။ သားလေးကို မျက်နှာမငယ်စေချင်ဘူး။ သူ့ခမျာ သူ့အဖေမေတ္တာကို လိုချင်ရှာမှာပေါ့"

"အမိုးလည်း ဒီလိုပဲ တွေးမိတယ် ကလေး။ ပြီးတော့ ကလေးကလည်း လှတုန်းပတုန်းအရွယ် ချူချင်သူတွေ ဝိုင်းဝိုင်းလည်နေတာ။ မိန်းမတစ်ယောက်လှတာသည် အန္တရာယ်တစ်ခုပဲ။ အဲဒီအန္တရာယ်ကို ကာကွယ်နိုင်ဖို့ဆိုတာ အိမ်ထောင်ဖက်ရှိမှ ဖြစ်မယ်။ အိမ်ထောင်ဖက်အသစ်ကို ရွေးချယ်မယ့်အစား ကိုယ့်အပေါ်သစ္စာစောင့်သိစွာ ချစ်ခဲ့တဲ့ မှူးကိုပဲ ပြန်ပေါင်းစေချင်တယ်ကွယ်။ ဘယ်အရာမဆို အစားထိုးပစ္စည်းဟာ မူလလက်ပဟောင်းလောက် အမျိုးအမည် မမှန်ကန်ဘူး ကလေးရဲ့"

သူတစ်ပေါက် ငါတစ်ပေါက် စကားခလောက်သံတွေကြားမှာ ငြိမ်း တွေဝေနေဆဲ။

"မေမေက ရင်ထဲကအချစ်ကို ဟန်ဆောင်မှုတွေ





နဲ့ ဖုံးကွယ်ထားနိုင်ပေမယ့် သားကတော့ မေမေ့လောက် အသည်းမခိုင်လို့ ကိုယ်ချစ်တဲ့သူကို ရအောင် ခိုးလာခဲ့ပြီ"

သစ္စာလက်ကိုဆွဲ၍ ညေ့ခန်းထဲသို့ ဝင်လာရင်း လှမ်းပြောသော တွယ့်အသံ။

အားလုံးဆိုဖာပေါ်မှ ကိုယ်စီ မတ်တတ်ရပ်လိုက်ကြသည်။ ဘယ်သူမှ ဘာစကားတစ်ခွန်း မပြောနိုင်ခင် ချယ်ရီပန်းတွေ တစ်ပွေ့တစ်ပိုက်နှင့် ဝင်လာသူတစ်ဦး။

"ကျွန်တော် ကန်တော့ပွဲအစား ဟောဒီချယ်ရီပန်းတွေနဲ့ တွယ်တာမှုူးဆီမှာ အမေတောင်းလာတာပါ။ အဲဒါ ဘယ်လိုသဘောရကြလဲခင်ဗျာ"

တွယ်က ခစ်တည်တည်နှင့် . . .

"ဒါ ကလေးကစားစရာ မဟုတ်ဘူး မောင်ရင်။ မောင်ရင် ကျုပ်ရဲ့ တစ်ဦးတည်းသောအမေကို ဒီလို လွယ်လွယ်ရမယ် ထင်သလား။ ကျုပ်တို့က မိန်းကလေးရှင်ဆိုတော့ မိန်းကလေးရှင် ကျေနပ်အောင်တော့ လုပ်ပေးသင့်တာပေါ့"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ကဲ့ . . . ပြောပါ ဦးတွယ်တာ။ ဦးတွယ်တာ စိတ်တိုင်းကျ ဆောင်ရွက်ပေးပါ့မယ်"

တွယ်က နားထင်ကို လက်ညှိုးနှင့်ကုပ်၍ စဉ်းစားဟန်ပြုပြီး သစ္စာဘက်သို့လှည့်ကာ . . .

"ကိုယ် ဘာပြောရမလဲ သစ္စာ"

"အိုး . . . ဘယ်သိမလဲ"

မှူးက ငြိမ်းမျက်နှာလေးကို မလွှတ်တမ်း ငေးမောနေသဖြင့် ငြိမ်း ရှက်သွေးဖြာလျက် ခေါင်းငုံ့ထားကာ . . .

"ရှင် ဘာလာလုပ်တာလဲ"

"ပြောပြီးပြီလေ။ အမေ လာတောင်းတာပါလို့။ ပြီးတော့ ကိုယ့်ကိုမုန်းနေတဲ့ ငြိမ်းရဲ့အမုန်းကြိုးကို တစ်ပတ်လောက်တော့ ဖြေလျှော့ပေးပါလို့ တောင်းပန်မလို့"

အနှစ် နှစ်ဆယ်ကျော် သိုသိပ်ပိတ်လှောင်ထားခဲ့ရသော အချစ်တို့က မျက်ဝန်း၊ နှုတ်ခမ်းတို့ကို ဓား၊ လှံပမာ အသုံးချ၍ နှလုံးသားတစ်ခုကို အနိုင်တိုက်လေတော့သည်။

ငြိမ်းရင်ထဲမှာလည်း သံယောဇဉ်လက်ကျန်လေး





တွေ ရှိနေခဲ့သည် မဟုတ်လား။ တစ်သက်မှာ တစ်ခါသာ ချစ်ခဲ့ဖူးသည်မို့ ဘယ်လိုပင် ဖုံးကွယ်ထားဆီးသော်လည်း နှလုံးသားအစုံက ချည်တိုင်သို့ ပြန်နေခဲ့ပြီ။

"ဟဲ့ . . . မှူး နင်ကလည်း အမုန်းကြိုးများ တစ်ပတ်တည်း လျှော့ခိုင်းရသလား။ အကုန်ဖြေခိုင်းတော့ ဘာဖြစ်မှာမို့လို့"

ကေရီမှူးက မှူးကို တံတောင်နှင့်တွတ်၍ တိုးတိုးဆိုသည်။ မှူးကလည်း တိုးတိုးကြိတ်ကြိတ် ပြန်ဆိုသည်။

"အာ . . . မမလေးကလည်း အလိုက်တာ တစ်ပတ်လျှော့လို့ အစပေါ်မှတော့ အကုန်ပြေတော့မှာပေါ့။ လောလောဆယ် တစ်ပတ်ဖြေဖို့က အရေးကြီးတာ"

"ကေရီကလည်းကွာ သူ့ကိစ္စ သူရှင်းပါလိမ့်မယ်။ မင်း တော်တော် အလိုက်မသိတာပဲ"

"ဩော် . . . အင်း . . . အင်း"

ကေရီက အယောင်ယောင်အမှားမှားနှင့် တာရာဆွဲခေါ်ရာနောက်သို့ ပါသွားလေသည်။ တွယ်က ဆိုပေါ်



www.burmeseclassic.com

www.burmeseclassic.com



တွင် မလှုပ်မယှက်ထိုင်နေသော အဘွားဖြစ်သူကို အလို မကျဟန်နှင့်ကြည့်ကာ . . .

"ဟာ . . . ဘွားဘွား အဲဒီလိုကြီး ငုတ်တုတ်ထိုင် ကြည့်မနေနဲ့လေ။ ဖေဖေ့လက်ထဲက ချယ်ရီပန်းတွေယူပြီး ဘုရားသွားတင်မှပေါ့"

သည်တော့မှ ဒေါ်စောမြမှလည်း သတိရကာ . . .

"ဟုတ်သားပဲ"

ဟုဆိုကာ မှူးလက်ထဲမှ ချယ်ရီပန်းတွေကို လက် ပြောင်းယူကာ ဘုရားခန်းရှိရာသို့ ရှောင်ထွက်သွားလေ၏။

တွယ်က ဖခင်၏နောက်မှာ ကပ်ရပ်ရင်း ပခုံးချင်း တိုက်ကာ . . .

"ဖေဖေ သားတို့တာဝန်ကျေတယ်နော်။ ကြိုးစား ကြိုးစား"

"မင်း ဘာစကားပြောတာလဲ"

"မေမေကလည်း . . . သား ဘာပြောလို့လဲ။ ဇာတ်လမ်းပြောတာပဲဟာ။ နားထောင် . . . နေပြည်တော်





မြန်မာ့အသံမှ ဆက်လက်အသံလွှင့်နေပါတယ်ခင်ဗျား။ ကျွန်တော် မောင်တွယ်တာမှူးကိုယ်တိုင် စိတ်ကူးပုံဖော် ထားတဲ့ ဇာတ်လမ်းလေးကို ဆက်လက်နားဆင်ကြည့်ကြပါ ဦးခင်ဗျာ"

"အဟင်း . . . ဟင်း . . . ခစ် . . . ခစ်"

တွယ်က ပြောလေတော့ သစ္စာက တခစ်ခစ်ရယ် လေသည်။ ပြီး နှစ်ယောက်သား မျက်ရိပ်ပြကာ ပြေးထွက် သွားလေတော့၏။ ဧည့်ခန်းထဲမှာ ကျန်ခဲ့တာက မှူးနှင့်ငြိမ်း နှစ်ယောက်တည်း။

"ငြိမ်း"

"ဘာတုန်း"

"ဟ . . . ထူးသံကလည်း မသာယာလိုက်တာ"

"သာယာချင်ရင် သီချင်းသွားနားထောင်ပေါ့"

"ကောင်းသားပဲ။ ဒါပေမဲ့ ကိုယ် နားထောင်ချင် တာက အခွေတွေထဲကမဟုတ်ဘူး။ ငြိမ်းရင်ထဲက ချစ်ခြင်း သံယောဇဉ်တွေကိုပဲ နားထောင်ချင်တာ"



www.burmeseclassic.com

www.burmeseclassic.com



"ရှင်နော် . . . အိုကြီးအိုမနဲ့ ကလေးကလား မပြောနဲ့"

မှုံးက ငြိမ်းလက်ကလေးကို ဆုပ်ကိုင်လိုက်ကာ-

"ငြိမ်းကကွာ ကိုယ်တို့အရွယ်က အိုကြီးအိုမလား။ အသက်ကလေးဖြင့် ခုမှ လေးဆယ်ကျော်ဖို့ ချောင်းရတုန်း ရှိသေးတယ်။ အရိုးဆို လေးဆယ်ကျော်မှ ရင်ခုန်နှုန်းပိုအား မြင့်တာ။ ဟဲ . . . ဟဲ"

မျက်စောင်းက လှုလှုပပ ဝင်ရောက်လာသည်။

"ဖယ်စမ်းပါ"

"ချစ်တယ်လို့ပြော"

"သူငယ်မပြန်နဲ့"

"ကိုယ့်အချစ်က ခုမှ ရွက်နုလေးပဲ"

ပြောရင်းမှ ငြိမ်းကိုယ်လေးကို ထွေးပွေ့လိုက်စဉ် ရင်နှစ်စုံပူးကပ်သွားသည်နှင့် ရင်ခုန်သံတို့က တဒုန်းဒုန်း တဒိုင်းဒိုင်း။

"ကိုယ့်ကို မုန်းနေသေးလား"

ပြီးပါပြီ



"မုန်းတယ်"

"ဟာကွာ"

"အဟင်း . . . ခု မဟုတ်ဘူးလေ။ ဟိုတုန်းက"

"ဒါဆို . . . ခုရော"

ငြိမ်းက ရှက်စနိုးရယ်ကာ မျက်နှာလွှဲထား၏။

"ဖြေလေကွာ"

"မပြောဘူး။ ရတဲ့အခွင့်အရေးကို ချေးမဆစ်နဲ့"

"ကိုယ့်ကို မညှဉ်းဆဲပါနဲ့ ငြိမ်းရာ"

"ပြောဖို့လိုသေးလို့လား။ သားပဲ မိန်းမရတော့ မယ်"

"လိုတာပေါ့။ ချစ်သူနှုတ်ဖျား ချစ်စကားက ပျားသကာထက် ချိုမြိန်၏လေ"

"အင်း"

"ဘာအင်းလဲ"

"ချစ်တယ်လို့"

"တကယ်"

ပြီးပါပြီ

"တကယ် . . . တကယ်"

ရယ်မောသံလေးနှင့်အတူ မျက်နှာနှစ်ခုက ထိကပ်သွားလေ၏။ လွန်ခဲ့သောကာလတို့သည် လေဟုန်စီး၍ ခရီးပြင်းနှင့်သွားကြပြီမို့ . . .

သစ္စာပန်းခင်းကလေးထဲမှာ မေတ္တာဝတ်ရုံကို နှစ်ယောက်အတူခြုံလို့ . . .

အချစ်တို့နှင့်အတူ . . .

ပွဲရှိသတ်များကို ဝဋာဝရချစ်ခင်လေးစားလျက်

မိုးစက်ပွင့်

မေ ၂၀၁၄ တွင် ထွက်မည့်စာအုပ်များ

မမသဒ္ဒါမောင်
အတိတ်မြစ်ခင်းစိမ်းပေါ်မှ အလွမ်းသင့်အက်ရာမျက်ရည်စက်လေးများ

ကြယ်စင်မှူးဝေ
ဆောင်းခေတ်က လတစ်စင်း

မယ်ခိုင်
နေဝင်ချိန် အာရုက်ဦးဆီသို့

မိုးစက်ပွင့်
မုန်းကြိုးတစ်ပတ် ဖြေလျှော့ပါကွယ်

အလင်းသစ်
မာန၏ ပခုံးထက်၌

စင်တင်ကလောင်ရှင်

ခေတ်ပျိုဖြူ
ငါ့နာမည်ကို တစ်ခါရွတ်တိုင်း...
ပိုးစိုးပက်စက် ခံစားစေရမယ်...